# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၁၈ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၉)




(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ **Photo - ASEAN 2018 Organising Committee**

# (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်

**နေပြည်တော်  မေ  ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားနှင့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များအား အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ရခိုင်ပြဿနာနဲ့ ပတ်သက်ပြီး အရေးယူမှု၊ ဒဏ်ခတ်မှုတို့လုပ်ဖို့ ကျွန်တော်တို့ လက်မခံဘူး ရခိုင်နဲ့ အခြားပြဿနာတွေကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းအရပဲ ဖြေရှင်းဖို့လိုပါတယ်

*ပြည်တွင်းသတင်း စာမျက်နှာ - ၈*

## အရှေ့တောင်အာရှ၌ အိုင်အက်စ်တို့၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရ

*နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄*




မြန်မာ့အလင်း

# အသေးစား ငွေရေးကြေးရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (**The Microfinance Law**) ကို ၂၀၁၁ ခုနှစ်၌ စတင်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေပြဋ္ဌာန်းပြီးနောက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းပေါင်းစုံတို့က မြန်မာနိုင်ငံတွင် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းပေါင်း ၁၇၆ ဖွဲ့အထိ ရှိပြီဖြစ်ပါသည်။ ထိုအဖွဲ့ ၁၇၆ ဖွဲ့တွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (**INGO**) ငါးဖွဲ့၊ အစိုးရမဟုတ်သော (**NGO**) ၂၂ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၃၉ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၀၇ ဖွဲ့၊ အစုစပ်ကုမ္ပဏီ သုံးဖွဲ့တို့ ပါဝင်ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖြစ်ပါသည်။ ဤကဲ့သို့ ရည်ရွယ်ချက်ကောင်းများ ရှိသော်လည်း အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ ပင်မအခက်အခဲမှာ ပမာဏသေးငယ်သောချေးငွေတို့ကို အရေအတွက်များပြားသော ဆင်းရဲချို့တဲ့သည့် ပြည်သူတို့ထံ ဖြန့်ဝေထုတ်ချေးရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့၏ လုပ်ငန်းလည်ပတ်စရိတ်သည် ကြီးမားပါသည်။ ဤသည်၏ နောက်ဆက်တွဲရလဒ်မှာ အသေးစားချေးငွေတို့၏ အတိုးနှုန်းမြင့်မားခြင်းဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသေးစားချေးငွေတို့၏ ပျမ်းမျှဝန်ဆောင်ခအပါအဝင် အတိုးနှုန်းသည် ၃၇ ရာခိုင်နှုန်းခန့်ရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် အသေးစားချေးငွေဖြင့်လုပ်ကိုင်သော လုပ်ငန်းတို့၏ အကျိုးအမြတ်သည် ဝန်ဆောင်မှုအပါအဝင် အတိုးနှုန်းထက် လျော့နည်းပါက ချို့တဲ့သောပြည်သူတို့သည် ပို၍ပို၍ ချို့တဲ့လာမည်ဖြစ်ပါသည်။ တစ်ဖက်၌လည်း အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့သည် ချေးငွေရယူသူ ပြည်သူတို့ကို မစစ်ဆေး၊ မကြီးကြပ်နိုင်ဖြစ်ကြပါသည်။ ဤသို့သောအခြေအနေတို့ကြောင့် ယခုနောက်ပိုင်းကာလတွင် အသေးစားချေးငွေတို့ကို အရေအတွက်များများပေးနိုင်ရေးထက် အသေးစားချေးငွေဖြင့် လုပ်ကိုင်သောလုပ်ငန်းငယ်တို့ ရေရှည်တည်တံ့ခိုင်မြဲရေးအပေါ် ပိုမိုအာရုံစိုက် ဆောင်ရွက်လာကြပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့၏ တခြားသော ပြဿနာတစ်ရပ်မှာ လုပ်ငန်းလည်ပတ်စရိတ်မြင့်မားမှုကြောင့် ဆက်သွယ်သွားလာရေး လွယ်ကူသောဒေသများ၌သာ စုပြုံချေးငွေထုတ်ပေးခြင်းဖြစ်ပါသည်။ ဤသည်၏အကျိုးဆက်မှာ ပုဂ္ဂိုလ်တစ်ဦးတည်းကိုပင် အဖွဲ့ပေါင်းများစွာက အပြိုင်အဆိုင် ထုတ်ချေးကြခြင်း ဖြစ်ပါသည်။ အလွယ်တကူရသောချေးငွေတို့ကို လက်ခံမိ၍ အဆုံးသတ်၌ ဤသို့သောပုဂ္ဂိုလ်တို့သည် ချေးငွေတို့ကို ပြန်မဆပ်နိုင်ဖြစ်ကြပါသည်။ တခြားတစ်ဖက်၌လည်း အမှန်တကယ် ချေးငွေလိုအပ်သော နေရာများသို့ ချေးငွေတို့မရောက်ဖြစ်ရပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့ရသော အဆိုပါပြဿနာတို့ကို မြန်မာနိုင်ငံ၌လည်း ကြုံတွေ့ရပါသည်။

မကြာမီဖွဲ့စည်းမည့် ခရက်ဒစ်ဗျူရိုသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့၏ပြဿနာတချို့ ဖြေရှင်းနိုင်ရေးကို အထောက်အပံ့ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ထို့အပြင် အသေးစားငွေရေးကြေးရေးလုပ်ငန်းအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်ရေးကို ပိုမိုပံ့ပိုး ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အောင်မြင်ရေးကို သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြပါရန် လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

## နေပြည်တော်-မကွေး-ကံပြားလမ်း စလေချောင်းတံတားတည်ဆောက်လျက်ရှိ

**မကွေး ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် နေပြည်တော်-မကွေး-ကံပြားလမ်းပေါ်တွင် စလေချောင်းတံတားကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

နွေရာသီယာယီလမ်းလွှဲဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆောက်ပြီးစီးပါမှ မိုးရာသီတွင် ယာဉ်များသွားလာရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် တည်ဆောက်နေပြီး ထပ်တိုးရန်ပုံငွေရရှိရန် တံတားဦးစီးဌာနမှ မျှော်လင့်လျက်ရှိကြောင်း၊ အကယ်၍ ရန်ပုံငွေ မလုံလောက်ပါက ၂၀၁၉ ခုနှစ် မတ်လခန့်တွင်မှ



တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး မိုးရာသီသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ရန်ခက်ခဲမည်ဖြစ်ကြောင်း တံတားဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးမိစံထံမှ သိရသည်။

အဆိုပါတံတားမှာ သံကူကွန်ကရစ်အမျိုးအစားတံတားဖြစ်ကာ အရှည်ပေ ၂၀၀၊ ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်နှစ်ပေဖြင့် တည်ဆောက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃) ပခုက္ကူမြို့မှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

### ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယနှင့်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ငူ ဧပြီ ၂၈** - ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲနှင့်ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ၁၅ ရက်တိုင်တိုင်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ကြေးသွန်းရုပ်ပွားတော် အာရုံခံတန်ဆောင်းကြီးအတွင်း ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ခရသင်းမှုတ်၍ ပူဇော်ခြင်း၊ ခေါင်းလောင်းကိုးချက်တီးပူဇော်ခြင်းကို သြဝါဒါစရိယဆရာတော်နှင့်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် ဘဏ္ဍာထိန်း ဦးမြင့်အောင်တို့က ဧပြီ ၂၅ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

*ထင်သာမြင်သာ ပြုပြင်စရာ*

## ကူးတို့ဆိပ်ကမ်း ဆိုင်ကယ်တင်ချနေရာ သတ်မှတ်ပေးစေလို



ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရွှေကူမြို့နယ်အတွင်းရှိ ဆင်တပ်ကူးတို့လိုင်းသည် အမှတ်(၃)ဒေါ်မူးရေဆိပ်နှင့် မင်းကျောင်းရေဆိပ် သို့ ခရီးသည်များကို ပို့ဆောင်ရပြီး ဆိုင်ကယ်နှင့် သွားလာသူများက အဆိုပါဆိပ်ကမ်း(ရွှေကူခြမ်းဆိပ်ကမ်း)သည် ကမ်းပါးစောက်ဖြစ်နေသည့်အတွက် ဆိုင်ကယ်အတင်အချပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

ထို့ကြောင့် ဆိုင်ကယ်ဖြင့်ခရီးသွားလာသူများ အဆင်ပြေစေရန်အတင်အချပြုလုပ်နိုင်သောနေရာကို သက်ဆိုင်ရာတာဝန်ရှိသူများက နေရာသတ်မှတ်ပေးရန် ဆင်တပ်ကူးတို့ပိုင်းမှ ဖြတ်သန်းသွားလာကြသော ပြည်သူများက မျှော်လင့်နေကြပြီး နေရာသတ်မှတ်ပေးပါက ခရီးသွားများအဆင်ပြေချောမွေ့ပြီး အချိန်နှင့် တစ်ပြေးညီ လွယ်ကူစွာသွားလာနိုင်ကြမည် ဖြစ်ကြောင်းသိရသည်။

**လဘန်အောင်(ကချင်မြေ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ ·၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၀ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နာဂစ် ၁၀ နှစ်ပြည့် အသိပညာပေးအစီအစဉ်များ ပြုလုပ်မည်

**နေပြည်တော် ဧပြီ ၂၈**

နာဂစ်မုန်တိုင်း ကျရောက်ခဲ့သည့် ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူလူထု အသိပညာပေးအစီအစဉ်များကို **'နာဂစ်လွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာစေရေးဆီသို့'** ခေါင်းစဉ်ဖြင့် မေ ၂ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့မြို့တော်ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*✻ ရှေ့ဖုံးမှ*

(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စင်ကာပူ ကျောင်းသား၊ ကျောင်းသူလေးများ၏ အာဆီယံအထိမ်းအမှတ်သီချင်းစုပေါင်းသီဆိုမှုဖြင့် စတင်ဖွင့်လှစ်ပေးသည်။

**အဖွင့်အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးကျင်းပစဉ်။ Photo - ASEAN2018 Organising Committee

**သွားရောက်လေ့လာ**

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များသည် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံအဆင့်မြင့်မြို့တော်များ သရုပ်ပြရှင်းလင်းပွဲ (ASEAN Smart Cities Showcase)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် (၃၂) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၏ သီးသန့်အစည်းအဝေးကို ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ မူဆာဟီတန်တို့ တက်ရောက်ကြသည်။

**နေ့လယ်စာစားပွဲ တက်ရောက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် စင်ကာပူနိုင်ငံဝန်ကြီးချုပ်က အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**သီးခြားစီတွေ့ဆုံ**

ထို့ပြင် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဘရူနိုင်းဘုရင်တို့နှင့် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် မွန်းလွဲပိုင်းတွင် လည်းကောင်း ရှန်ဂရီလာဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအား စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန် အိုချာနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အရေးကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုနှင့် တရားမဝင်ကုန်စည်ပို့ဆောင်မှုများကို ပူးတွဲနှိမ်နင်းရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအား ဆောလျင်စွာ အကောင်အထည်ဖော်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ-ထိုင်း ဒုတိယမြောက် ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးနှင့် စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုတွင် ပါဝင်အထောက်အကူပြုရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ် ဇာဒင် ဝါဒူလာအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ် ဇာဒင် ဝါဒူလာနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် သွားရောက်နိုင်ရေးကိစ္စ၊ ဘရူနိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပညာသင်ဆုများ၊ လေ့လာရေးခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ဆက်လက်ထောက်ပံ့ပေးရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဘရူနိုင်းဘုရင်က နိုင်ငံတော်သမ္မတအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဘရူနိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နိုင်ငံခေါင်းဆောင်ကြီးများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗီယက်နမ်သမ္မတ ဟိုချီမင်းတို့ လက်ထက်ကပင် စတင်တည်ထောင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရန်ကိစ္စ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ပြီးဖြစ်ပါ၍ နှစ်နိုင်ငံအကြား နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရည်မှန်းချက်သို့ တိုးမြှင့်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန် အိုချာတို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။ သတင်းစဉ်

**ပြန်လည်ထွက်ခွာ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှအထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား စင်ကာပူနိုင်ငံ Senior Minister of State in Ministry of Health and Ministry of Transport Dr. Lam Pin Min၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဒွေးအောင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Ms.Vanessa Chan နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါ**

နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

# ပြည်လုံးချမ်းသာဆုတောင်းပြည့် မဟာဓာတုစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူ

**နေပြည်တော် ဧပြီ ၂၈**

ပြင်ဦးလွင်မြို့ အနီးစခန်း ဓာတ်တော်ကျောင်းတိုက်အတွင်းရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့်မဟာဓာတုစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့မဟာဝိဇိတာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်၊ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာ ဘိဝံသ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်စလင်းကျောင်းတိုက်သစ် ဘာဝနာဌာနပဓာနနာယက ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်အား လည်းကောင်း၊ အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား လည်းကောင်း အသီးသီးပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များအား စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်တော်အတွင်း ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ရွှေထီးတော်တင်လှူပူဇော်မှုအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်အား စေတီတော်အထွတ်သို့ ပင့်ဆောင် တင်လှူပူဇော်စဉ်။** သတင်းစဉ်

# မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေး ဆွေးနွေး

**ရန်ကုန် ဧပြီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ရုံး၌ မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေးအတွက် စာတည်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စာပေဗိမာန်မှ စာတည်းအဖွဲ့များ တက်ရောက်ကြသည်။

မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ စာပေဗိမာန် စာတည်းမှူး ဦးစိုးမြင့်သန်းက “ပထမစလုပ်တဲ့ အတွဲ(၁) အနေနဲ့ ပါဝင်မယ့် “က” တည်ပုဒ်ကို ဆောင်ရွက်ရာမှာ အခက်အခဲလေးတွေ ဖြေရှင်းဖို့ ဝန်ကြီးက လမ်းညွှန်ထားတာရှိပါတယ်၊ အဲဒီအတွက် အစည်းအဝေးလုပ်ခြင်း ဖြစ်ပါတယ်၊ စာတည်းအဖွဲ့အနေနဲ့ ဆောင်ရွက်ပြီးသလောက် ပြီးသွားပါပြီ၊ “က”တည်ပုဒ် ၇၄၄ ခန့်ရှိတဲ့နေရာမှာ ၂၇၀ လောက်က ပြီးသွားပါပြီ၊ လာမယ့် ဇွန်လမှာ ၄၀၀ လောက်ပြီးအောင် ဆောင်ရွက်ပါမယ်၊ ဖြစ်နိုင်ရင် စက်တင်ဘာလမှာ အတွဲ(၁) စာအုပ် ထွက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ အကြောင်းအရာတစ်ခုကို ရေးမယ်ဆိုရင် စံသတ်မှတ်ချက်ဆိုတာရှိပါတယ်၊ ဥပမာ - မြို့ ရွာ၊ ဒေသတွေအကြောင်း ရေးမယ်ဆိုရင် တည်နေရာ၊ မြေမျက်နှာပြင်၊ ရာသီဥတု၊ လူဦးရေ ပါမယ် စသဖြင့် စံသတ်မှတ်ပါတယ်၊ ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေအကြောင်းရေးမယ်ဆိုရင် သူက အသက်ဘယ်လောက်မှာ နိုင်ငံအတွက် ဘာတွေလုပ်ခဲ့သလဲ၊ ပုဂ္ဂလိကအနေနဲ့ ဘာတွေလုပ်ခဲ့သလဲ၊ လောကနဲ့ လူသားအကျိုးပြုလုပ်ငန်း ဘာတွေလုပ်ခဲ့သလဲ အစရှိသဖြင့်ပေါ့၊ သူ့ရဲ့ ထူးချွန်ထင်ရှားတဲ့ အကြောင်းအရာတွေနဲ့ စွယ်စုံကျမ်းမှာ ပါသင့် ပါထိုက်တဲ့ ပုဂ္ဂိုလ်တွေပါဖို့အတွက် ဒီ စံသတ်မှတ်ချက်ပေါ့၊ အဲဒီလိုမျိုးတွေ ဆက်လက်ဆောင်ရွက်ဖို့အတွက် အစည်းအဝေးလုပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။

“အရင် စွယ်စုံကျမ်းနဲ့ မတူပါဘူး၊ စွယ်စုံကျမ်းထွက်ခဲ့တာ ၁၉၅၄ ခုနှစ်ဆိုတော့ တော်တော်လေးကြာနေပြီ၊ နှစ်ပေါင်း ၆၀၊ ၇၀ ရှိသွားပြီဆိုတော့ အကြောင်းအရာတွေကလည်း အသစ်တိုးလာတာ အများကြီးရှိတယ်၊ ဥပမာ မူလစွယ်စုံကျမ်းမှာဆိုရင် ကွန်ပျူတာဆိုတဲ့အကြောင်း မပါဘူး၊ ဒီနေ့အချိန်မှာ ကွန်ပျူတာအကြောင်းတွေ ပါလာမယ်၊ နောက်တစ်ခုက ၁၉၅၀ ကျော် ကာလတစ်ဝိုက်က မရှိသေးတဲ့အကြောင်းတွေ ဒီဘက်မှာ ပြန်ထည့်ပါမယ်၊ တချို့ အကြောင်းတွေကို နည်းနည်းထည့်ပြီး တချို့အကြောင်းအရာတွေ ဖြုတ်သင့်တာ ဖြုတ်မယ်၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ဘာသာပညာမှာ ကျွမ်းကျင်တဲ့ပညာရှင်ပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ပါဝင်တဲ့အကြောင်းအရာတွေက တိကျပါတယ်၊ ခိုင်လုံပါတယ်၊ မြန်မာ့စွယ်စုံကျမ်းအင်အားနဲ့ လျော်ညီတဲ့ စွယ်စုံကျမ်း ဖြစ်လာမယ်လို့ ပြောချင်ပါတယ်။

“မြန်မာ့စွယ်စုံကျမ်းလုပ်ဖို့ သန္ဓေတည်ခဲ့တာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကပါ၊ တကယ်လက်တွေ့အလုပ်လုပ်တာက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကစပြီး ယနေ့အထိ လုပ်ခဲ့ပါတယ်၊ အရင်လုပ်ခဲ့တဲ့သူတွေကို မမီပါဘူး၊ ဒီဘက်မှာ စွယ်စုံကျမ်း ပြန်လုပ်တယ်ဆိုတာ တော်တော်လေး ကျယ်ပြန့်ခက်ခဲပါတယ်၊ ဘာကြောင့်လဲဆိုတော့ စာကြည့်တိုက်ပညာပါတယ်၊ အကြောင်းအရာပါတယ်ဆိုတော့ မြေစမ်း ခရမ်းပျိုးပုံစံမျိုး ပြန်လုပ်နေရတယ်၊ ပုံစံက အသားမသေနိုင်သေးဘူး၊ တဖြည်းဖြည်းနဲ့ ဒီစာအုပ်တွေက အတွဲလိုက်ထွက်လာမှာပါ၊ ရှေ့အခက်အခဲတွေကို ကျော်လွှားတတ်သွားမယ်ဆိုရင် နောက်ပိုင်းမှာ အတွဲတွေမှာ ထွက်ရှိဖို့ မြန်သွားမှာပါ၊ အတွဲ(၁)ကို စက်တင်ဘာလမှာ ဖြစ်အောင်လုပ်မယ်လို့ စိတ်ကူးထားပါတယ်”ဟု ပြောသည်။



ဦးစိုးမြင့်သန်း (စာပေဗိမာန် စာတည်းမှူး)





ဦးဇေယျာ မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေးကော်မတီ အတွင်းရေးမှူး



မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ယူရေးတွင် ဦးဆောင်ကော်မတီတွင် ပညာရှင် ကိုးဦး၊ အတိုင်ပင်ခံအဖွဲ့တွင် ၁၉ ဦး၊ စာတည်းအဖွဲ့တွင် ၁၀ ဦး၊ စာပေဗိမာန် စာတည်းအဖွဲ့၊ ထွန်းကော်မာရှယ်ဖောင်ဒေးရှင်း စာတည်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်ဌာနက တွဲဖက်ဝန်ထမ်း သုံးဦး၊ စာပေလက်ထောက်က သုံးဦး ပူးပေါင်းဆောင်ရွက်ပြီး ဘာသာရပ်အလိုက် နယ်ပယ်အသီးသီးက ပညာရှင် ၁၂၄ ဦး အရန်ထားရှိကြောင်း သိရသည်။

မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေးကော်မတီ အတွင်းရေးမှူး ဦးဇေယျာက “မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်နဲ့ပတ်သက်ပြီး (၂၀) ရာစုမှာ ရသစာပေဖြစ်တဲ့ ဝတ္ထုရှည်ပါမယ်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ အက်ဆေးပါမယ်၊ ဒီနေ့ ဆွေးနွေးသွားတာက ဝတ္ထုရှည်နဲ့ပတ်သက်ပြီး မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ် အတွဲ(၁)အတွက် ဝတ္ထုရှည် သုံးအုပ်၊ အဲဒီသုံးအုပ်ကို ဒီနေ့အတည်ပြုတယ်၊ အမှာစာရေးတယ်၊ ဒီစာအုပ်ကို တည်းဖြတ်မှာက ဆရာဦးအေးချို(မဟာဝိဇ္ဇာ) ဖြစ်တယ်၊ စာတည်းမှူးဖြစ်တဲ့ ဆရာမောင်ခင်မင်(ဓနုဖြူ)က စာစဉ် တစ်ခုလုံးနဲ့ပတ်သက်ပြီး အမှာစာရေးမယ်၊ ဒီစာအုပ်ကို မျက်နှာဖုံးလည်း လုပ်ပြီးပြီ၊ ရိုက်ဖို့ အဆင်သင့်ရှိနေပြီ၊ အတွဲ(၁)မှာ ဂျိမ်း(စ်)လှကျော်ရေးတဲ့ မောင်ရင်မောင် မမယ်မ၊ ဝန်စာရေး ဦးကြီး ရေးတဲ့ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း၊ မအေးခင်ရေးတဲ့ ချစ်ရိုးအမှန် ဒီသုံးအုပ်က အကုန်လုံး အဆင်သင့်ဖြစ်နေပြီ။

“အတွဲ(၂)မှာ ဆရာကြီးရွှေဥဒေါင်းရဲ့ရတနာပုံ၊ ဦးလတ်ရဲ့ ရွှေပြည်စိုး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မှာတော်ပုံ အဲဒီဝတ္ထုတွေပါမယ်၊ ဝတ္ထုရှည် စာစဉ်(၃)တွဲအထိ စီစဉ်နေပါပြီ၊ ဝတ္ထုရှည်က လျာထားတာ ၈၁ အုပ်ရှိတယ်၊ ဝတ္ထုရှည်ကို ထပ်ဖြည့်ဖို့ အစီအစဉ်ရှိတယ်၊ ဝတ္ထုရှည်ပြီးရင် ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ အက်ဆေးတို့ကို ကော်မတီတွေဖွဲ့ပြီး ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်နေပါတယ်၊ ဝတ္ထုရှည်ကို လေ့လာမယ်ဆိုရင် ဝတ္ထုရှည်လောကမှာ ခေတ်အဆက်ဆက် ဂန္ထဝင်မြောက်တဲ့ ဝတ္ထုတွေ ဒါတွေက မတိမ်ကောနိုင်ဘူး၊ ရသပိုင်းရော၊ သုတပိုင်းပါ ဒါတွေက ဂန္ထဝင်မြောက်တဲ့ ဝတ္ထုတွေကို အလေးပေးပြီး ရွေးချယ်ပေးထားတာပါ၊

“ခေတ်အဆက်ဆက်က ပညာရှင်တွေရေးခဲ့တဲ့ ဝတ္ထုရှည် စာတမ်းတွေကို ဖတ်တယ်၊ ဖတ်ပြီး ဘယ်ဝတ္ထုတွေက ဂန္ထဝင်မြောက်သလဲ သတ်မှတ်ထားတာရှိတယ်၊ စာဖတ်ပရိသတ်အားလုံးကို မျှပြီး ဘယ်အချိန်ပဲဖတ်ဖတ် မရိုးနိုင်တဲ့ဝတ္ထုရှည်မျိုး၊ အဲဒီလို အရည်အချင်းမျိုးနဲ့ပြည့်တဲ့ ဝတ္ထုရှည်တွေကို အားလုံးရဲ့ သုံးသပ်ချက်နဲ့ ရွေးချယ်ခဲ့တယ်၊ ဝတ္ထုရှည်က အနည်းဆုံး ၁၆ တွဲ၊ ၁၇ တွဲအထိ ထွက်ရမှာပါ၊ ဖြစ်နိုင်မယ်ဆိုရင် တစ်လကို နှစ်အုပ်နှုန်းထွက်ဖို့ လျာထားတယ်၊ စာမျက်နှာ ၅၀၀ နဲ့ ၆၀၀ ကြားမှာ ထွက်ရမယ်၊ ပြီးရင် ဒီဝတ္ထုနဲ့ပတ်သက်ပြီး သုံးသပ်ချက်၊ လေ့လာချက်၊ နိဒါန်းရှည်တို့ ရေးရမယ်၊ ပညာရှင်အားတော့ နည်းနည်းလိုမယ်၊ အတွဲ(၁)နဲ့ (၂)အတွက် အဆင်သင့်ဖြစ်နေပါတယ်၊ ဒီနှစ်ထဲမှာ ဝတ္ထုရှည်က စဉ်ဆက်မပြတ် ထွက်သွားမှာပါ”ဟု ပြောသည်။

မူပိုင်ခွင့်အနေဖြင့် ယင်းဂန္ထဝင်ဝတ္ထုရှည်များကို ရေးခဲ့သည့် ပုဂ္ဂိုလ်များ သက်ရှိထင်ရှားရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ၎င်းတို့၏ မိသားစုဝင်များကို စာမူခ ၁၅ ရာခိုင်နှုန်း၊ စာတည်းအဖွဲ့နှင့် ရွေးချယ်ရေးအဖွဲ့ကို ၅ ရာခိုင်နှုန်း ချီးမြှင့်သွားရန် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# မဟာဗောဓိပူဇာ ညောင်ရေသွန်းပွဲတော်

**ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)**

မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့နံနက် တစ်ချက်တီးအချိန်တွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူပြီး သဗ္ဗညုတဘုရားအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာပွင့်ထွန်းပေါ်ပေါက်လာသည်မှာ ယခုလာမည့် ကဆုန်လပြည့်နေ့ဆိုလျှင် နှစ်ပေါင်း ၂၆၀၆ ခုနှစ်ပင် ပြည့်ပြီဖြစ်သည်။

ကဆုန်လသည် မြန်မာ့ပြက္ခဒိန်၏ ဒုတိယမြောက်လဖြစ်သည်။ နွေရာသီ၏ ဗဟိုချက်မကျသောလလည်း ဖြစ်သည်။ အပူရှိန်ပြင်းထန်လှသောကြောင့် "ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်၊ တန်ခူးရေကုန် ကဆုန်ရေခန်း" စသည်ဖြင့် ခေါ်ဆိုခံရသောလလည်း ဖြစ်သည်။ ပြိဿရာသီဖြစ်၍ ဝိသာခါနက္ခတ်ထွန်းကားသည်။ ရာသီရုပ်မှာ နွားလားဥသဘဖြစ်သည်။ ညောင်ရေသွန်းပွဲတော်ကျင်းပ၍ စံကားဝါပန်းသည် ရာသီပန်းဖြစ်သည်။ ညတာတိုပြီး နေ့တာရှည်သောလလည်း ဖြစ်သည်။

ကဆုန်လဟူသောအမည်နှင့် စပ်လျဉ်း၍ ဝေါဟာရလီနတ္ထဒီပနီ၌ "ကံဥဒကံဆိန္ဒတိတိကဆိနံ" ဟု ဝနေတ္ထရသည်။ သောမာသော-အကြင်လသည်၊ ကံဥဒကံ-ရေကို၊ ဆိန္ဒတိ-ဖြတ်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ သောမာသော-ထိုလသည်၊ ကဆိနံ-ကဆုန်မည်၏။ မြစ်၊ ကန်၊ ချောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာဘာသာ၌ "ကု" သို့မဟုတ် "က" သည် "ရေ" ကိုဟောကြောင်း၊ "စုန်" သို့မဟုတ် "ဆုန်" သည်သွန်းလောင်းခြင်းကို ဟောကြောင်း၊ ထို့ကြောင့် ကဆုန်လသည် "ရေသွန်းလ"၊ "ရေလောင်းလ" မည်ကြောင်း ပညာရှင် ဦးဖိုးလတ်က မိန့်ကြားခဲ့သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့တွင် မြန်မာပြည်နေရာအနှံ့အပြားတွင် ကျင်းပလေ့ရှိကြသည်။ ညောင်ရေသွန်းပွဲတော်မှာ မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကို ရေစင်သွန်းလောင်းခြင်း ဖြစ်ပါသည်။ ကဆုန်လသည် မြန်မာပြည် ရာသီဥတုအရ ပူပြင်းခြောက်သွေ့လျက်ရှိတတ်ရာ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိညောင်ပင်သည်လည်း ညှိုးနွမ်းနေတတ်လေသည်။ သို့ဖြစ်၍ လန်းဆန်းစေခြင်းငှာ ညောင်ရေသွန်းလောင်းကြခြင်း ဖြစ်သည်။ တစ်ဖက်မှလည်း ကဆုန်လပြည့်နေ့တွင် ကျင်းပကြခြင်းမှာ ကဆုန်လပြည့်နေ့သည် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံလွန်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

မြတ်ဗုဒ္ဓနှင့် မဟာဗောဓိပင်သည် ခွဲခြား၍ မရပေ။ မဟာဗောဓိပင်သည် ဘုရားရှင်၏ သင်္ကေတဖြစ်သည်။ ထို့ပြင် ဖွားတော်ဖက်တစ်ဦးလည်း ဖြစ်သည်။ ထိုဗောဓိပင်အောက်မှာပင် သုံးလောကထွတ်ထား၊ သဗ္ဗညုမြတ်ဘုရားအဖြစ်ရောက်ရှိတော်မူသည်။ ထို့ကြောင့် မဟာဗောဓိပင်သည် ဘုရားရှင်၏ သေနာသန (ကျောင်း) ဖြစ်ခဲ့၍ ပရိဘောဂစေတီအဖြစ် ဘုရားရှင်ကဲ့သို့ပင် ရှိခိုး၊ ပူဇော်ခြင်းကို ခံထိုက်ပေသည်။ ဤမျှကျေးဇူးကြီးမားသော ဗောဓိပင်ကို ဘုရားရှင်သည် ဘုရားဖြစ်တော်မူစကပင် ခုနစ်ရက်ပတ်လုံး၊ မမှိတ်မသုန်ကြည့်တော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူသည်။

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ လူအများသည် ဘုရားရှင်ထံ လာရောက်ဖူးမြော်ကြသည်။ သို့သော် အချို့မှာ ဘုရားရှင်ဒေသစာရီကြွချီတော်မူခိုက်နှင့် ကြုံ၍ မဖူးမြော်လိုက်ကြရပေ။ ထို့ကြောင့် ဘုရားရှင်သည် မိမိကိုယ်စား အဖူးမြော်ခံနိုင်ရန် မူလဗောဓိပင်မှ မျိုးစေ့ကို ဆောင်ယူစိုက်ပျိုးစေသည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရုတ်ခြည်းပေါက်လာသော ထိုညောင်ပင်အောက်၌ ဘုရားရှင်သည် တစ်ညတာ နိရောဓသမာပတ် ဝင်စားတော်မူသည်။ ပသေနဒီကောသလမင်းကြီး၊ အနာထပိဏ်သူဌေး၊ ပုဏ္ဏားသူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ်တို့သည် ထိုမဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်တော်တိုင်အလား ပန်း၊ နံ့သာ၊ ဆီမီး စသည်တို့ကို နေ့စဉ်ပူဇော်ကြသည်။ ပူရှိန်ပြင်းသည့် ကဆုန်လသို့ ရောက်သောအခါ မင်းနှင့်ပြည်သူတို့သည် မဟာဗောဓိပင် မညှိုးလျော်စေရန် ရေသွန်းပူဇော်ပွဲသဘင်ကို ကျင်းပကြ၏။ ထိုအချိန်မှစ၍ ကဆုန်ညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာဟန်ရှိသည်။

ပုဂံခေတ်ကတည်းကပင် မြန်မာနိုင်ငံတွင် ညောင်ရေသွန်းပွဲတော်များ ကျင်းပနေပြီဖြစ်ကြောင်း သိသာပေသည်။ အတိအကျအခိုင်အမာအားဖြင့်ဆိုသော် 'က(မိ)နိပယ်ကူလေပြီအော်၊ ညောင်မိဖုန်' ဟူသော သက္ကရာဇ် ၅၆၃ ခု ထိုးသင်ကြီး ညောင်အုပ်ကျောက်စာ (ကျော-၂-၃) နှင့် 'မိဖုန်၊ သကြ်န်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိလျှင်တ်အ်' ဟူသော သက္ကရာဇ် ၆၅၂ ခုနှစ်စွဲ ပုဂံမြို့ စောလုဝန်းဘုရားကျောက်စာ (ကျော-၂၂-၂၃) အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များ ရှိနေပြီဖြစ်ကြောင်းနှင့် ညောင်ရေသွန်းပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်၌ ပင်းယတွင် နန်းတက်ခဲ့သည့် ဥဇနာမင်းသည် သာသနာတော်ကို လွန်စွာကြည်ညိုမြတ်နိုးတော်မူသဖြင့် မင်းအဖြစ်သို့ ရောက်သည့်အချိန်မှာပင် 'ပင်ကြားအရပ်' ၌ ဇမ္ဗူကမည်သော ကျောင်းမတော်ကြီးနှင့်တကွ အရန်ကျောင်း ခြောက်ဆောင်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ထိုကျောင်းတော်များကို စံကားသားဖြင့် အသုံးပြုဆောက်လုပ်သောကြောင့် စံကားခုနစ်ကျောင်းဟု အမည်တွင်ခဲ့သည်။



ဥဇနာမင်းသည် ပုဂံပြည် အလောင်းစည်သူမင်း၏ မြေးတော် နရပတိစည်သူမင်းကြီး ကိုးကွယ်တော်မူခဲ့သော မဟာဗောဓိမျိုးစေ့များကို ယူဆောင်လျက် စံကားခုနစ်ကျောင်းအတွင်း ကိုယ်တော်တိုင်စိုက်ပျိုးတော်မူခဲ့သည်။ ထိုဗောဓိပင်များကို စောင့်ရှောက်ရန် ဝတ္ထုကံမိုးမြေနှင့်တကွ အလုပ်အကျွေးများကိုပါ လှူဒါန်းခဲ့သည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း ကဆုန်လရောက်လျှင် ညောင်ရေသွန်းပွဲတော်များကိုလည်း အစဉ်တစိုက် ကျင်းပစေခဲ့သည်။

ဥဇနာမင်းမှစ၍ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပခဲ့ရာ ယခုကာလတိုင်အောင်ပင် ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် မင်းပြုသော စစ်ကိုင်းမင်းမှစ၍ ရတနာပူရစတုတ္ထမြို့တည်၊ နန်းတည်မင်းလက်ထက်တိုင် အမှုထမ်းခဲ့ရသော ဝက်မစွတ်မြို့စားမင်းနဝဒေး ရေးစပ်သီကုံးသည့် 'လောကဝိဒူ' မော်ကွန်း၌ ထိုခေတ် ထိုအချိန်က ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ပုံကို ပေါ်လွင်အောင် ရေးသားဖွဲ့ဆိုထားပါသည်။

'....မိဿစက်ဦး၊ ကူးခဲ့ခေါက်တုံ့၊ နှလုံးတပါဒ်၊ နက္ခတ်မမှီ၊ ရာသီပြိဿ၊ ဒုတိယဟု၊ ကြတိန္တကနဝင်း၊ ပါဒ်ဖြင့်ချဉ်း၍၊ တနင်္ဂနွေကျော်၊ ဦးခေါင်းပေါ်သော်၊ ပူဇော်ညွှတ်တုပ်၊ ရှစ်ပန်းဆုပ်ဖြင့်၊ လက်ခုပ်တဖြောက်၊ သေံထောက်လျက်၊ ဆယ့်ခြောက်ဌာနီ၊ တစ်ရာသီဝယ်၊ ဝဇီရာခေါင်၊ ရွှေညောင်ဗောဓိ၊ ဒက္ခိသာခါ၊ ရုပ်ရှင်လှနှင့်၊ ဝဇီယရံသီ၊ သရီမွေပုံ၊ ရွှေစည်းခုံလည်း၊ ဖြာတုံတသန်း၊ နေ့ညဥ့်ထွန်းသား၊ ဘက်ကျွန်းမင်းသား၊ ကိုးကွယ်ရာကို၊ ဒီပါဇမ္ဗူ၊ ရွှေပြည်သူတို့၊ ဆုယူရွှင်လန်း၊ တင်လှူဒါန်း၍၊ တိမ်ပန်း ပဇ္ဇုန်၊ ချိန်မှဲ့သုန်သည်၊ ကဆုန်ရွှေညောင်၊ ရေသွန်းတည်း' ဟု ကဆုန်လဖွဲ့ကို ရေးသားစပ်ဆိုခဲ့ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲနှင့် စပ်လျဉ်း၍ စာပန်းချီရေးသီဖွဲ့ခဲ့သူတစ်ဦးမှာ ဟံသာဝတီမင်း၏ ခမည်းတော် တနင်္ဂနွေမင်း လက်ထက်တွင် ထင်ရှားလှသောစာဆိုတော် ဆည်သည်ရွာစား ဦးအောင်ကြီး ဖြစ်သည်။ စာဆိုတော် ဦးအောင်ကြီး ရေးဖွဲ့ခဲ့သော ကဆုန်လဖွဲ့လူးတားတစ်ပုဒ်ကို ဖော်ပြလိုပါသည်။

'....သာစွလေ၊ ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြိဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဇ္ဈူလှရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလွန်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လည်သဒ္ဒါ၊ ငြိမ်းကြောင်းရှာသည်။ အခါညောင်ရေသွန်းတည့်လေး။ ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝ နန်းတည်လေး'

သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်တော်မူလာသော မဟာဗောဓိပင်ကြီး၏ သားတော်အစစ်ဖြစ်သော ဒက္ခိဏသာခါ မဟာဗောဓိပင်တော်ကို ရတနာပုံနေပြည်တော် တောင်ပြင်ဗောဓိပင်ကုန်းအရပ်၌ သာသနာသက္ကရာဇ် ၂၄၀၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ နေ့တစ်ချက်တီးကျော်၊ ၃ နာရီ ၂ ပါဒ်၊ ၅ ဗီဇနာအချိန်၌ အမြောက်သံသုံးချက်ပေး၍ မြေမျိုး၊ ရေမျိုးစုံတို့ဖြင့်၊ ပတ္တမြားငါးရစ်စီ၊ အပေါက်တစ်ထောင်ပါသော ရွှေဖျဉ်းကြီးခံ၍ ဘဝရှင်မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

ညောင်ရေသွန်းပွဲတော်သည် ကဆုန်လ၏ ရာသီပွဲတော် သာမက ဘာသာရေးပွဲတော်လည်း ဖြစ်သည်။ ဗုဒ္ဓပူဇနိယပွဲတော်များအနက် မဟာဗောဓိပူဇာပွဲတော် ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားရာ နေရာတိုင်း၌ "သာသနာတော်အစ မဟာဗောဓိပင်က" ဟူသော တူညီသောရည်ရွယ်ချက်ဖြင့် မဟာဗောဓိပင်အား ဘုရားရှင်ကိုယ်တိုင်အလား အမွှေး၊ နံ့သာရေများဖြင့် သွန်းလောင်းပူဇော်ကြသည်။ ထေရဝါဒ မြန်မာနိုင်ငံတွင်လည်း ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ညောင်ရေသွန်းလောင်းမည့်သူများသည် ဗောဓိပင်အနီး၌ သံဃာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ သံဃာတော်များရွတ်ဆိုတော်မူကြသော "အနေကဇာတိသံသာရံ" အစရှိ ဥဒါန်းဂါထာများနှင့် "ဇယန္တော ဗောဓိယာမူလေ" အစရှိ အာသီသဂါထာများကို နာယူကြရသည်။ ထို့နောက် ဗောဓိပင်ကို ဝန်းရံလျက် အမွှေး၊ နံ့သာရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြရသည်။ မန္တလေးမြို့ ဗောဓိကုန်းအရပ်ရှိ မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိပင်ပူဇော်ပွဲမှာ ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပေသည်။ အမရပူရမြို့ ရွှေကြက်ယက်ဘုရား ညောင်ရေသွန်းပွဲတော်သည်လည်း လွန်စွာမှ စည်ကားလှပေသည်။

၂၆ ရက်၊ မေလ၊ ၁၉၅၆ ခုနှစ်တွင် ကျရောက်ခဲ့သည့် ကဆုန်လပြည့်နေ့ ရွှေတိဂုံစေတီတော် ညောင်ရေသွန်းပွဲတော်သို့ နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ပါလီမန်ခေတ် ၁၉၅၆ ခုနှစ် (၁၃၁၈ ခုနှစ်)၊ ကဆုန်လပြည့်နေ့တွင်ကျရောက်မည့် ညောင်ရေသွန်းပွဲတော်မတိုင်မီကပင် သတင်းစာ၌ အသင်းအဖွဲ့များ ကြိုတင်စာရင်းပေးကြရန် ကြေညာခဲ့သည်။ ၃-၅-၁၉၅၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် အောက်ပါအတိုင်း ကြော်ငြာထည့်သွင်းခဲ့သည်။

### ရွှေတိဂုံကဆုန်ညောင်ရေသွန်းပွဲ


ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကဆုန်လပြည့်နေ့တွင် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ညောင်ရေသွန်းလောင်းရန် တက်ရောက်လိုသော အသင်းအဖွဲ့များသည် အချိန်နာရီနှင့်တကွ မိမိတို့၏ အသင်းအဖွဲ့ကို ဦးစီးအုပ်ချုပ်သူ တာဝန်ခံလူကြီး နှစ်ဦး အမည်နှင့်တကွ အသင်းသားဦးရေပါ နေရပ်အပြည့်နှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့ရုံးသို့ ၁၃၁၈ ခု၊ ကဆုန်လဆန်း (၆) ရက် (၁၅-၅-၅၆) နေ့ထက်နောက်မကျဘဲ စာရင်းပေးသွင်းကြစေလိုကြောင်း။ ကျွဲခတ်ပွဲနှင့် မယဉ်ကျေးသော အကအခုန်တို့ကို ခွင့်ပြုလိမ့်မည်မဟုတ်ဟု ဆိုင်ရာမှ သတင်းရရှိလေသည်ဟူ၍ ဖြစ်ပါသည်။

ပါလီမန်ခေတ် ရွှေတိဂုံစေတီရင်ပြင်ထက်မှ ကဆုန်ညောင်ရေသွန်းပွဲတော်မြင်ကွင်းကို ထိုခေတ်ကာလ (၂၇-၅-၁၉၅၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ရွှေတိဂုံညောင်ရေပွဲမကြုံစဖူး စည်ကားခြင်း၊ လူသွားလူလာများပြားသဖြင့် လမ်းများပိတ်ဆို့နေမှုကြောင့် သမ္မတကြီး အရောက်နောက်ကျရခြင်း ညောင်ရေသွန်းလောင်းပြီး သမ္မတက ဗုဒ္ဓနေ့အခမ်းအနား၌ ဓမ္မာရုံကြီး နာမည်သစ်ပေးပုံ ဗုဒ္ဓဇယန္တိဓမ္မာရုံ ရွှေတိဂုံစေတီတော် အင်္ဂါထောင့်ရှိ ဗောဓိပင်၌ ညောင်ရေသွန်းလောင်းသည့် ညောင်ရေသွန်းပွဲတော်နှင့် အလယ်ပစ္စယံတွင် ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓနေ့အခမ်းအနားများသည် ကဆုန်လပြည့်နေ့က ကျင်းပပြီးစီးသွားပြီဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းအဖွဲ့များသည် အတီးအမှုတ်များဖြင့် လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ တက်ရောက်သွန်းလောင်းကြသော ဗုဒ္ဓဘာသာဝင် အမျိုးသမီး၊ အမျိုးသားများ ဘုရားဖူးများ ဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်သူများဖြင့် ပြည့်ကျပ်လျက်ရှိတော့ကြောင်း၊ အထူးသဖြင့် ရွှေတိဂုံစေတီတော်တွင် လပြည့်နေ့၌ တောကျေးလက်နှင့် ပြည်နယ်များမှ ဘုရားဖူးများဖြင့် ပိုမိုစည်ကားပြီး ဘုရားပွဲတော်မီကာ အလှူခံကြသည့် အလှူခံအမျိုးမျိုး၊ ဈေးသည်အမျိုးမျိုး၊ စာအုပ်ရောင်းသူအမျိုးမျိုးတို့ဖြင့် ပြည့်ကျပ်လျက်ရှိကြောင်း၊ ရန်ကုန်ရဲအဖွဲ့က စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိသော်လည်း လမ်းပန်းအုပ်ချုပ်ရေးတွင် လမ်းပိတ်ဆို့မှုများကြောင့် နိုင်ငံတော်သမ္မတကြီးသည် နံနက်ပိုင်း ညောင်ရေသွန်းရာ၌ လည်းကောင်း၊ ညနေပိုင်း ဗုဒ္ဓနေ့ပူဇော်ပွဲ အခမ်းအနားတွင် လည်းကောင်း ချိန်းဆိုထားသော အချိန်နာရီများထက် နောက်ကျ၍ ရောက်ရှိလာကြောင်းတို့ကို ဖော်ပြထားပါသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးမြတ်ဆုံးနေ့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလသည် ဘုရားရှင် ဗျာဒိတ်တော်ရသောနေ့၊ ဘုရားရှင်မီးရှူးသန့်စင် ဖွားမြင်တော်မူသောနေ့၊ ဖွားဖက်တော် မဟာဗောဓိပင်ပေါက်ရောက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ စသည်တို့ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့အား ဗုဒ္ဓနေ့အဖြစ် အထွတ်အမြတ်ထား၍ ဥပုသ်သီလဆောက်တည်ပြီး ကုသိုလ်ကောင်းမှုများပြုကာ ညောင်ရေသွန်းပွဲတော် ကျင်းပကြခြင်း ဖြစ်ပေသည်။ **ယခုအခါ ကုလသမဂ္ဂက တစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပြီးလည်း ဖြစ်သည်။** ။

**"ကဆုန်ညောင်ရေသွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့တွင် မြန်မာပြည်နေရာအနှံ့အပြားတွင် ကျင်းပလေ့ရှိကြသည်။ ညောင်ရေသွန်းပွဲတော်မှာ မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကို ရေစင်သွန်းလောင်းခြင်းဖြစ်"**



# "ကုလသမဂ္ဂနှင့် နိုင်ငံတကာအစည်းအဝေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေး"

◆ *ကျော်ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံအကြား ဆက်ဆံရေးတွင် ခင်မင်ရင်းနှီးမှုနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုတို့ကို သံတမန်ဆက်သွယ်မှု တည်ထောင်သည့်အချိန်မှစ၍ ရှိခဲ့သဖြင့် အားရကျေနပ်မိကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစည်းအဝေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံတို့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် "Honoring brands in cultural activities and international integration"ဖျော်ဖြေပွဲကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ **(ယာပုံ)**

ဖျော်ဖြေပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E. Dr. Luan Thuy Duong တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ဖျော်ဖြေပွဲကို စတင်ရာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ အနုပညာရှင်များက နတ်တို့ပျော်ရာ ဝတီသာ ယိမ်းအက၊ ခေတ်ခြောက်ခေတ် ယိမ်းအက (ပျူ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံ၊ မျက်မှောက်)၊ မြန်မာ့မင်္ဂလာ ယိမ်းအက၊ သာစွမြန်မာပြည်ယိမ်းအကတို့ဖြင့်လည်းကောင်း ၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု အနုပညာအဖွဲ့က ဗီယက်နမ်အက (Tray hoi xuan)၊ ဗီယက်နမ် ယပ်တောင်အကတို့အပြင် ဗီယက်နမ်ရိုးရာ တီးမှုတ်ဖျော်ဖြေမှုများဖြင့်လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းသီဆိုကပြဖျော်ဖြေမှုများဖြင့်လည်းကောင်း တင်ဆက်ကပြဖျော်ဖြေကြရာ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များ တစ်ခဲနက်အားပေးကြသည်။

ဖျော်ဖြေပွဲနှင့်ပတ်သက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်က "ဒီကနေ့ ကျင်းပတဲ့ အခမ်းအနားကတော့ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ (၄၃)နှစ်မြောက် ချစ်ကြည်ရင်းနှီးမှု ဆက်သွယ်တဲ့ အထိမ်းအမှတ် နှစ်အနေနဲ့ ကျင်းပတာဖြစ်ပါတယ်၊ နှစ်နိုင်ငံ MoU ထိုးထားပါတယ်၊ အဲဒီအကျိုးဆက်အနေနဲ့ အခုလို နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့တွေ ပူးပေါင်းပြီး ယဉ်ကျေးမှု ဖလှယ်ခြင်းပဲဖြစ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ အခုလို ကျင်းပနေသလိုပဲ ဗီယက်နမ်နိုင်ငံမှာလည်း မြန်မာနိုင်ငံက ယဉ်ကျေးမှု အနုပညာရှင်အဖွဲ့တွေက သွားရောက်ပြီး တစ်ချိန်တည်းမှာ ဖျော်ဖြေလျက်ရှိပါတယ်"ဟု ပြောကြားသည်။

ကမာရွတ်မြို့နယ်မှ ဒေါ်သီတာက "နှစ်နိုင်ငံ ယဉ်ကျေးမှု ဖျော်ဖြေပွဲဆိုလို့ မိသားစုနဲ့အတူ လာရောက်ကြည့်ရှုတာပါ၊ ဗီယက်နမ်နိုင်ငံ ရိုးရာယဉ်ကျေးမှု အကတွေကို အခုမှ ကြည့်ဖူးတာပါ၊ အကတွေလည်း တော်တော်ကောင်းပါတယ်၊ သူတို့ရဲ့ ရိုးရာသံစဉ်တွေက စိတ်ဝင်စားဖို့ကောင်းပါတယ်၊ အခုလို ဖျော်ဖြေပွဲတွေ များများလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံ ချစ်ကြည်



ရင်းနှီးမှုတွေ ပိုမိုရရှိလာလိမ့်မယ်လို့ထင်ပါတယ်" ဟု ပြောသည်။

ယနေ့ ဖျော်ဖြေပွဲကို မြန်မာနိုင်ငံ ယဉ်ကျေးမှု အနုပညာအဖွဲ့နှင့် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု အနုပညာအဖွဲ့တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် Cultural Cooperation Program (2017-2020) အရ အဆိုပါဖျော်ဖြေပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာသမားတိုင်း ကြိုးပမ်းအားထုတ်ရမည်

**နေပြည်တော် မေ ၂၈**

နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် မည်သည့်နိုင်ငံနှင့်မျှ နှိုင်းယှဉ်မရဘဲ စိန်ခေါ်မှုများစွာ ဖြတ်သန်းနေကြချိန် ဖြစ်ခြင်းကြောင့် နိုင်ငံပိုင်သတင်းစာများ အနေဖြင့် ဆက်လက်ရပ်တည်နေသင့်ပြီး မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာသမားတိုင်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ကြောင်း မေ ၂၇ ရက် နံနက် ၁၁ နာရီက ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နှစ် (၂၀) ပြည့် အခမ်းအနားတွင် သတင်းစာပင်တိုင်ဆောင်းပါးရှင်အချို့က ပြောကြားသည်။

အစိုးရသတင်းစာများတွင် ပင်တိုင်ဆောင်းပါးရှင်ဖြစ်သည့် ဦးကိုကိုအောင် (ခ) သိပ္ပံစာရေးဆရာ ကိုကိုအောင်က "လွန်ခဲ့တဲ့ခြောက်နှစ်လောက် ကျွန်တော် ဆွစ်ဇာလန်မှာ အလုပ်လုပ်ကိုင်စဉ်က သူတို့နိုင်ငံမှာ သတင်းစာကို အင်္ဂလိပ်ဘာသာ၊ ဂျာမနီဘာသာ စသည်ဖြင့် ထုတ်ကြတယ်၊ အဲဒီမှာ တစ်စောင်တည်းသော အင်္ဂလိပ်သတင်းစာက သတင်း



သိပ္ပံစာရေးဆရာ ကိုကိုအောင်



ဒေါ်သူဇာနွယ်



ဒေါက်တာဦးဖြေ

စီးဆင်းပုံ၊ သတင်းဖော်ပြပါဝင်ပုံနဲ့ သတင်းစာအရေးအသား၊ ဦးတည်မှုပုံစံက ဒီကနေ့ မြန်မာ့အလင်းသတင်းစာနဲ့ သဏ္ဌာန်တူတယ်၊ Layout ဒီဇိုင်းပိုင်းတော့ မတူပါဘူး၊ သတင်းတည်ဆောက်တာ၊ သတင်းကဏ္ဍခွဲတာ စသည်ဖြင့် သေသပ်တယ်၊ ကျွန်တော်တို့ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွေဟာလည်း ကိုယ့်ရဲ့ ရှိရင်းစွဲအခြေအနေ၊ အလုပ်အကိုင်တွေအပြင် သတင်းကဏ္ဍတွေမှာဆိုရင်လည်း ပိုပြီးတိကျမှု၊ ခိုင်မာပြီး ကျင့်ဝတ်လိုက်နာမှု၊ သတင်းတန်ဖိုး၊ ဆောင်းပါးတန်ဖိုး စသည်ဖြင့် အဆင့်မြှင့်တင်နိုင်မယ်ဆိုရင် ပိုပြီးကောင်းမွန်မယ်၊ ပိုပြီးလည်း အကျိုးရှိမယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတို့တွင် မြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်နေသည့် ဖျာပုံမြို့နယ် သတင်းထောက် ဒေါ်သူဇာနွယ်ကလည်း "အခုအချိန်မှာ သတင်းစာတွေ အများကြီး ထွက်ပေါ်လာတာကို တွေ့ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်၊ မီဒီယာသမားတစ်ဦးအနေနဲ့ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဘက်မလိုက်မှုတတဲ့ သတင်းတွေကို တင်ဆက်နိုင်ဖို့ အားလုံးမျှော်လင့်သလို မျှော်လင့်ပါတယ်၊ ဒါပေမယ့် လက်ရှိအခြေအနေမှာတော့ ကျွန်မအမြင် ပြောရရင် နိုင်ငံပိုင်သတင်းစာတွေ ဆက်ရှိနေသင့်တယ်၊ အစိုးရက တရားဝင်ထုတ်ပြန်ချက်တွေ ဘယ်သူထုတ်ပြန်မလဲ၊ ဘယ်သူအာမခံမလဲ၊ ဆိုလိုတာက ကျွန်မတို့နိုင်ငံမှာ ဒီမိုကရေစီ နေသားတကျ မဖြစ်သေးခင်မှာ နိုင်ငံပိုင်မီဒီယာကတော့ ပြည်သူအတွက် ရှိနေရဦးမယ်၊ မီဒီယာမှာရှိတဲ့ ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လေးစားလိုက်နာပြီး မြန်မာ့အသံကို ကမ္ဘာအရပ်ရပ်ကို လွှင့်ထူပေးနိုင်တာက မီဒီယာပဲရှိတယ်၊ ဒီအထဲမှာ ကြေးမုံ၊ မြန်မာ့အလင်းစတဲ့ နိုင်ငံပိုင်မီဒီယာတွေကလည်း ပါဝင်နိုင်ဖို့ ကြိုးပမ်းရမယ်"ဟု ပြောကြားသည်။

ထို့ပြင် သတင်းစာများအတွင်း စီးပွားရေးကြော်ငြာများ ထည့်သွင်းခဲ့သူ တစ်ဦးဖြစ်သည့် ဦးချစ်ဦးဖြေကလည်း ကြော်ငြာကဏ္ဍအရေးပါပုံနှင့် ပတ်သက်၍ မေးမြန်းသည့်အခါ သတင်းစာစောင်များတွင် ကြော်ငြာခြင်းသည် လက်ရှိအချိန်အထိ ထိရောက်မှုရှိနေသည့် အနေအထားဖြစ်ပြီး အစိုးရသတင်းစာများသည် အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သည့်အပြင် စောင်ရေမှာလည်း များပြားသဖြင့် ပိုမိုကြော်ငြာဖြစ်ကြောင်း၊ ကြော်ငြာများအတွက် လိုအပ်သည့် အချက်အလက်များကိုလည်း အစိုးရသတင်းစာများဖြစ်ခြင်းကြောင့် တင်ပြ၍ ကြော်ငြာခွင့်ရရှိခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"ကျွန်တော်တို့ အခုကြုံတွေ့နေရတာက သတင်းတွေ အများကြီးရှိနေပေမယ့် မှန်ကန်တိကျတဲ့ သတင်းကို ရွေးချယ်ခွင့်ရတဲ့ အခြေအနေပေါ့၊ သတင်းမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်လာတာ ဂုဏ်လည်းယူသလို ပိုပြီးလည်း လုပ်စရာတွေ အများကြီးရှိနေပါသေးတယ်၊ ဥပမာပြောရရင် ကျွန်တော်တို့ နိုင်ငံရဲ့ အခက်အခဲတွေ၊ အခုကြုံနေရတဲ့ ရခိုင်အရေးနဲ့ ပတ်သက်တဲ့ စွပ်စွဲမှုတွေကို ပြန်ပြီးတွန်းလှန်ဖို့အတွက် လိုအပ်တယ်လေ၊ ကိုယ့်တိုင်းပြည်မှာရှိတဲ့ မီဒီယာတွေ အချင်းချင်း ရိုင်းပင်းပြီး ပြည်ပက စွပ်စွဲမှုတွေကို တန်ပြန်ရမယ့်အချိန်မှာ ပုဂ္ဂလိကသတင်းစာ၊ အစိုးရသတင်းစာဆိုပြီး ပြောနေမယ့်အစား ပူးပေါင်းပြီး အတွင်းရန်၊ အပြင်ရန်တွေကို ဖော်ထုတ်ပေးဖို့ လိုအပ်တယ်၊ မတရားမှုတွေကိုလည်း တန်ပြန်ချေပ အချက်အလက်တွေ အမြန်ဆုံး အတိကျဆုံးနဲ့ ထိုးဖောက်ဖို့ အာရုံပိုပြီးစိုက်သင့်ပါတယ်၊ ဒါ့အပြင် သတင်းစာသမားတွေပီပီ လုပ်ရမယ့် အလုပ်တွေ အများကြီးရှိနေသေးတယ်၊ နိုင်ငံရဲ့ မဏ္ဍိုင်သုံးရပ်က သတင်းတွေနဲ့ ပြည်သူတွေဆီက သတင်းစကားတွေကို ကြိုးစားဖော်ထုတ်ဖို့လည်း ရှိနေတာမို့ ဒါတွေကို လုပ်ဆောင်ပြီး မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်တယ်"ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ စာရေးဆရာ၊ တိုင်းရင်းဆေးဆရာ ဒေါက်တာဦးဖြေက ပြောကြားသည်။

**တင်မောင်လွင်၊ ခင်ရတနာ**
**ဓာတ်ပုံ-မောင်မွှေး**

# ရခိုင်ပြဿနာနဲ့ ပတ်သက်ပြီး အရေးယူမှု၊ ဒဏ်ခတ်မှုတို့လုပ်ဖို့ ကျွန်တော်တို့ လက်မခံဘူး
# ရခိုင်နဲ့ အခြားပြဿနာတွေကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းအရပဲ ဖြေရှင်းဖို့လိုပါတယ်

**မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay Listopadov အား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**



ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay Listopadov

**မေး။ ။ မြန်မာနှစ်သစ် ၁၃၈၀ ပြည့်နှစ်ကို မကြာမီက မှ ကူးပြောင်းရောက်ရှိတဲ့ မြန်မာနိုင်ငံအတွက် သံအမတ်ကြီးရဲ့နှစ်သစ်ကူးဆုမွန်တောင်း စကားလေး ပြောပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်သိပ်ကို ဝမ်းသာမိပါတယ်။ မကြာခင်က သင်္ကြန်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြတယ်ဆိုတော့ ဝမ်းသာတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သိပ်ပျော်ပါတယ်။ သင်္ကြန်ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် ဂုဏ်ပြုပါတယ်။ မြန်မာတွေအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော်က ဆုမွန်ကောင်းများ တောင်းပါတယ်။

သင်္ကြန်ပွဲတော်ဟာ ကောင်းမွန်တဲ့၊ ပျော်ရွှင်စရာကောင်းတဲ့ပွဲတော်မျိုး ဖြစ်ပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး သီချင်းတွေလည်း တော်တော်များများရှိပါတယ်။ ပါရမီမပါလို့ သီချင်းသိပ်မဆိုတတ်ဘူး။ ဒါပေမယ့် သင်္ကြန်ပွဲအတွက် ရေးစပ်တဲ့ မြန်မာကဗျာတွေကို ကျွန်တော်သိတယ်။ **"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့် ဘယ်ပန်းသော်စံမတူဘု"** ဆိုတဲ့ မြန်မာကဗျာနဲ့ ကျွန်တော်ကြိုဆိုချင်ပါတယ်။ ဒီနှစ်သစ် အချိန်အခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ထပ်ပြီးမေတ္တာပို့သပါတယ်။

**မေး။ ။ အစိုးရသစ်ရဲ့နှစ်နှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေနဲ့ အောင်မြင်မှုတွေအပေါ်ရယ်၊ နောက် ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်ပြီးတော့ မြန်မာအစိုးရရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ်မှာ သံအမတ်ကြီးအနေနဲ့ ဘယ်လိုအမြင်မျိုးရှိသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ လက်ရှိအစိုးရက အာဏာရတာနှစ်နှစ်ပြည့်ပြီ။ အဲဒါ သိပ်မကြာသေးပေမယ့် အောင်မြင်မှုတော်တော်များများ ရခဲ့တယ်လို့ ကျွန်တော်က ယူဆမိပါတယ်။ အထူးသဖြင့် လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ တော်တော်များများရှိတာကို ကျွန်တော်တွေ့ခဲ့ပါတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုလည်း အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးမရရင် ဖွံ့ဖြိုးတိုးတက်မှုလည်း မရနိုင်ဘူးလို့ ကျွန်တော် ယူဆမိပါတယ်။ ငြိမ်းချမ်းရေးကို ရရှိဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ ပြည်ထောင် စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဆိုရင် အခုလည်း တတိယအကြိမ်ကျင်းပဖို့ ရှိပါတယ်။ အဲ့ဒါက အင်မတန်အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။

ရခိုင်ပြဿနာဟာ အင်မတန် ရှုပ်ထွေးတဲ့ပြဿနာဖြစ်ပါတယ်။ ထိလွယ် ရှလွယ်တဲ့ ပြဿနာမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ချက်ချင်းဖြေရှင်းလို့ မရပါဘူး။ အချိန်ယူရပါတယ်။ ကျွန်တော် အဲဒီပြဿနာနဲ့ပတ်သက်ပြီး ဘာအယူအဆရှိသလဲဆိုရင် အခုလက်ရှိ ပြည်ထောင်စုအစိုးရ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရက ရခိုင်ပြဿနာကို မြန်မြန်ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းဖို့ ကြိုးစားပါတယ်။ ဒါကြောင့်မို့ ပြဿနာကို မကြာခင် ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**မေး။ ။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ နှစ်နိုင်ငံကြားမှာရှိတဲ့ ချစ်ကြည်ရေးအခွန့်ရှည်ပြီးတော့ တည်တံ့သွားစေဖို့အတွက် သံအမတ်ကြီးအနေနဲ့ ဘယ်လိုမျိုး ဆောင်ရွက်မှုတွေ လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်ကတော့ ရုရှား - မြန်မာနှစ်နိုင်ငံဆက်ဆံရေးအကြောင်း ပြောရရင် ဒီနှစ်ဆိုရင်နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အင်မတန်အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး ထူထောင်တာဆိုရင် နှစ်ပေါင်း (၇၀) ပြည့်ပြီ။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ မှာ ကျွန်တော်တို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဆက်ဆံရေးဆိုရင် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ရရှိထားတဲ့ အခြေခံအပေါ်မှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို နယ်ပယ်အသီးသီးက ဆတက်ထမ်းပိုး တိုးမြှင့်စေဖို့ ကြိုးစားနေပါတယ်။

အရင်တုန်းကဆိုရင် ကျွန်တော်တို့ ကောင်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆိုဗီယက် ရုရှား အကူအညီနဲ့ မြန်မာနိုင်ငံမှာ အရေးကြီးတဲ့ စီမံကိန်းတွေ ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့မှာဆိုရင် အင်းလျားကန်၊ အင်းလျားလိတ်ဟိုတယ် ဖြစ်ပါတယ်။ နောက်စက်မှုတက္ကသိုလ်ဖြစ်ပါတယ်၊ တောင်ကြီးမြို့မှာ စဝ်စံထွန်း ဆေးရုံကြီးကို ဆောက်ခဲ့ပါတယ်။ ကြက်မောက်တောင်ဆည်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့ စဝ်စံထွန်း ဆေးရုံကြီးကို အဆင့်မြင့်အောင် ရုရှားနိုင်ငံဘက်က အကူအညီ ပေးဖို့ရှိပါတယ်။ အဲဒါလည်း အင်မတန်အရေးကြီးပါတယ်လို့ ယူဆပါတယ်။

**မေး။ ။ ရုရှားနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်နေကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်၊ မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အခက်အခဲ တစ်စုံတစ်ရာရှိပါသလား။**

ဖြေ။ ။ အဲ့ဒီရင်းနှီးမြှုပ်နှံမှုဆိုတာဟာ အင်မတန်အရေးကြီးပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ရုရှားသံရုံးကနေ ရုရှားစီးပွားရေးသမားတွေ၊ ကုမ္ပဏီတွေက မြန်မာနိုင်ငံကို ရောက်လာကြပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ မြန်မြန်ဆန်ဆန်ကြိုးစားပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရရဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်ဆိုတာ ရှိပါတယ်။ လွန်ခဲ့တဲ့နှစ် စက်တင်ဘာလမှာ မော်စကိုမှာ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးတွဲကော်မရှင်ရဲ့ ဒုတိယအစည်းအဝေးကို ကျင်းပခဲ့ပါတယ်၊ အခုမြန်မာနိုင်ငံမှာ တတိယအစည်းအဝေး ကျင်းပဖို့ရှိပါတယ်၊ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ကြောင့် ရုရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုမြန်ဆန်စွာ မြန်မာနိုင်ငံက ဆွဲဆောင်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။

လွန်ခဲ့တဲ့ နှစ်က ရန်ကုန်မြို့မှာ ရုရှားရဲ့ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးဖွင့်ဖို့ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုရေးရာနဲ့ဆိုင်တဲ့ ဥပဒေအသစ်ကို အတည်ပြုခဲ့ပါတယ်။ ဒါကြောင့်မို့ အခုမြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကို အစပျိုးဖို့ အခြေခံပါတယ်လို့ ကျွန်တော်ယူဆမိပါတယ်။ အခက်အခဲတွေရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်နားလည်သလောက် အများအားဖြင့်ဆိုရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ဖို့ အလားအလာ၊ အခွင့်အလမ်းတွေ တော်တော်များများရှိပါတယ်လို့ ယူဆမိပါတယ်။

**မေး။ ။ လတ်တလော မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရခိုင်အရေးကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ လုပ်ဆောင်ချက်တွေအပေါ် သံအမတ်ကြီးရဲ့အမြင်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်တော်ကတော့ ဘာပြောချင်သလဲဆိုရင် ရခိုင်ပြဿနာဟာဆိုရင် မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကိစ္စဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ တခြားနိုင်ငံရဲ့ပြည်တွင်းရေး ကိစ္စကို ဝင်ရောက်စွက်ဖက်မှုကို မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားနိုင်ငံရဲ့ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှုလုပ်ရင် ကောင်းတဲ့ရလဒ်တွေရနိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူပြည်သားတွေကသာ မြန်မာနိုင်ငံက ရင်ဆိုင်နေရတဲ့ ရခိုင်အရေး ပြဿနာအပါအဝင် ပြဿနာတွေကို ဘယ်လိုအကောင်းဆုံး ဖြေရှင်းနိုင်မလဲဆိုတာ ပိုသိတယ်လို့ ယူဆမိပါတယ်။

ဒါကြောင့်မို့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီပြဿနာကို ဖြေရှင်းဖို့ အကူအညီပေးနိုင်တယ်။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ အကူအညီပဲပေးရမယ်။ အပြစ်တင်တာ၊ ရှုတ်ချတာ၊ အရေးယူတာဆိုရင် ကျွန်တော်တို့က လက်မခံဘူး။ အပြုသဘောဆောင်တာ မဟုတ်ဘူးလို့ ယူဆမိပါတယ်။ ရခိုင်ပြဿနာကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်ပူးတွဲပြီး ဖြေရှင်းဖို့ကြိုးစားရပါမယ်။ ဒါ့ကြောင့် ရုရှားနိုင်ငံက မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေအနေနဲ့ အဲ့ဒီပြဿနာကို မြန်မြန်ဖြေရှင်းဖို့ အားပေးပါတယ်လို့ ပြောချင်ပါတယ်။

ပြဿနာနဲ့ ပတ်သက်ပြီး အရေးယူမှု၊ ဒဏ်ခတ်မှုတို့လုပ်ဖို့ ကျွန်တော်တို့ လက်မခံဘူး။ အပြုသဘောဆောင်တာမဟုတ်ဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲအချိန်ကာလဖြစ်ပါတယ်။ ဒါကြောင့်မို့ အရေးယူရင်၊ ဒဏ်ခတ်ရင်၊ ပိတ်ဆို့ရင် အရင်ဖြစ်စဉ်ကို ထိခိုက်နိုင်မယ်။

အရေးယူမှု၊ ပိတ်ဆို့မှုကြောင့် သာမန်လူတွေ ဒုက္ခတွေ အများကြီး ရောက်နိုင်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ရခိုင်နဲ့ အခြား ပြဿနာတွေကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းအရပဲ ဖြေရှင်းဖို့လိုပါတယ် ။ ရုရှားနိုင်ငံကလည်း အဲ့ဒီပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ရုရှားနိုင်ငံဟာ ဘာသာစုံ၊ လူမျိုးစုံနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံလိုပါပဲ။ ဒါကြောင့် ဒါမျိုး ပြဿနာတွေကို ဘယ်လိုရှုပ်ထွေးသလဲ ကောင်းကောင်းနားလည်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဗုဒ္ဓဘာသာဝင်တွေလည်း ရှိပါတယ်။ မူဆလင်တွေလည်း ရှိပါတယ်။ အဲ့ဒီပြဿနာကို များများဖြေရှင်းဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံ အစိုးရက အဲ့ဒီပြဿနာဖြေရှင်းဖို့ အများကြီး ကြိုးစားနေတာကို တွေ့ရပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအစိုးရရဲ့ နောက်လာမယ့် သက်တမ်းမှာရော အစိုးရအနေနဲ့ ဘယ်လိုမျိုးဆက်လက်လုပ်ဆောင်သွားဖို့ အကြံပြုချင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်အကြံမပြုချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ပြောတာထက် မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူ ပြည်သားများက ပိုသိပါတယ်။ ဘာပြောင်းရမလဲ၊ ဘာလုပ်ရမလဲ။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်ဘာပြောနိုင်သလဲဆိုရင် ငြိမ်းချမ်းရေး အရေးကြီးပါတယ်။ ဒါကြောင့် လက်ရှိအစိုးရကလည်း ငြိမ်းချမ်း ရေးရရှိဖို့ကို များစွာကြိုးစားရပါမယ်။ စီးပွားရေး၊ လူမှုရေး နယ်ပယ်မှာ များစွာကြိုးစားရပါမယ်။ သာမန်လူတွေရဲ့ လူနေမှု အဆင့်အတန်းမြင့်စေဖို့လည်း အင်မတန်အရေးကြီးပါတယ်လို့ ယူဆမိပါတယ်။

ရခိုင်နဲ့ပတ်သက်တဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့လည်း အစိုးရက ဆတက်ထမ်းပိုး ကြိုးစားမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်က မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီးအကောင်းမြင်ဝါဒီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံ မုချဖြစ်ပါမယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

ကျွန်တော်တို့ ရုရှားနိုင်ငံကလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရင်းနှီးတဲ့၊ တည်ငြိမ်တဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်ဖို့ ဆန္ဒရှိပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရရှိဖို့ ဆန္ဒများစွာရှိပါတယ်။ ကျွန်တော်က ဒီလောက်ပဲ ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ် သံအမတ်ကြီး။

**သတင်းအဖွဲ့**

> **"ရခိုင်ပြဿနာဟာ အင်မတန် ရှုပ်ထွေးတဲ့ပြဿနာဖြစ်ပါတယ်၊ ထိလွယ် ရှလွယ်တဲ့ ပြဿနာမျိုးဖြစ်ပါတယ်၊ ဒါကြောင့်မို့ ချက်ချင်းဖြေရှင်းလို့ မရပါဘူး။ အချိန်ယူရပါတယ်၊ ကျွန်တော် အဲဒီပြဿနာနဲ့ပတ်သက်ပြီး ဘာအယူအဆရှိသလဲဆိုရင် အခုလက်ရှိ ပြည်ထောင်စုအစိုးရ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အစိုးရက ရခိုင်ပြဿနာကို မြန်မြန်ဖြေရှင်းဖို့ ကြိုးစားနေပါတယ်၊ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းဖို့ ကြိုးစားပါတယ်၊ ဒါကြောင့်မို့ ပြဿနာကို မကြာခင်ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"**

**မေး။ ။ ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုတွေလည်း ရှိနေပါတယ်။ အဲ့ဒီဟာတွေက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကူးပြောင်းနေတဲ့ အချိန်ကာလမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်စေနိုင်သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အရေးယူမှု၊ ပိတ်ဆို့မှု၊ ဒဏ်ခတ်မှုကို လက်မခံဘူး၊ အထူးသဖြင့် ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်မချရင် တခြားနိုင်ငံတွေအပေါ် အဲ့ဒီအရေးယူမှု၊ ပိတ်ဆို့မှု ပြုလုပ်လို့မရဘူးလို့ ကျွန်တော်ယူဆမိပါတယ်။ ရခိုင်



ဧပြီ ၂၈ ရက် ညနေပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၌ ဖွင့်လှစ်သင်ကြားခဲ့သော ၁/၂၀၁၈ နွေရာသီအခြေခံ ကမ္ဘောဇ နန်းတွင်းသိုင်းပြောင်းပြန် သင်တန်းဆင်းပွဲတွင် နာယကအဖွဲ့ဝင်ဆရာကြီး ဦးညွန့်တင်က သင်တန်းသားတစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ချီးမြှင့်နေစဉ်။ ကိုပေါက်(ဥက္ကာမြေ)

## လူထုဗဟိုပြုစီမံကိန်းအတွက် တာဝန်ရှိသူများကွင်းဆင်းဆွေးနွေး

သထုံ ဧပြီ ၂၈

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ် တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်၊ မြို့နယ်ကျားမရေးရာတာဝန်ခံနှင့်ဘဏ္ဍာရေးတာဝန်ခံတို့သည် ဧပြီလနောက်ဆုံးပတ်က မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇွဲကလာကျေးရွာအုပ်စု ဇွဲကလာကျေးရွာနှင့်မုသင်ကျေးရွာအုပ်စု သာယာကုန်း ကျေးရွာတို့သို့ သွားရောက်ကွင်းဆင်းပြီး သက်ဆိုင်ရာ ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းနှင့်ပတ်သက်သော လုပ်ငန်းများဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ AHA စင်တာနှင့် စင်ကာပူအရပ်ဘက်ကာကွယ်ရေးအဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့သည် ယနေ့ညနေပိုင်းတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) ၌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အာဆီယံလူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Centre) နှင့် ဆက်သွယ်ဆောင်ရွက်မှုအရ AHA Centre မှ Mr. YosMalole နှင့် Singapore Civil Defence Force မှ ကျွမ်းကျင်ပညာရှင်များ ဖြစ်ကြသော Mr. Mohamed Firozနှင့် Mr. Kenneth Mak တို့နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုများ၊ တွေ့ကြုံရသော အခက်အခဲများကို ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် နည်းပညာဆိုင်ရာပံ့ပိုးမှုလိုအပ်ချက်များကို ညှိနှိုင်းခဲ့ကြသည်။

ထိုတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး AHA Centre နှင့် Singapore Civil Defence Force မှ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိ




**နေပြည်တော် ဧပြီ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ နှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

အမှိုက်ပုံမီးစတင်လောင်ကျွမ်းသည်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဧပြီ၂၇ ရက်အထိ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူသူ ၂၆ ဦးနှင့် ၂၈ ရက်တွင် တစ်ဦး၊ စုစုပေါင်း ၂၇ ဦးနှင့် ဧပြီ ၂၇ ရက်အထိ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူသူ ၂၀ ဦးနှင့် ၂၈ ရက်တွင် ခြောက်ဦး စုစုပေါင်း ၂၇ ဦးရှိခဲ့သည်။ ဧပြီ ၂၈ ရက်တွင် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူသော လူနာများ၏ သွေးတွင်းရှိ Carboxyhaemoglobin ပမာဏကို စစ်ဆေးကြည့်ခဲ့ရာ ပုံမှန်ပမာဏ အတွင်းသာရှိကြောင်း တွေ့ရပြီး ဆေးရုံတက်ရောက်ကုသမှုခံယူသူများမှာ ရောဂါသက်သာကောင်းမွန်သဖြင့် ဧပြီ ၂၇ ရက်အထိ စုစုပေါင်းလူနာ ၁၂ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့သည့် လူနာတစ်ဦးနှင့် ကျန်ရှိသော အတွင်းလူနာ ၁၄ ဦး တို့၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများနှင့် ကွင်းဆင်းအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့များမှလည်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ယာယီဆေးခန်းများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကြီးကြပ်အားဖြည့်ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲသည် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို လှိုင်သာယာမြို့နယ် (၆) ရပ်ကွက်နှင့် (၂၀) ရပ်ကွက်တို့၌ ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ကံလှကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာတို့သို့ ရွှေ့ပြောင်း၍ ဆက်လက်တိုင်းတာဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်ပံတန်းဘူတာအဝင် ရထားစက်ခေါင်းလမ်းချော်မှု ဆောင်ရွက်ပြီးစီး၍ ရထားများဆက်လက်ထွက်ခွာ

**လက်ပံတန်း ဧပြီ ၂၈**

သာရဝေါ်ဘူတာမှ ထွက်ခွာလာသော သာရဝေါ်-ကြည့်မြင်တိုင် အမြန်ရထား စက်ခေါင်းအမှတ် DF 1626 သည် ဧပြီ ၂၇ ရက် ညနေ ၅ နာရီ ၅ မိနစ်က လက်ပံတန်းမြို့နယ်ဘူတာအဝင်တွင် ဘီးချော်မှုဖြစ်ပွားခဲ့ပြီး အစုန်အဆန်ရထားများပိတ်ဆို့ခဲ့သည်။

မြန်မာ့မီးရထားလက်ပံတန်းဘူတာ ရထားထိန်းချုပ်ရေးဌာနနှင့် မြန်မာ့မီးရထားတိုင်းအမှတ်(၇) (ရန်ကုန်) မလွကုန်းစက်ခေါင်းစက်ရုံမှတာဝန်ရှိသူတို့က ဘီးချော်နေသောစက်ခေါင်းတွဲအား အချိန်နှင့်တစ်ပြေးညီ မတင်ဆောင်ရွက်ခဲ့သောကြောင့် ရထားလမ်းများရှင်လင်းသွားပြီဖြစ်သဖြင့် ဧပြီ ၂၈ ရက်နံနက်ပိုင်းမှစ၍ လက်ပံတန်းဘူတာတွင် ခေတ္တအခြေပြုရပ်တန့်ထားသည့် အမှတ်(၇၁)အဆန် ရန်ကုန်-ပြည်အမြန်ရထား၊ အမှတ်(၆၁)အဆန် ရန်ကုန်-ပုဂံအမြန်ရထား၊ အမှတ်(၇၀)အစုန် သာရဝေါ်-ကြည့်မြင်တိုင်(ချော်ကျရထား)များသည် လက်ပံတန်းဘူတာမှ ခရီးစဉ်များကို အသီးသီးဆက်လက်ထွက်ခွာ ပြေးဆွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အလှူငွေနှင့် အစားအသောက်များလှူဒါန်း

**ရန်ကုန် ဧပြီ ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဆွေမြင့်နှင့် အတွင်းရေးမှူးများအဖွဲ့သည် ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံသို့ သွားရောက်၍ အစားအသောက်များနှင့် အလှူငွေများလှူဒါန်းခဲ့သည်။

လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဆွေမြင့် ဦးဆောင်သည့်အဖွဲ့သည် မီးလောင်ရာတွင် အင်တိုက်အားတိုက် မီးငြိမ်းသတ်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ အပါအဝင် ဝန်ထမ်းအင်အား ၈၀၀ အတွက် ခါတ် ဆားရည်များ၊ 100 Plus အချိုရည်၊ တစ်ခါသုံး Mask များ၊ ချွေးသုတ်ပဝါနှင့် အလှူငွေများအား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အလှူငွေကျပ် ၃၁ သိန်းနှင့် ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**



✳ *ကျောဖုံးမှ*

ရောက်ရှိလာတဲ့ ဆေးရည်တွေနဲ့ ဆက်လက်ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်၊ အခုလိုငြိမ်းသတ်တဲ့ အခါမှာလည်း ထိုင်းနိုင်ငံက ပညာရှင်တွေလာရောက်လေ့လာပြီး အကြံဉာဏ်တွေ ပေးကြမှာဖြစ်ပါတယ်၊ သူတို့ရဲ့ အကြံဉာဏ်တွေကိုလည်းရယူပြီး ဆက်လက်ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်'' ဟု ပြောသည်။

**အတွေ့အကြုံရှိတဲ့ ပညာရှင်တွေ**

ဆက်လက်၍ ၎င်းက ''အခုလောင်နေတဲ့မီးက အပေါ်မှာလောင်နေတာမျိုး မဟုတ်ပါဘူး၊ အမှိုက်ပုံအတွင်း အောက်ခြေကနေစပြီး မီသိန်းဓာတ်ငွေ့ထွက်ပြီး လောင်ကျွမ်းနေတာပါ၊ အောက်ခြေကစလောင်ပြီး အပေါ်ကို မီးခိုးတွေတက်နေတာဖြစ်တဲ့အတွက်ကြောင့် Bio Foam ဆေးရည်ကို အမှိုက်ပုံအတွင်းထဲအထိဝင်သွားအောင် ဆေးထိုးသလိုမျိုး ထိုးသွင်းမှုတွေ လုပ်ဆောင်သွားရမယ်လို့သိရပါတယ်၊ ၂၀၁၄ ခုနှစ်တုန်းက ထိုင်းနိုင်ငံမှာ လောင်တုန်းကလည်း အဲဒီလိုမျိုး လုပ်ဆောင်ပြီး ငြိမ်းသတ်ရတယ်လို့သိရတယ်၊ အဲဒီတုန်းကလည်း လက်ရှိကျွန်တော်တို့ဆီမှာ လောင်နေတဲ့ အကျယ်အဝန်းလောက်ရှိခဲ့ပါတယ်၊ ခုနစ်ရက်ကျော်လောက်ငြိမ်းသတ်ခဲ့ရတယ်လို့သိရတယ်၊ အခုလာရောက်လေ့လာနေတဲ့ ပညာရှင်တွေကလည်း အဲဒီတုန်းက ငြိမ်းသတ်ရာမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့သူတွေပါ၊ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေပဲဖြစ်ပါတယ်၊ သူတို့အနေနဲ့ နောက်ထပ်ရောက်လာမယ့် ပညာရှင်တွေနဲ့ ပူးပေါင်းလေ့လာပြီး အကြံဉာဏ်တွေပေးကြမှာဖြစ်ပါတယ်'' ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်



**လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ပြင်အား Bio Foam (အမြှုပ်ဆေးရည်) အသုံးပြု၍ အပြီးသတ်မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။**

မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်း ငြိမ်းသတ်လျက်ရှိပြီး ဧပြီ ၂၇ ရက် နံနက် ၉ နာရီခန့်မှ စတင်ကာ အပြီးသတ်မီးငြိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြု၍ ငြိမ်းသတ်လျက်ရှိသည်။

**အပြီးသတ်မီးငြိမ်းသတ်နေ**

ထိုသို့ ငြိမ်းသတ်ရာတွင် ပိုမိုထိရောက်မြန်ဆန်မှုရှိစေရန် မီးငြိမ်းသတ်မှုနှင့်သက်ဆိုင်သည့် ထိုင်းနိုင်ငံမှ ပညာရှင်များက ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ မီးလောင်မှုဖြစ်ပွားရာသို့ လာရောက်လေ့လာလျက်ရှိပြီး အပြီးသတ်မီးငြိမ်းသတ်နေမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြံပြုချက်များနှင့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြေပြင်အခြေအနေလေ့လာနေ**

ထိုင်းနိုင်ငံ အရေးပေါ်နှင့် မီးသတ်ဌာနမှ အဆင့်မြင့်ပညာရှင် (၂၀၁၄ ခုနှစ်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အမှိုက်ပုံကြီး မီးလောင်မှု မီးငြိမ်းသတ်ရာတွင် ခေါင်းဆောင်တစ်ဦးအနေဖြင့် ပါဝင်ခဲ့သူ) Mr. Natthun Lanogthong က ''မြန်မာနိုင်ငံဘက်က အကူအညီတောင်းမှုအရ လာခဲ့တာပါ၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက အိမ်နီးချင်းမိတ်ဆွေတွေဖြစ်တဲ့အတွက်ကြောင့် အခုလိုလာရောက်ကူညီပေးသွားမှာဖြစ်ပါတယ်၊ လက်ရှိမှာတော့ မြေပြင်အခြေအနေကိုလေ့လာနေတုန်းပါ၊ လတ်တလောတွေ့ရှိချက်အနေနဲ့ကတော့ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ တစ်ကိုယ်ရေဆက်စပ်ပစ္စည်းတွေလိုအပ်နေတာကို တွေ့ရပါတယ်၊ ကျန်တဲ့အပိုင်းတွေကိုတော့ လေ့လာနေတုန်းပါ'' ဟု သူ၏ လေ့လာတွေ့ရှိမှုအပေါ် ပြောကြားသည်။

**အကြံပြုချက်များ**

ယခုအခါ မီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ ကျန်ရှိနေရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်း ငြိမ်းသတ်လျက်ရှိသည့်အပြင် သက်ဆိုင်ရာအနေဖြင့် ပြည်ပမှ ပညာရှင်များ၏ အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် မီးလောင်မှုအနီးရှိ ကွပ်ကဲရေးရုံး၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ မီးငြိမ်းသတ်မှုနှင့် ပတ်သက်သည့် ထိုင်းနိုင်ငံမှ ပညာရှင်များက အပြီးသတ် မီးငြိမ်းသတ်နေမှုကို ပိုမိုထိရောက်စေရန်နှင့် အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန်တို့အတွက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ရွှေပြည်သာမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ''မီးတောက်တော့ သိပ်မရှိတော့ပါဘူး၊ အတွင်းမှာလိုက်ပြီးလောင်နေတာကြောင့် ငြိမ်းသတ်တဲ့ အခါမှာတော့ အခက်အခဲရှိပါတယ်၊ လေတိုက်ရင် မီးခိုးတွေ ထွက်လာတာကြောင့် ငြိမ်းရတာပိုခက်ပါတယ်၊ အမှိုက်ပုံအတွင်းထဲရောက်အောင် ပိုက်နဲ့ထိုးရတာကြောင့် တစ်နေရာကနေ တစ်နေရာကိုရောက်အောင် တော်တော်လုပ်ရပါတယ်၊ အချိန်ပေးပြီး ငြိမ်းသတ်ဖို့တော့ လိုပါတယ်'' ဟု ပြောသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို အများဆုံးခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတို့တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့်ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့်လောင်ကျွမ်းခြင်းဖြစ်ရာ အပြီးသတ် ငြိမ်းသတ်မှုကို Bio Foam (အမြှုပ်ဆေးရည်) ဖြင့် ဆက်လက် ငြိမ်းသတ်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ပမှ မီးငြိမ်းသတ်မှုနှင့် သက်ဆိုင်သည့် ပညာရှင်များ၏ အကြံပြုချက်များနှင့် အကူအညီများကို ရယူကာ အပြီးသတ် မီးငြိမ်းသတ်နေမှု ပိုမိုထိရောက်မြန်ဆန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

**ထိန်ပင်အမှိုက်ပုံ မီးလောင်ပြင်အား အပြီးသတ်မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။**



# မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့အန္တရာယ် ကျန်းမာရေးသတိပေး နှိုးဆော်ချက်

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော သာမန်ကျန်းမာရေးပြဿနာများ**

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော ပြင်းထန်ကျန်းမာရေး ပြဿနာများ**

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမိုဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင် မြည်သော ရှူရှိုက်သံများထွက်ခြင်း။

**ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ**

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

**(ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)**

**ထိခိုက်ခံစားလွယ်သောအုပ်စုများ**

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါ အခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

**(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏ ထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါ လက္ခဏာများ ခံစားရနိုင်ပါသည်။)**

**မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ**

၁။ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။
၂။ မီးခိုးငွေ့ရှိသောပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်းစည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်၍သွားလျှင်ပင် အပြည့်အဝကာကွယ်မှု မရရှိ နိုင်ပါ။
၃။ ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြုရယူလိုက်နာဆောင်ရွက်ပါ။
၄။ လည်ချောင်းစပ်ခြင်းနှင့်ချောင်းဆိုးခြင်းများ ဖြစ်ပေါ်ပါက ရေများများသောက်ပါ။
၅။ ထိခိုက်ခံစားလွယ်သော အုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။
၆။ မီးခိုးလျော့ပါးသည့် နေရာများတွင် ပြင်ပမှမီးခိုးများ မဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများပိတ်ထားပြီး မိမိအိမ်အတွင်း၌သာနေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။
၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန်ထူထပ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုးလွတ်ကင်းရာနေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံနေထိုင်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မီးလောင်လျှင်

❏ ထွက်မပြေးပါနှင့်စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။
❏ ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
❏ နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
❏ ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
❏ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ




**မန္တလေး ဧပြီ ၂၈**
ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများနှင့် လူရည်ချွန်ကြီးအဖွဲ့ (အထက်မြန်မာပြည်) တွေ့ဆုံပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲ ၃ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ၁၉၆၄ -၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ (အထက်မြန်မာပြည်) မှ လူရည်ချွန်ကြီးတစ်ဦးချင်းစီက ၎င်းတို့၏ လူရည်ချွန်အတွေ့အကြုံများကို ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများအား မျှဝေကြသည်။

အခမ်းအနားတွင် ၁၉၆၄ -၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်) ဥက္ကဋ္ဌ ဦးမောင်မောင်လေး၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်ထွေးနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်းတို့က မိတ်ဆက်အမှာစကား ပြောကြားကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ (ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှူး)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ၁၉၆၄ -၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ (အထက်မြန်မာပြည်)မှ ၂၀၁၈ ခုနှစ် လူရည်ချွန်လူငယ်မောင်မယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကြီးကြပ်ဆရာများက လက်ခံရယူကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ ပုဂံနှင့် အင်းလေးအပန်းဖြေစခန်းများသို့ အပန်းဖြေလေ့လာရေးခရီးသွားရောက်ကြမည့် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် မန္တလေးမြို့ရှိ စုရပ်အသီးသီးသို့ ဧပြီ ၂၈ ရက်တွင် စုံလင်စွာရောက်ရှိလာကြပြီး ၁၉၆၄ -၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ (အထက်မြန်မာပြည်)၏ အတွေ့အကြုံကောင်းများကို ရယူကာ မိမိတို့အပန်းဖြေလေ့လာကြမည့် စခန်းအသီးသီးသို့ ဧပြီ ၂၉ ရက်နံနက်ပိုင်းတွင် စုရပ်အသီးသီးမှ ဆက်လက် ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ - ဘကြီးဇင်**

# အင်ဂျန်းယန်၊ နမ္မတီး၊ တနိုင်း၊ မံဝယ်ဒေသများမှ ခေတ္တတိမ်းရှောင်မိသားစုများအတွက် ပစ္စည်းများပေးအပ်

**နေပြည်တော် ဧပြီ ၂၈**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်ဒေသမှ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၁၀၀၀ တို့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး တက်ရောက်၍ ငွေကျပ် ၁၄၀၂၈၀၀၀ တန်ဖိုးရှိ ရိက္ခာ တစ်လစာ ဆန် ၃၆၄ အိတ်၊ ဆီပိဿာ ၆၂၀၊ ကုလားပဲ ပိဿာ ၉၃၀၊ ဆား ၁၅၅ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းနေလင်းနှင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးနှင့်အဖွဲ့သည် ယင်းနေ့ညနေပိုင်းတွင် နမ္မတီးမြို့ လမ်းခွကျေးရွာသို့ သွားရောက်၍ ခေတ္တတိမ်းရှောင်မိသားစု ၁၀၀၀ အတွက် ငွေကျပ် ၁၄၀၂၈၀၀၀ တန်ဖိုးရှိ ရိက္ခာ တစ်လစာ ဆန် ၃၆၄ အိတ်၊ ဆီ ပိဿာ ၆၂၀၊ ကုလားပဲ ပိဿာ ၉၃၀၊ ဆား ၁၅၅ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



အလားတူ တနိုင်းမြို့နယ် အောင်လောဒ့်ကျေးရွာမှ ခေတ္တတိမ်းရှောင်မိသားစုဝင် ၂၁၈ ဦးအတွက် ငွေကျပ် ၅၀၈၉၄၀၀ တန်ဖိုးရှိ ဆန် ၁၀၄ အိတ်၊ ဆီ ၁၁၄ ပိဿာ၊ ကုလားပဲ ၃၂၇ ပိဿာ၊ ဆား ၁၄၄ ပိဿာတို့ကို တနိုင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးလွင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့သည်။

၎င်းအပြင် ဧပြီ ၂၄ ရက်ကလည်း ဖားကန့်မြို့နယ် မံဝယ်ကျေးရွာမှ ခေတ္တတိမ်းရှောင်မိသားစု ၁၆၂ ဦးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၃၄၅၁၀၀၀ တန်ဖိုးရှိ ဆန် ၅၉ အိတ်၊ ဆီ ပိဿာ ၁၀၀၊ ကုလားပဲ ပိဿာ ၁၅၀၊ ဆား ၂၅ ပိဿာ၊ စောင် ၁၆၂ ထည်နှင့် ခြင်ထောင် ๑၂ လုံးတို့ကို နယ်မြေခံတပ်မှ လွှဲပြောင်းထောက်ပံ့ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း ခေတ္တတိမ်းရှောင်မိသားစုများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာများ ထောက်ပံ့ပေးနေသကဲ့သို့ နေရပ်ပြန်မိသားစုဝင်များ၏ ကျေးရွာများအတွက် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ ချောင်းဝ-မံဝယ် မြေလမ်း ငါးမိုင်ကို ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ပူးပေါင်းမီဒီယာအဖွဲ့ နှစ်နိုင်ငံစီးပွားစကြံလေ့လာ

**မန္တလေး ဧပြီ ၂၈**
အထက်မြန်မာပြည် သတင်းစာဆရာများအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ သတင်းမီဒီယာ အုပ်စုတို့ပူးပေါင်း၍ မြန်မာ-တရုတ်စီးပွားရေး စကြံလမ်းကြောင်းပေါ်ရှိ မြို့များသို့ သွားရောက်ကာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ် အသီးသီးတို့တွင် ပူးပေါင်းလေ့လာကြသည်။

ပူးပေါင်းလေ့လာရေး အဖွဲ့တွင် အထက် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးဌေးအောင်၊ မြန်မာတိုင်းမ်နေ့စဉ် သတင်းစာမှ အမှုဆောင်အယ်ဒီတာ ဦးစိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်း ဦးမြင့်စိုး၊ စံတော်ချိန်သတင်းစာမှ သတင်းထောက်များဖြစ်ကြသည့် ဦးနောင်ဝင်းနောင်နှင့် ဒေါ်ဖြူဖြူခိုင်၊ တူဒေးမန္တလေးမီဒီယာမှ ကိုစိုးရန်ပိုင်တို့ပါဝင်ပြီး တက်ဟုန်းမီဒီယာအုပ်စုမှ Mr.Pai Lu Qiang ဦးဆောင်သောသတင်းစာဆရာငါးဦးသည် မြန်မာ-တရုတ်စီးပွားရေးစကြံလမ်းပေါ်ရှိ မြို့များသို့ သွားရောက်ကာ လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပူးပေါင်းသတင်းစာဆရာများအဖွဲ့သည် ဧပြီ၂၁ ရက်မှစတင်ကာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်း၊ မူဆယ်-နမ့်ခမ်းခရီးသွားလုပ်ငန်းရှင်များအဖွဲ့သို့ သွားရောက်လေ့လာကြပြီးနောက် တရုတ်နိုင်ငံဘက်ခြမ်းရှိ ကြယ်ဂေါင်နယ်စပ်ဂိတ်၊ ဝမ်တိန်နယ်စပ်ဂိတ်၊ နှစ်ပြည့်တစ်ရွာ၊ ကင်ဘိုဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ၊ ပီကင်းမော်တော်ကားစက်ရုံ၊ ရွှေလီမြို့ အင်္ဂတေပန်းပုလုပ်ငန်းတို့ကို လေ့လာကြသည်။

ထို့နောက် တက်ဟုန်းပြည်နယ်ခွဲ မြို့တော် မန်စီမြို့ပြဖွံ့ဖြိုးရေး စီမံကိန်း၊ မန်စီမြို့နယ် လယ်သမားကျေးရွာများ ထူထောင်နေမှု၊ တရုတ်နိုင်ငံ၏အကြီးဆုံး Ho Good ကော်ဖီစက်ရုံ၊ အကြီးဆုံး မနောကွင်း တည်ဆောက်နေမှု၊ တက်ဟုန်းမီဒီယာစင်တာ ဖွင့်လှစ်ရန် ပြင်ဆင်နေမှု၊ ရှမ်းလူမျိုးတို့၏ နန်းတော်ပြခန်းတို့ကို လေ့လာခဲ့ကြသည်။ အဆိုပါပူးပေါင်းလေ့လာရေးအဖွဲ့ သတင်းစာဆရာများသည် ဧပြီ ၂၈ ရက်မှစတင်ကာ မြန်မာနိုင်ငံဘက်ခြမ်းရှိ လားရှိုး၊ မန္တလေး၊ ပုဂံ၊ မကွေးနှင့် ရန်ကုန်မြို့သို့ ဆက်လက်သွားရောက်ကာ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စက်မှုလက်မှုဆိုင်ရာ အသင်းအဖွဲ့များသို့ သွားရောက်ကာ လေ့လာကြပြီး သတင်းများ၊ ဆောင်းပါးများ နှစ်နိုင်ငံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မီဒီယာများမှ တစ်ဆင့် ရေးသားထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**မြင့်မောင်**

## သဘာဝဘေး

# ငဖဲမြို့နယ်၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ငဖဲ ဧပြီ ၂၈**
မင်းဘူးခရိုင် ငဖဲမြို့နယ် ဆူးပဒေါင်းကျေးရွာအုပ်စု ဆူးပဒေါင်းကျေးရွာနှင့် ကံပေါက်ကျေးရွာတွင် ဧပြီ ၂၇ ရက် ညနေ ၃ နာရီက လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဆူးပဒေါင်းကျေးရွာတွင် နေအိမ် ၄၂ လုံး၊ အလကခွဲ ကျောင်းဆောင်တစ်ဆောင်နှင့် ကျေးရွာမှ ဆောက်လုပ်ပေးထားသော ဆရာ၊ ဆရာမနေအိမ်များ အမိုးလန်၊ ထရံကွာပျက်စီးဆုံးရှုံးခဲ့ပြီး ကံပေါက်ကျေးရွာတွင် နေအိမ်သုံးလုံး၊ အမက မူလွန်ကျောင်းတစ်ကျောင်း အမိုးလန်၊ ထရံကွာကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

“လေပြင်းက အရင်ကလည်း တိုက်ဖူးပါတယ်၊ ခုလိုမပြင်းထန်ပါဘူး၊ အချိန်က ၁၀ မိနစ်ကျော်ကျော် ၁၅ မိနစ်လောက်မို့ တော်တော့တယ်၊ ကျေးရွာက အိမ်ခြေ ၄၀ လောက်ရှိမယ်၊ အမိုး၊ အကာတွေ လေထဲပါသွားတာပါ၊လူတွေလည်း အန္တရာယ်လွတ်ကင်းမယ့်နေရာမှာနေရတာပေါ့၊ ကျေးရွာက လူတွေနဲ့ ကျွဲ၊ နွား တိရစ္ဆာန်ထိခိုက်သေဆုံးမှုတော့ မရှိပါဘူး”ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

ညနေ ၄ နာရီခွဲတွင် အဆိုပါကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများ သွားရောက်၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# မြန်အောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် တစ်လုံးပြို၊ သုံးလုံး အမိုးလန်

**မြန်အောင် ဧပြီ ၂၈**
မြန်အောင်မြို့နယ်တွင် ဧပြီ ၂၈ ရက် ညနေ ၄ နာရီခွဲမှ ညနေ ၄နာရီ မိနစ် ၅၀ အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကွမ်းတောအုပ်စု အလယ်ကုန်းကျေးရွာတွင် သစ်ပင်ပိ၍ နေအိမ်တစ်လုံးပြိုကျကာ ကွင်းကြီးဒေါင့်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ပြီး ပန်းညိုကွင်းကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ခဲ့ကြောင်း သိရှိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်/ဆက်)**



# နိုင်ငံတကာမှ လှူဒါန်းသော ပစ္စည်းများအတွက် အခွန်ပေးဆောင်ရမည်ဟုဆိုကာ ဝမ်းတွင်းမြို့နယ်ရှိ ပညာရေးဖောင်ဒေးရှင်းတစ်ခုထံမှ ငွေကျပ် ၄၅ သိန်း လိမ်လည်မှုဖြစ်ပွား

**မိတ္ထီလာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဒိုင်းကောင်းကုန်းကျေးရွာအုပ်စု ညောင်ပင်လှကျေးရွာရှိ တက္ကသီလာ ပညာရေးဖောင်ဒေးရှင်းဌာနချုပ်စင်တာသို့ နိုင်ငံတကာမှ လှူဒါန်းသောပစ္စည်းများအတွက် အခွန်ဆောင်ရမည်ဟုဆိုကာ ငွေကျပ် ၄၅ သိန်း လိမ်လည်သွားသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို မေ ၂၇ ရက်က အမှုဖွင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ဒိုင်းကောင်းကုန်းကျေးရွာအုပ်စု ညောင်ပင်လှကျေးရွာရှိ တက္ကသီလာပညာရေးဖောင်ဒေးရှင်းဌာနချုပ်စင်တာဥက္ကဋ္ဌ ဒေါက်တာအရှင်လာဘဝတ (၄၁ နှစ်) ဝါတော် ၂၁ ဝါသည် ဌာနချုပ်စင်တာတည်ရှိရာ ကျောင်းတိုက်တွင်ရှိနေစဉ် ဖုန်းဖြင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဘုန်းတော်ကြီးကျောင်းအတွက် နိုင်ငံတကာမှ လှူဒါန်းသောပစ္စည်းများ ရောက်ရှိနေကြောင်း ပြောဆိုပြီး ပစ္စည်းများအတွက် နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည့် ငွေကျပ် ၄၅ သိန်းအား ဒေါ်အိဝေဝေမောင်း၏ အကောင့်နံပါတ်( ၂၃၃၃၀၁၃၃၀၁၂၃၀၀၃၉၅၂၀၁) အကောင့်သို့ ငွေလွှဲပေးရန် ယုံကြည်အောင်ပြောဆိုသဖြင့် ဌာနချုပ်စင်တာဥက္ကဋ္ဌမှ မေ ၂၄ ရက်က မိတ္ထီလာမြို့ KBZ ဘဏ်-၃မှ ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် KBZ ဘဏ်-၁ သို့ အဆိုပါအကောင့်နံပါတ်ထဲသို့ ငွေများအား လွှဲပို့ခဲ့ရာ အကောင့်ပိုင်ရှင်မှ ငွေကျပ် ၄၅ သိန်းအား ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် KBZ ဘဏ်-၁မှ ထုတ်ယူသွားပြီဖြစ်သော်လည်း ယခုအချိန်အထိ ကျောင်းသို့ ကူညီထောက်ပံ့ပစ္စည်းများ ရောက်ရှိလာခြင်း မရှိသဖြင့် ငွေကျပ် ၄၅ သိန်းအား ယုံကြည်အောင် ပြောဆိုပြီး လိမ်လည်ယူသွားသော အမျိုးသားနှင့် အမျိုးသမီးကို အရေးယူပေးနိုင်ရန် မိတ္ထီလာမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဆင်သတ်မှုမှ တရားခံပြေးအား ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့် အရေးယူ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ချောင်းစောက်ကျေးရွာ အရှေ့ဘက်ရှိ ဥက္ကံချောင်းအတွင်း၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်က ဆင်သေတစ်ကောင်၏ ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်တို့အားတွေ့ရှိပြီး ဆင်သေတွင် နှာမောင်း၊ အစွယ်နှင့် သားရေတို့အား ဖြတ်တောက်ယူထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဥက္ကံနယ်မြေရဲစခန်းကအမှုဖွင့်၍ ပြစ်မှုကျူးလွန်သူများကို စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူ သန်းလင်း ပါခြောက်ဦးနှင့် တရားခံပြေးအဖြစ် အောင်နိုင်စိုးပါ ကိုးဦးတို့အား တရားစွဲတင်ပို့ခဲ့ပြီး ဖြစ်သည်။

တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းခဲ့ရာ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များ၊ ဖောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဖောင်ကြီးသစ်တော ကြိုးဝိုင်းအတွင်း၌ မေ ၂၇ ရက် နံနက် ၄ နာရီတွင် တရားခံပြေး အောင်နိုင်စိုး (၄၅ နှစ်)အား တူမီးသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်းနှင့် အခြားဆင်သတ်မှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ပြည်ထောင်စုလမ်းမကြီး လမ်းဆုံတွင် မစမ်းစမ်းဝင်း မောင်းနှင်ပြီး စံလင်း (ခ)အောင်နိုင်ထွေး လိုက်ပါလာသည့် Ipsum မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၁ ကီလို) နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယမန်နေ့ ညနေ ၆ နာရီ မိနစ် ၂၀ က ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးကျေးရွာ လယ်ကြီးတံတား ရဲကင်းရှေ့ မိုင်းလုံ-မိုးကုတ်သွားကားလမ်းတွင် လီချန်ချိန်း မောင်းနှင်လာသည့် လင့်ခရူဆာ မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည် ၁၄ တောင့်၊ ငွေကျပ် ၅၂၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ထို့အတူ မေ ၂၆ ရက် နံနက် ၅ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် လဝါကျေးရွာနေ တင်ဖေ၏ နေအိမ်ကိုရှာဖွေရာ တင်ဖေနှင့် အောင်လင်းတို့အား တွေ့ရှိရပြီး အိပ်ခန်းရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၊ ဘိန်းဖြူ ၆ ဂရမ်၊ လက်ဆွဲခြင်းအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၃ ခွက်(ဘိန်းဖြူအလေးချိန် ၁၃၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ငွေကျပ် ၁၁၇၅၀၀၀ တို့ကို လည်းကောင်း၊ အလားတူ ယမန်နေ့ ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု-၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ အဝင် မူဆယ်-မန္တလေးသွားပြည်ထောင်စုကားလမ်း၊ မိုင်တိုင် အမှတ်(၈၀/၄)အနီး၌ နော်ဆိုင်း(ခ)မာနော် မောင်းနှင်ပြီး ဝွန်းမိုင် လိုက်ပါလာသည့် လင့်ခရူဆာ မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၆၅ ခွက် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၈၁၅ ကီလို)နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကာမိုင်းမြို့တွင် မီးလောင်ဆုံးရှုံးမှုဖြစ်ပွား

**ကာမိုင်း မေ ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့တွင် မေ ၂၇ ရက် ည ၇ နာရီခွဲက လူမရှိဘဲ ဖယောင်းတိုင်မီးထွန်းထားရာမှ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ကာမိုင်းမြို့ မြို့မရပ်ကွက်ရှိ ဦးဂျာခွန်တူး(၈၀ နှစ်)သည် နေအိမ်တွင် လျှပ်စစ်မီးပြတ်တောက်နေသဖြင့် ဖယောင်းတိုင်မီး ထွန်းညှိထားကာ အိမ်အပြင်သို့ ခေတ္တခဏထွက်သွားစဉ် ဖယောင်းတိုင်မီးမှာ ကြမ်းပြင်သို့လဲကျပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့၍ ကာမိုင်းနယ်မြေ မီးသတ်စခန်းက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၈ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အိမ်ရှင်ဦးဂျာခွန်တူး၏နေအိမ်တစ်လုံး၊ အိမ်ငှား ဦးမြင့်ဝေ၏ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်နှစ်လုံးဆုံးရှုံးခဲ့ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးဂျာခွန်တူးအား ကာမိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဖမ်းဆီးစဉ် လုပ်သေနတ်ဖြင့် ပြန်လည်ပစ်ခတ်သည့် တရားခံပြေး သေနတ်မှန်၍သေဆုံး

**မြစ်ကြီးနား မေ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာအုပ်စု ၁၀ မိုင်ကျေးရွာတွင် မေ ၂၇ ရက် နံနက်၁၀နာရီခန့်က မူးယစ်ဆေးဝါးအမှုဖြင့် ထွက်ပြေးလွတ်မြောက်နေသည့် တရားခံပြေးအား ဖမ်းဆီးရာမှ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် သေနတ်ဒဏ်ရာရရှိ သေဆုံးခဲ့ကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မရဲစခန်းမှ ဖမ်းဆီးရန်အလိုရှိနေသည့် တရားခံပြေး ခေါင်ဇောင်း(ခ)မုန်ရာ(ခ)ဒန်ဆိုင်း(၄၃ နှစ်)အား မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာအုပ်စု ၁၀ မိုင်ကျေးရွာရှိ ၎င်း၏နေအိမ်တွင် ရောက်ရှိနေကြောင်း သတင်းအရ ရှာဖွေဖမ်းဆီးရန်သွားရောက်စဉ် နေအိမ်၌ M-23 လုပ်သေနတ်ကိုင်ဆောင်၍ ပစ်ခတ်ရန်အသင့်အနေအထားဖြင့် တွေ့ရှိရသဖြင့် လက်နက်ချအဖမ်းခံရန် သတိပေးရာ ၎င်းကသေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။

ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဒုတိယအကြိမ် သေနတ်အား ပစ်ဖောက်၍ လက်နက်ချအဖမ်းခံရန် သတိပေးသော်လည်း ဖမ်းဆီးခံခြင်းမရှိဘဲ ရဲတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့်ခြောက်ချက် ပြန်လည်ပစ်ခတ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ ခေါင်ဇောင်း(ခ)မုန်ရာ(ခ)ဒန်ဆိုင်းတွင် ကျည်ဆန်ထိမှန်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းအမှုမှ ခေါင်ဇောင်း(ခ)မုန်ရာ(ခ)ဒန်ဆိုင်း ကိုင်ဆောင်သည့်အရှည် သုံးပေခွဲခန့်ရှိ လုပ်သေနတ် တစ်လက်၊ ၎င်းသေနတ်ဖြင့် ပစ်ခတ်သည့် ၅ ဒသမ ၅၆ ကျည် ၄၂ တောင့်၊ ပစ္စတိုတစ်လက်နှင့် ကျည်အိမ်နှစ်ခု၊ ဗုံးသီးတစ်ခု၊ ကျည်ခွံသုံးခု၊ ကျည်ဆန်ထိပ်ဖူးနှစ်ခု၊ ကျည်တစ်တောင့်တို့အား ၎င်း၏နေအိမ်မှ ရှာဖွေသိမ်းဆည်းရမိကြောင်း၊ သေဆုံးသူတရားခံပြေး ခေါင်ဇောင်း(ခ)မုန်ရာ(ခ)ဒန်ဆိုင်းအား မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သည့် ရဲဆေးစာစစ်ချက်များ ရယူထားကြောင်းသိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကသာမြို့နယ်အတွင်းမှ တရားမဝင် ကညင်သစ် ၁၃၇ ဒသမ ၅၇၈ တန်ဖမ်းမိ

**ကသာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မြောက်မိုးတားကြိုးဝိုင်းအတွင်းမှ တရားမဝင်ကညင်သစ် ၄၉ လုံး ၁၃၇ ဒသမ ၅၇၈ တန် ဖမ်းမိခဲ့ကြောင်း သိရသည်။

မေ ၂၈ ရက် နံနက် ၁၀ နာရီခန့်တွင် ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆင့်၊ မြို့နယ်ဦးစီးအရာရှိ ဦတင်ထွဏ်းတို့ ပါဝင်သော သစ်တောဝန်ထမ်းများသည် သက်သေများနှင့်အတူ ကသာမြို့နယ်နှင့် ကချင်ပြည်နယ်စပ် မြောက်မိုးတားကြိုးဝိုင်းအတွင်း၌ တရားမဝင်သစ်ခုတ်သူများရှိနေကြောင်း၊ ကွင်းဆက်သတင်းအရ သွားရောက်ဖော်ထုတ်ဖမ်းဆီးရာ တရားမဝင်ကညင်သစ် ၄၉ လုံး၊ ၁၃၇ ဒသမ ၅၇၈ တန်အား တွေ့ရှိရသဖြင့် တရားမဝင် သစ်ခုတ်ရောင်းချသူများ ဖမ်းမိရေးအတွက် ဒေသခံများဖြင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**



# အုတ်တံတိုင်း ပြိုကျပိ၍ သေဆုံး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၈၇ ရပ်ကွက် ပုဏ္ဏမီလမ်းသွယ် ရတနာသိခ်ဘုန်းကြီးကျောင်းဘေးတွင် မေ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က အုတ်တံတိုင်းပြိုကျ၍ လူတစ်ဦး သေဆုံးလျက်ရှိကြောင်း သိရသည်။

သတင်းအရ ခေတ္တစခန်းမှူး ရဲအုပ်ဝင်းကိုနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဦးမင်းသိန်း (၃၆ နှစ်)ဆိုသူသည် ဦးခေါင်းသွေးထွက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး သေဆုံးသူ ဦးမင်းသိန်းနှင့်အတူ ပန်းရန်လုပ်ကိုင်သူ ကိုမြင့်မောင်၏ ပြောဆိုမှုအရ ရတနာသိခ်ဘုန်းကြီးကျောင်း၏ အမြင့်ခြောက်ပေ အလျား ပေ ၆၀ ခန့်ရှိ အုတ်တံတိုင်းအား ပြန်လည်ဆောက်လုပ်ရန်အတွက် ဖြိုဖျက်ရန် မြေတူးဖော်နေစဉ် အောက်ခြေမှ မြေသားများ ကျွံကျခဲ့သည့်အတွက် ပိမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ဆိုင်ကယ်ကိုရှောင်တိမ်းသည့် ခြောက်ဘီးယာဉ်တိမ်းမှောက်

**ကျောက်ကြီး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီး-ပဲနွယ်ကုန်းသွားသည့် ကားလမ်းတွင် မေ ၂၈ ရက် နံနက် ၉ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ကျောက်ကြီးမှ ပဲနွယ်ကုန်းဘက်သို့ ဝင်းမင်းပိုင်(၂၅ နှစ်) တောင်ငူမြို့နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ သံချောင်း(၁၉ နှစ်) လိုက်ပါလာသော 1P/ -----FORLAND ခြောက်ဘီးယာဉ်သည် ရှေ့မျက်နှာချင်းဆိုင်ဘက်မှလာသော ဆိုင်ကယ်ကို ရှောင်တိမ်းရာမှ လမ်းယာဘက်ခြမ်းရှိ မြေသားပျော့သည့်နေရာကို နင်းမိကာ အရှိန်လွန်တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းနှင့် လိုက်ပါလာသူနှစ်ဦးစလုံး ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း၊ နတ်သံကွင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မရမ်းချောင်စစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းများ၌စစ်ဆေးစဉ် လိုင်စင်မဲ့ယာဉ်ခြောက်စီး ဖမ်းမိ

**နေပြည်တော် မေ ၂၈**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၉ စီး၊ သွင်းကုန် ၁၀၈၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး ၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၁၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၁၁၈ သန်းခန့် စုစုပေါင်း တားဆီးမှု ၂၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂ ဒသမ ၇၃၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၇ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၏ရှောင်ကွင်းလမ်းများ၌ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Chariot Grandis ယာဉ်တစ်စီးနှင့် Toyota Hilux Vigo ယာဉ်တစ်စီး၊ Mitsubishi Io Pajero ယာဉ်တစ်စီး၊ Toyota Crown Majesta Saloon ယာဉ်တစ်စီး၊ Toyota Crown GRS/82 Saloon ယာဉ်တစ်စီး၊ Nissan Terrano ယာဉ်တစ်စီးတို့အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှတားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ လိုင်စင်မဲ့ယာဉ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ၌ အိုင်အက်စ်တို့၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရ

**စင်ကာပူ ဧပြီ ၂၈**

အိုင်အက်စ်တို့သည် အရှေ့အလယ်ပိုင်းဒေသ၌ ရှုံးနိမ့်မှုများရင်ဆိုင်နေရသော်လည်း အရှေ့တောင်အာရှသည် ဆိုက်ဘာတိုက်ခိုက်မှုအပါအဝင် အိုင်အက်စ်အစွန်းရောက်အုပ်စု၏ ခြိမ်းခြောက်မှုများကို အမှန်တကယ်ရင်ဆိုင်နေရကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက စနေနေ့တွင် ပြုလုပ်သည့် ဒေသတွင်းအစည်းအဝေး၌ သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

လူထုအင်အား သန်းပေါင်း ၆၅၀ပါဝင်သည့် ဒေသတွင်း ၁၀ နိုင်ငံတို့သည် အစ္စလာမ္မစ် စစ်သွေးကြွများ၏ အန္တရာယ်ကို ကာလကြာရှည်စွာ ရင်ဆိုင်လာရပြီး အိုင်အက်စ်တို့ပေါ်ထွက်လာမှုသည် လူမျိုးရေးဆိုင်ရာ ယှဉ်ပြိုင်မှုအသစ်နှင့် အစွန်းရောက်အုပ်စုများ အင်အားပြန်လည်ပြည့်ဝလာမှုကို ဖော်ညွှန်းနေသည်။




၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၌ သေနတ်နှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုတို့ ဖြစ်ပွားခဲ့မှုသည် ဒေသတွင်း၌ အိုင်အက်စ်လက်ချက်ဟု အခိုင်အမာပြောဆိုနိုင်သည့် ပထမဆုံး ကျူးကျော်တိုက်ခိုက်မှုဖြစ်ပြီး ဖိလစ်ပိုင်မြို့တော် မာရဝီကို ဂျီဟတ်စစ်သွေးကြွများ သစ္စာခံသည့် တိုက်ခိုက်ရေးသမားများက ပြီးခဲ့သည့်နှစ်အတွင်း နေရာအနှံ့ဝင်ရောက် မွှေနှောက်ဖျက်ဆီးခဲ့ကြသည်ဖြစ်ရာ လချီကြာမြင့်သည့် တိုက်ပွဲများပေါ်ပေါက်ခဲ့ပြီး လူရာနှင့်ချီ၍ သေဆုံးခဲ့ကြရသည်။

စီးပွားရေးဖွံ့ဖြိုးဆဲဖြစ်သည့် အရှေ့တောင်အာရှဒေသသည် လူဦးရေတိုးပွားလာမှုနှင့်အတူ နေ့စဉ်ဘဝကို ဒီဂျစ်တယ်နည်းပညာဖြင့် ဖြတ်သန်းနေကြသည့် ပြည်သူများအနေဖြင့် ဆိုက်ဘာတိုက်ခိုက်သူများ၏ ပိုမိုပစ်မှတ်ထားလာခြင်းကို ခံနေရသည့်အတွက် စိုးရိမ်ပူပန်မှုများလည်း ကြီးထွားလာခဲ့ကြောင်း သိရသည်။

စင်ကာပူ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ထိပ်သီးအစည်းအဝေးပွဲ ဖွင့်လှစ်မှုနှင့်အတူ လီရှန်လွန်းက အိုင်အက်စ်အစွန်းရောက်အဖွဲ့သည် အီရတ်နှင့်ဆီးရီးယားတို့တွင် ရှုံးနိမ့်နေသော်လည်း ဆက်လက် ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ အရှေ့တောင်အာရှသည် ငြိမ်းချမ်းသော်လည်း အိုင်အက်စ်တို့၏ ခြိမ်းခြောက်မှုကို အမှန်တကယ်ရင်ဆိုင်နေရကြောင်း လီရှန်လွန်းက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲရလဒ်အပေါ် ထရန့် လက်ခံကြိုဆို

**ဆိုးလ် ဧပြီ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သောကြာနေ့ကကျင်းပခဲ့သည့် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးရလဒ်အပေါ် လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် မကြာမီပြုလုပ်မည့် ထိပ်သီးအစည်းအဝေးမှ တစ်ဆင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားပပျောက်မှုကို မြင်တွေ့ခွင့်ရရှိရန် ကြိုးပမ်းမည့် ကြံ့ခိုင်သည့်စိတ်ဓာတ်ကိုလည်း ထရန့်က အလေးအနက်ဖော်ပြခဲ့သည်။ ထရန့်သည် သောကြာနေ့က အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဆုတံဆိပ်ရှင်များအား အိမ်ဖြူတော်၌ ကြိုဆိုခဲ့စဉ် ထိုသို့မှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။ မြောက်နှင့် တောင်ကိုရီးယား ပြည်သူများသည် တစ်နေ့တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်ရှိ သူပုန်များက ပစ်ခတ်လိုက်သည့် ဒုံးကျည်လေးစင်းကို ဆော်ဒီပစ်ချ




**ရီယာ့ဒ် ဧပြီ ၂၈**

ဆော်ဒီအာရေဗျသည် ယီမင်သူပုန်များထံမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်လေးစင်းကို အောင်မြင်စွာ ပစ်ချနိုင်ခဲ့ကြောင်း သူပုန်များအား တိုက်ခိုက်နေသည့် ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့က ပြောကြားခဲ့သည်။

ယီမင်သူပုန်များ ပစ်လွှတ်လိုက်သည့် ဒုံးကျည်များသည် ဆော်ဒီအာရေဗျတောင်ပိုင်းရှိ ဂျစ်ဇန်မြို့ဆီသို့ ဦးတည်ဝင်ရောက်လာခဲ့ကြောင်း မဟာမိတ်အဖွဲ့၏ ပြောပြချက်အရ သိရသည်။ ဒုံးကျည်ပစ်ခတ်မှုအတွင်း သေကျေပျက်စီးမှု မရှိခဲ့ပေ။

ဟူသီသူပုန်များ ဆောင်ရွက်နေသည့်အယ်လ်မာစီရတ် ရုပ်မြင်သံကြားက ၎င်းတို့သည် ဆော်ဒီတပ်ဖွဲ့များက အဆိုပါ ဇရိယာသို့ ဦးတည်လာသည့် ဒုံးကျည်တစ်စင်းကို ပစ်ချခဲ့ကြောင်း ပြောကြားခဲ့ပြီး နောက်တစ်ရက်အကြာတွင် ဂျစ်ဇန်ဆီသို့ ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း စနေနေ့က ပြောကြားခဲ့သည်။

ဟူသီတို့သည် ယီမင်မြို့တော် ဆာနား၌ အရာရှိတစ်ဦး၏ ဈာပနအခမ်းအနားကို ဆောင်ရွက်နေစဉ် နောက်ဆုံးတိုက်ခိုက်မှုများ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သူပုန်အဖွဲ့၏ အမြင့်ဆုံးနိုင်ငံရေးကောင်စီအကြီးအကဲ ဆာလက် အယ်လ်အာမက်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဆော်ဒီအာရေဗျနှင့် ၎င်း၏မဟာမိတ်အဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

ဆော်ဒီအာရေဗျသည် နိုင်ငံတောင်ပိုင်း အိမ်နီးချင်းဒေသရှိ ဟူသီသူပုန်များကို တိုက်ထုတ်ရန်နှင့် နိုင်ငံတကာက အသိအမှတ်ပြုသည့် ယီမင်အစိုးရ၏ အခွင့်အာဏာကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် ၎င်း၏တပ်မတော်မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဟူသီသူပုန်များသည် ယီမင်မြို့တော် ဆာနားကိုသာမက ယီမင်မြောက်ပိုင်းရှိ အစိတ်အပိုင်းအများစုနှင့် ယီမင်အနောက်ပိုင်းကမ်းခြေပေါ်ရှိ အချက်အချာကျသည့် ဟိုဒီဒက်ဆိပ်ကမ်းမြို့ကိုပါ ထိန်းချုပ်ထားသည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ ယီမင်ပဋိပက္ခအတွင်း ပါဝင်လာချိန်မှစတင်ကာ လူတစ်သောင်းခန့် သေဆုံးခဲ့ပြီး ကုလသမဂ္ဂက ကမ္ဘာ့အဆိုးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

မဟာမိတ်အဖွဲ့သည် သူပုန်များက ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ပြီးခဲ့သည့် နိဝင်ဘာလအတွင်းက ယီမင်ဆိပ်ကမ်းများကို အကြီးအကျယ် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

နောက်ပိုင်းတွင် ပိတ်ဆို့မှုများကို တစ်စိတ်တစ်ပိုင်း ဖယ်ရှားခဲ့သည်။ သို့သော် ကန့်သတ်မှုများကျန်ရှိနေဆဲဖြစ်ပြီး ဆင်းရဲတွင်းနက်သည့်ယီမင်နိုင်ငံသည် ငတ်မွတ်ခေါင်းပါးမှုကို ရင်ဆိုင်နေရသည်။

**အေအက်ဖ်ပီ**

## ဂါဇာ၌ဖြစ်ပွားသည့် ဆန္ဒပြမှုအတွင်း ပါလက်စတိုင်းပြည်သူလေးဦး ထပ်မံသေဆုံး




**ဂျေရုဆလင် ဧပြီ ၂၈**

ကုလသမဂ္ဂထိပ်တန်း အာဏာပိုင်တစ်ဦးက အစ္စရေးနှင့် ဟားမာ့စ်တို့ကို ပဋိပက္ခဖြစ်ပွားမှုမှ ရှောင်တိမ်းကြရန် တိုက်တွန်းခဲ့ပြီးနောက်တွင် အစ္စရေးနှင့်ထိစပ်နေသည့် ဂါဇာနယ်စပ်ခြံစည်းရိုးတစ်လျှောက်ငါးကြိမ်မြောက် ဆက်လက်ဖြစ်ပွားသည့် ဆန္ဒပြမှုများအတွင်း ပါလက်စတိုင်းနိုင်ငံသားလေးဦးသေဆုံးကာ ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသက် ၁၅နှစ်ရှိ အာဇမ်အိုဝီဒါသည် ဂါဇာတောင်ပိုင်း၌ အစ္စရေးကာကွယ်ရေး တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဦးခေါင်းထိမှန်ခဲ့ပြီး ယင်းဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက စနေနေ့ နံနက်တွင် ပြောကြားခဲ့သည်။

The Great March of Return ဟု အမည်ရသည့် လူထုစုဝေးချီတက် ဆန္ဒပြမှုဖြစ်ပွားခဲ့ချိန်မှ စတင်ကာ အာဇမ်၏ သေဆုံးမှုအပါအဝင် သေဆုံးသူ ၄၅ ဦးအထိ ရှိလာခဲ့ပြီဖြစ်ပြီး ဒဏ်ရာရရှိသူ ၁၅၀၀ ကျော်သွားပြီဖြစ်သည်။ ဆန္ဒပြမှုအတွင်း အစ္စရေးနိုင်ငံသားတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။

အစ္စရေးတပ်မတော်က ပြောကြားသည်မှာ လူတစ်သောင်းခန့်တို့သည် နယ်စပ်တစ်လျှောက်ဖြစ်ပွားသည့် ဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြကြောင်း တပ်ဖွဲ့ဝင်များက လူစုခွဲရန် ကြိုးပမ်းခဲ့ကြကြောင်း၊ အစ္စရေးကာကွယ်ရေးအင်အားစုသည် နယ်စပ်ခြံစည်းရိုးကို ချိုးဖျက်ဝင်ရောက်ရန် ကြိုးပမ်းသူများနှင့် ကျောက်တုံးကျောက်ခဲများဖြင့်ပစ်ပေါက်ကာ ရန်းရင်းဆန်ခတ် ဖြစ်ပွားအောင်လုပ်ဆောင်သည့် ဆန္ဒ ဖော်ထုတ်သူများနှင့် လှုံ့ဆော်သူများကိုသာ သေနတ်ဖြင့်ပစ်ခတ်ကာ ထိန်းချုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ဆီးရီးယား၌ ဓာတုလက်နက် အသုံးပြုခဲ့ခြင်း မရှိကြောင်း ရုရှားငြင်းဆန်

**မော်စကို ဧပြီ ၂၈**

ရုရှားအစိုးရ အာဏာပိုင်တစ်ဦးသည် ဆီးရီးယား၌ ဓာတုလက်နက်များ အသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များကို ငြင်းဆန်ခဲ့ကြောင်းနှင့် လုပ်ကြံပြောဆိုနေမှုများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဓာတုလက်နက် တားဆီးရေးအဖွဲ့ဆိုင်ရာ ရုရှားသံတမန် အလက်ဇန်းဒါး ရှာလ်ဂင်က ကြာသပတေးနေ့တွင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဗြိတိန်တို့သည် ဆီးရီးယား၌ ဧပြီ ၁၄ ရက်က စစ်ရေးအရ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကာ ဧပြီ ၇ ရက်တွင် အရှေ့ဂူတာခရိုင်၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့်အတွက် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရအဖွဲ့ကို အပြစ်တင်ခဲ့သည်။

တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ကလေးငယ်များဆေးရုံတွင် ကုသမှုခံယူခဲ့သည့် ဗီဒီယိုဖိုင်များသည် အတုအယောင်များသာဖြစ်ကြောင်း ရှာလ်ဂင်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်အရှေ့ပိုင်းပြည်နယ်တွင် တာလီဘန်စစ်သွေးကြွခေါင်းဆောင်ဦး အသတ်ခံရ

**ဂျာလာလာဘတ် ဧပြီ ၂၈**

အာဖဂန် အထူးစစ်ဆင်ရေးအင်အားစုများက နန်ဂဟာအရှေ့ပိုင်းပြည်နယ်တွင် တစ်ညလုံး စီးနင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပြီးနောက်တွင် တာလီဘန်စစ်သွေးကြွခေါင်းဆောင်ဦးတို့ သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့က သောကြာနေ့တွင် ဖော်ပြခဲ့သည်။

စစ်ဆင်ရေးကို ခိုဂျာနီခရိုင် အက်ဒဝါ၌ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားနှစ်ဦးကို လုံခြုံရေးအင်အားစုများက ဖမ်းဆီးလိုက်ကြောင်း သိရသည်။ သေဆုံးသွားသူများတွင် တာလီဘန်အဖွဲ့မှ ဗုံးပြုလုပ်ရာတွင် ကျွမ်းကျင်သူ ဇာရင်လည်း ပါဝင်သည်။

လုံခြုံရေးအင်အားစုအဖွဲ့ဝင်များဘက်မှ ထိခိုက်ကျဆုံးမှု မရှိခဲ့ပေ။ အေကေ ၄၇ သေနတ်တစ်လက်၊ ကျည်ဆန်ငါးကတ်၊ ဆက်သွယ်ရေး ရေဒီယိုတစ်လုံးနှင့်အတူ ပေါက်ကွဲပစ္စည်းများကိုလည်း တွေ့ခဲ့ရကြောင်း ဖော်ပြချက်တွင် ပါရှိသည်။

စစ်သွေးကြွများသည် အစိုးရအဖွဲ့၏ အချက်အချာနေရာများကို ကြိမ်ဖန်များစွာ တိုက်ခိုက်လျက်ရှိရာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် လွန်ခဲ့သော လအနည်းငယ်အတွင်းမှစတင်ကာ မြေပြင်နှင့် ဝေဟင်တိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်ခဲ့သည်။ **ဆင်ဟွာ**

# ဗြိတိန်လက်နက်ရောင်းချမှုကြောင့် အရှေ့အလယ်ပိုင်းမှာ စစ်ပွဲတွေဖြစ်နေသလား

**တင်လင်းအောင်**




ထရီဆာမေဟာ ရီယာ့ဒ်ကို မကြာသေးမီလပိုင်းက သွားရောက်တဲ့အခါမှာတော့ ဆော်ဒီအစိုးရဟာ ယီမင်အပေါ် ဒုက္ခပေးသလိုဖြစ်နေတဲ့ ပိတ်ဆို့မှုအရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ခဲ့တယ်လို့ သိရပါတယ်။ မကြာသေးမီ လွန်ခဲ့တဲ့အချိန်က ဆော်ဒီဟာ ယီမင်ဆိပ်ကမ်းတွေအပေါ် စစ်ရေးဆိုင်ရာ ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီ ပိတ်ဆို့မှုတွေထဲမှာ သန်းပေါင်းများစွာသော ပြည်သူတွေ လိုအပ်နေတဲ့ အဓိကအရေးကြီးတဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေလည်း ပါပါတယ်။ တကယ်လိုအပ်နေတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေဆီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေ မရောက်တဲ့အတွက်ကြောင့် ယီမင်ရဲ့ အခြေအနေဟာ အလွန်ကိုပဲ ဆိုးရွားလာပါတယ်။ ယီမင်ကလေးငယ် အတော်များများဟာ အာဟာရချို့တဲ့ခြင်း၊ အလွန်အမင်းဆာလောင်ခြင်း စတဲ့ ရောဂါတွေကြောင့် နေ့စဉ်သေဆုံးလျက်ရှိပါတယ်လို့ Save the Children အဖွဲ့က ဆိုပါတယ်။

**ကတိတွေ ဆက်လက် တည်မြဲနေဦးမယ်**

နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆန်ပြောပြောနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ စဉ်းစားစရာပါ။ အခုလို စိုးရိမ်ပူပန်မှုတွေရှိနေသော်လည်း ဒီကိစ္စဟာ ထရီဆာမေ၊ ဘောရစ်ဂျွန်ဆန်နဲ့ သူ့အစိုးရအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ရမယ့် အခြေအနေဖြစ်ပါတယ်။

ဆော်ဒီဦးဆောင် ဗုံးကြဲတိုက်ခိုက်မှုတွေဟာ သုံးနှစ်နီးပါးပြည့်တော့မယ့်အချိန်မှာ ယခင်က နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟမ်မွန်ဒ်က ဗြိတိန်အနေနဲ့ လက်တွေ့ဆန်တဲ့ နည်းလမ်းတွေနဲ့ အကူအညီပေးဖို့ ကတိပေးခဲ့ဖူးပါတယ်။ ဝက်ဘ်ဆိုက်စာတမ်းမှာ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာအပြောင်းအလဲ ရှိနေသော်လည်း ပေးခဲ့တဲ့ကတိတွေဟာ ဆက်လက်တည်မြဲနေတုန်းပဲ ရှိပါသေးတယ်။

**စစ်လက်နက်တွေက ပြည်သူတွေကို ထိခိုက်**

ထိုအချိန်ကတည်းက ဗြိတိန်ဟာ ပေါင် ၄ ဒသမ ၆ ဘီလီယံတန်ဖိုးကျော်ရှိ တိုက်ခိုက်ရေးဂျက်လေယာဉ်တွေ၊ ဗုံးတွေ၊ ဒုံးကျည်တွေ စတာတွေကို ဆော်ဒီကို ရောင်းချခွင့်ရှိခဲ့ပါတယ်။ အဲဒီထဲမှာ ယူရိုတိုက်ခိုက်ရေး တိုင်ဖွန်းဂျက်လေယာဉ်တွေ ပါဝင်ပါတယ်။ အဲဒီဂျက်လေယာဉ်တွေဟာ ဗုံးကြဲတဲ့နေရာမှာ အလွန်ကိုပဲ အရေးကြီးတဲ့ အခန်းက ပါဝင်လျက်ရှိပါတယ်။ ထို့အတူ Paveway IV bombs လို့ ခေါ်တဲ့ ဗုံးတွေကိုလည်း ဗြိတိန်လေ့ကျင့်ပေးထားတဲ့ လေသူရဲတွေက ကောင်းကင်က ကြဲချမှုတွေလည်း လုပ်ဆောင်နိုင်ပါသေးတယ်။

အဆိုပါ စစ်လက်နက်တွေဟာ ပြည်သူတွေကို တစ်နည်းတစ်ဖုံနဲ့ ထိခိုက်နိုင်တယ်ဆိုတာ ငြင်းမရပါဘူး။ ဗြိတိန်က ထောက်ပံ့တဲ့ ဗုံးတွေဟာ ပြည်သူ့အခြေခံ အဆောက်အအုံတွေကို ထိခိုက်မှုတွေ ရှိတယ်လို့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့နဲ့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့တွေက ဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က ဆော်ဒီစစ်ဘက်ကို အပြည်ပြည်ဆိုင်ရာဒုက္ခသည်ဥပဒေကို စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်တယ်ဆိုပြီး စွပ်စွဲ ခဲ့ပါတယ်။

**လက်နက်ရောင်းချမှုတွေ မရပ်တန့်**

သေဆုံးမှုဆိုင်ရာ ကိန်းဂဏန်းတွေ တိုးလာရုံတင်မက အလွဲသုံးမှုတွေ မြင့်တက်လာသော်လည်း လက်နက်ရောင်းချမှုဟာ ရပ်တန့်မသွားခဲ့ပါဘူး။ တကယ်တော့ ယီမင်ပြည်သူတွေအတွက် စိုးရိမ်ပူပန်တယ်လို့ ဆိုသော်ငြားလည်း အစိုးရရဲ့ ဦးစားပေးဆောင်ရွက်မှုတွေ အနေနဲ့ သိပ်ပြီး ရှင်းရှင်းလင်းလင်းမဖြစ်ခဲ့ပါဘူး။

လွန်ခဲ့တဲ့အောက်တိုဘာလကလည်း ဆော်ဒီဒုံးကျည်တိုက်ခိုက်မှုကြောင့် ယီမင်မှာ လူပေါင်း အယောက် ၁၄၀ လောက် သေဆုံးခဲ့ပါသေးတယ်။ သို့သော်လည်း တရားဝင် လက်နက်ရောင်းချမှုဆိုင်ရာ လိုင်စင်လေး တစ်ခုတောင်မှ ရပ်တန့်မှု မရှိခဲ့ပါဘူး။ အဆိုပါ ဖြစ်ရပ်ဖြစ်ပြီး ခြောက်ပတ်လောက်ကြာပြီးနောက်မှာ ထရီဆာမေဟာ ပင်လယ်ကွေ့ဒေသပူးပေါင်းဆောင်ရွက်မှုကောင်စီသို့ သွားရောက်လည်ပတ်ခဲ့ပါသေးတယ်။ အဲဒီမှာ သူဟာ ဗုံးကြဲမှုမှာပါဝင်ခဲ့တဲ့ ဆော်ဒီနဲ့ တခြားစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

ထို့အတူ လွန်ခဲ့တဲ့ စက်တင်ဘာလမှာလည်း ယီမင်တစ်ဝန်း ဝမ်းပျက်ဝမ်းလျှောမှုတွေဟာ မှတ်တမ်းတင်ပမာဏလောက်အထိ မြင့်တက်ခဲ့တာတောင်မှ ဗြိတိန်အစိုးရဟာ အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ လက်နက်ပြပွဲမှာ လက်နက်ဝယ်ဖို့ ရောက်လာတဲ့ ဆော်ဒီစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေကို လန်ဒန်မှာ ကော်ဇောနီခင်းပြီး ကြိုဆိုခဲ့ပါသေးတယ်။

**လက်နက်ရောင်းချမှုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ်**

ဗြိတိန် ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်ဟာ တိုက်ခိုက်ရေး ဂျက်လေယာဉ်တွေ ပိုပြီးရောင်းနိုင်ဖို့ အရေး ဆော်ဒီကို ဝေဖန်မှုမပြုဖို့ ပါလီမန်အဖွဲ့ဝင်တွေကို သိပ်မကြာခင်လကမှ ပြောခဲ့ပါသေးတယ်။ ယီမင်မှာရှိတဲ့ ပြည်သူတွေကို ကူညီနိုင်ဖို့ဆိုရင် အစိုးရအနေနဲ့ အခုလိုမျိုးလုပ်ဆောင်ချက်တွေက သင့်တော်မှု မရှိပါဘူး။ လက်နက်ရောင်းချမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးရမယ်ဆိုတာ သံသယမရှိသလောက်ပါပဲ။

တကယ်တမ်းဆိုရင်တော့ အခုကိစ္စဟာ ထရီဆာမေကို တစ်ဦးချင်းရွေးချယ်ဖို့လုပ်နေတာထက် ပိုပြီး ကြီးမားတဲ့ကိစ္စပဲဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာအထိ နိုင်ငံရေးအင်အားပေါင်းစုံပါဝင်တဲ့ အစိုးရဟာ မရေရာတဲ့ နိုင်ငံရေးအခြေအနေနဲ့ စစ်ရေးဆိုင်ရာထောက်ပံ့မှုတွေကို ဆော်ဒီတော်ဝင်မိသားစုကို ထောက်ပံ့ခဲ့ပါတယ်။ ထရီဆာမေအစိုးရအနေနဲ့ အခုလိုမျိုး ထောက်ပံ့မှုလုပ်ဆောင်နေတာတွေကို ပြန်လည် သုံးသပ်ရတော့မယ့်အချိန် ကျရောက်လို့လာခဲ့ပြီဆိုတာ သံသယမရှိ လက်ခံရတော့မှာပါ။

**ဗြိတိန်ပြည်သူတွေက လက်နက်ရောင်းချတာကို ဆန့်ကျင်**

ပြည်သူ့စစ်တမ်း ကောက်ယူတဲ့အခါမှာတော့ ဗြိတိန်အများစုဟာ အခုလို လက်နက်ရောင်းချတာကို ဆန့်ကျင်တယ်ဆိုတာကို ဖော်ပြခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က အခုလိုမျိုးဆန့်ကျင်မှုတွေ ပါလီမန်မှာ ဖြစ်ပေါ်ခဲ့ပါသေးတယ်။ အလုပ်သမား၊ လစ်ဘရယ်ဒီမိုကရက်၊ အက်စ်အင်န်ပီ၊ ဂရင်းစတဲ့ နိုင်ငံရေးပါတီတွေဟာ ဆော်ဒီကို လက်နက်ရောင်းချမှုတွေ ရပ်တန်းကရပ်ဖို့ တညီတညွတ်တည်း အဆိုပြုခဲ့ကြပါတယ်။

ရက်ပေါင်း ၁၀၀၀ နီးပါး ဗုံးကြဲမှုဒဏ်တွေ၊ နာကျင်မှုဒဏ်တွေကို ခံစားပြီးနောက်မှာတော့ အခုအခါမှာ ယီမင်နိုင်ငံအတွက် ငြိမ်းချမ်းစွာဖြေရှင်းနည်းများ လိုအပ်လာခဲ့ပြီ ဖြစ်ပါတယ်။ ထရီဆာမေအစိုးရအနေနဲ့ သူ့ရဲ့ ဦးဆောင်မှုကို ပြသတဲ့အနေနဲ့ အတိတ်ကကတိကို ထားခဲ့ပြီး ဆော်ဒီကို လက်နက်ရောင်းချမှုတွေ ရပ်လိုက်မလား။ အဲလိုမှမဟုတ်ရင် ဘယ်လိုဆက်လုပ်မလဲ။ အခုလို ရက်စက်တဲ့ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဘယ်လိုမှ လက်မခံနိုင်တဲ့ အကြောင်းအချက်ပဲ ဖြစ်ပါတယ်။ ယီမင်ပြည်သူတွေရဲ့ အသက်ကို ခြိမ်းခြောက်မှုမှ ရရှိလာတဲ့ လက်နက်ရောင်းချလို့ရတဲ့ အကျိုးအမြတ်တွေကို ထရီဆာမေနဲ့ သူ့ရဲ့ အစိုးရတို့ မရပ်တန့်ခင်မှာ ယီမင်ပြည်သူတွေရဲ့ နောက်ထပ် အသက်တွေ ဘယ်လောက်များ စတေးကြရဦးမလဲဆိုတာ စဉ်းစားကြည့်ရင် စိတ်မကောင်းဖြစ်စရာပါ။

**လူသားချင်းစာနာထောက်ထားမှုတွေ လိုအပ်**


မည်သို့ပင်ဆိုစေ တကယ်တမ်းဆိုရင်တော့ လူသားချင်းစာနာထောက်ထားမှုဟာ မရှိမဖြစ် လိုအပ်ပါတယ်။ လူသားချင်း စာနာထောက်ထားမှုအကူအညီတွေကို ယီမင်ပြည်သူတွေဆီ ရောက်ရှိအောင် ဆော်ဒီကလည်း အကူအညီပေးရမှာဖြစ်သလို တစ်ဖက်ကလည်း လက်နက်ရောင်းချမှုကို ယီမင်ပြည်သူတွေအတွက် စဉ်းစားပြီး ထိန်းချုပ်ရမှာပါ။ အဲလိုမှမဟုတ်ဘဲ လိုအပ်တဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေလည်း ယီမင်ပြည်သူတွေဆီ မရောက်ဘူးဆိုရင် ယီမင်ပြည်သူတွေရဲ့ ဘေးဒုက္ခဟာ ပိုမိုကြီးထွားလာမှာ ဖြစ်ပါတယ်။ အခုတောင် အစာရေစာပြတ်လပ်ပြီး တစ်နေ့ကို ကလေးငယ်ပေါင်း ၁၃၀ လောက်သေဆုံးနေရင် အကယ်၍များ သူတို့တွေအတွက် လိုအပ်တဲ့ အကူအညီတွေကို မပေးနိုင်ဘူးဆိုရင် ဒီထက်မက သေဆုံးကြဖို့ပဲ ရှိပါတယ်။


ထို့အတူ ထရီဆာမေအစိုးရအနေနဲ့လည်း ယီမင်အပေါ် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုပြီး လက်နက်ရောင်းချမှုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပေးရမှာပဲ ဖြစ်ပါတယ်။ အဲလိုမှ ဆုံးဖြတ်ချက် မချနိုင်ဘူးဆိုရင်တော့ ယီမင်ပြည်သူတွေရဲ့ ဘဝဟာ အစာကငတ်သေး၊ လက်နက်ဘေးလည်း ကြောက်ရသေးဆိုတဲ့ ဘဝမျိုးကို ရောက်ပြီး သေမထူး၊ နေမထူးဘဝတွေ ရောက်ကြရမှာပါ။ ဗြိတိန်ရဲ့ လက်နက်ရောင်းချမှုကြောင့် ယီမင်မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲအခြေအနေတွေဟာ ပိုလို့ဆိုးရွားလာသလို ဖြစ်နေပါတယ်။


ဆိုခဲ့သလို ယီမင်ပြည်သူတွေအတွက် ငြိမ်းချမ်းဖို့ဆိုရင် ဒီကိစ္စကို အကောင်းဆုံးဖြေရှင်းနည်းတော့ ရှိကိုရှိမှာ ဖြစ်ပါတယ်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့အတိုင်း အကောင်းဆုံးတွေကို ကြံစည်နိုင်ပြီး ဗြိတိန်အနေနဲ့လည်း ယီမင်ကို လက်နက်တွေ ဆက်လက်ရောင်းချသင့် မချသင့်နဲ့ ပတ်သက်ပြီးတော့လည်း အလေးအနက်ထားစဉ်းစားဖို့ လိုအပ်ပါကြောင်း။ ။

**ကိုးကား- သည်ဂါးဒီးယန်း**


> **“ဗြိတိန်က ထောက်ပံ့တဲ့ ဗုံးတွေဟာ ပြည်သူ့အခြေခံ အဆောက်အအုံတွေကို ထိခိုက်မှုတွေ ရှိတယ်လို့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့နဲ့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့တွေက ဆိုပါတယ်”**



HTOO
ဟဲ့..ဒုန်းဒိန်းတို့ အိုကျော်တို့ ... လာကြ ... ထမင်းစားချိန်လေ...
မတော်ဥရဲ့ အသံပဲ...
ဒီမယ်တော်ဥ..ကလေးတွေကိုရိုင်းရိုင်းကြမ်းကြမ်းတွေနဲ့မဆုံးမ သင့်ဘူးဟ..
ကလေးဆိုတာ အဆော့မက်ကြတာပဲဟ...
နှာ..ပလုတ်တုတ်...
ရှော...


သက်စွ
ဇော်ဇီ
ဟေ့၊ သရက်သီး၊ နင်တို့ဖို့ ဝယ်လာတာ...
ချိုးပါ၊ လမ်းထွက် ချိုးပြီးပြီ၊
ဖြိုး


မေမေ နှင့် သားသား
ကာတွန်း
အောင်မယ်




ဒေါ်လေးတို့ အိမ်...
ပြစ်နေလေ
YBS





# ဒသမ၊ ဒသန

မောင်ခင်မင်(ဓနုဖြူ)

"မင်းရောက်နေတုန်း ပြောရဦးမယ်၊ ဟိုတစ်နေ့က တို့ဆီကို တစ်ယောက်က ဖုန်းဆက်တယ်"

"ဟုတ်ကဲ့၊ ဘယ်သူဆက်တာပါလဲ ဦး"

"သူက ဖုန်းထဲမှာပြောတယ်၊ ကျွန်တော်ကအထက်တန်းကျောင်းအုပ်ဆရာကြီးပါတဲ့၊ မေးစရာတစ်ခုပေါ်လာလို့ ဆရာကြီးကိုမေးချင် လို့ပါ ... တဲ့"

"ဟုတ်ကဲ့"

"သူမေးတဲ့ကိစ္စက သင်္ချာဘာသာမှာ ဒသမကိန်းတွေအကြောင်းရေးတော့ သူက 'ဒဿမ'လို့ သကြီးနဲ့ရေးရမယ်လို့ ပြောတယ်တဲ့၊ သူ့ကျောင်းကဆရာမတွေကတော့ 'ဒသမ' သရိုးရိုးနဲ့ ရေးတာမှန်တယ်လို့ ပြောတယ်တဲ့၊ ဘာဖြစ်လို့ ဒသမက မှန်တယ်လို့ပြောတာလဲလို့ သူကမေးတော့ ဆရာမတွေက ပုံနှိပ်စာအုပ်ထဲမှာ အဲဒီလို စာလုံးပေါင်းထားတာတွေ့လို့ ပါလို့ ဖြေသတဲ့"

"သြော်...ဟုတ်ကဲ့"

"အဲဒါကိုသူက သူမှန်တယ်ထင်ပြီး တို့ကိုသက်သေထူတာထင်ပါရဲ့၊ တို့က ပြောလိုက်ပါတယ်၊ 'သူတို့ပြောတာမှန်ပါတယ်' ခင်ဗျားပြောတာ မှားနေတယ်၊ စာလုံးပေါင်းသတ်ပုံစာအုပ်ကလေး ဘာလေးကြည့်ပေါ့ဗျာ လို့ပြောလိုက်တော့ သူက 'ဟာ... ဒဿမကမှန်တာလား' လို့ တအံ့တသြပြောပြီး ဖုန်းချ သွားတယ်"

"ဒါဆို ဒဿမလို့ ဿ(သကြီး)နဲ့ ရေးတာ မမှန်ဘူးပေါ့ နော် ဦး"

"ဘာလဲ၊ မင်းကကော မှန်တယ်ထင်နေလို့လား၊ တော်တော်များများမှားတတ်တဲ့စာလုံးပဲလေ၊ 'ဒသမ' ဆိုတာ ပါဠိစကား ဆယ်ခုမြောက်လို့ အဓိပ္ပာယ်ရတယ်၊ ခုဂဏန်းနောက်က ဆယ်လီစိတ်ထားကြောင်းပြတဲ့ အစက်ကလေးကို ခေါ်တဲ့ စကားလေ"

"ဟုတ်ကဲ့ပါ၊ သေသေချာချာ မှတ်ထားပါ့မယ် ဦး"

"ဒသဆိုတာ တစ်ဆယ်လို့အဓိပ္ပာယ်ရတာ မင်းသိမှာပါ၊ မြန်မာစကားထဲက အသုံးတွင်နေတဲ့ စကားလုံးတွေရှိပါတယ်ကွာ၊ ရာမဇာတ်ထဲက ခေါင်းဆယ်လုံးရှိတယ်ဆိုတဲ့ ဘီလူးနာမည်က 'ဒသဂီရိ'လေ၊ ရာမရဲ့အဖေက တိုင်းပြည်ဆယ်ပြည်ပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဒသရဋ္ဌ' လို့လည်း ခေါ်တယ်၊ ရထားဆယ်စင်းပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဒသရထ'လို့လည်း ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် သကြီးနဲ့ရေးတဲ့ စာလုံးကရော-ဦး"

"ဖီလိုဆိုဖီ- အဲ ... အတွေးအခေါ်ကို ဒဿလို့ခေါ်တယ် မဟုတ်လား၊ တက္ကသိုလ်က ဖီလိုဆိုဖီဘာသာရပ်ကို ဒဿနဗေဒ၊ ဒဿနိကဗေဒလို့ခေါ်တယ်၊ အဲဒီစကားကို သကြီးနဲ့ ရေးရတယ်"

"ရိုးရိုးသနဲ့ သကြီးနဲ့ ဘယ်လိုကွာတာလဲဟင်...ဦး"

**"ဒသဆိုတာ တစ်ဆယ်လို့အဓိပ္ပာယ်ရတာ မင်းသိမှာပါ၊ မြန်မာစကားထဲက အသုံးတွင်နေတဲ့ စကားလုံးတွေရှိပါတယ်ကွာ၊ ရာမဇာတ်ထဲက ခေါင်းဆယ်လုံးရှိတယ်ဆိုတဲ့ ဘီလူးနာမည်က 'ဒသဂီရိ'လေ၊ ရာမရဲ့ အဖေက တိုင်းပြည် ဆယ်ပြည်ပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဒသရဋ္ဌ' လို့လည်း ခေါ်တယ်၊ ရထားဆယ်စင်းပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဒသရထ' လို့လည်း ခေါ်တယ်"**

"အရင် တို့ပြောဖူးပါတယ်ကွာ၊ မင်းမေ့သွားပြီ ထင်တယ်၊ သကြီးဆိုတာလွယ်လွယ်ခေါ်တဲ့အခေါ်ပါ၊ တကယ်တော့ သနှစ်လုံးဆင့်ထား တာပါ၊ ရေးတော့သနှစ်လုံးကို တစ်လုံးပေါ်တစ်လုံးဆင့်မရေးဘဲ တွဲရေးတော့ 'ဿ'ဖြစ်သွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ ပါဠိမှာ စာလုံးနှစ်လုံးဆင့်ရင် ရှေ့စာလုံးကို ဘယ်လို သဘောထားရသလဲ"

"အသက်ပါတယ်လို့သဘောထားရပါတယ် ဦး"

"ကဲ ... ဒီတော့ 'ဒဿ'လို့ရေးတာကို ခွဲရေးရင် ဒီလိုရေးရမှာပေါ့၊ (ကျွန်တော်က ဒသ်+သဟုရေးပြလိုက်ပါသည်။)"

"ဟုတ်ကဲ့ပါ"

"ဒဒွေးကို သသတ်တော့ 'ဒသ်'ပေါ့၊ 'ဒတ်'လို့ အသံထွက်တာပေါ့၊ နောက်ကသနဲ့တွဲတော့ /ဒတ်သ့/လို့ အသံထွက်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့် ဒဿနကို /ဒတ်သန့/လို့အသံထွက်ရတာပေါ့၊ ဒါပေမယ့် တစ်ဆယ်ကိုခေါ်တဲ့ ဒသတို့၊ ဒသမတို့ကျတော့ /ဒ့သ့/ ဒ့သမ့/ လို့အသံထွက်ရမှာပေါ့လေ"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ဒသကိုလည်း /ဒတ်သ့/လို့အသံထွက်နေကြတော့ သကြီးလို့ ထင်ပြီးမှားရေးနေကြတာပေါ့ကွာ"

"သဘောပေါက်ပါပြီ ဦး၊ အဲဒီလိုသကြီးနဲ့ ရေးရတဲ့ တခြားစာလုံးတွေရှိသေးလား ဦး"

"ရှိတာပေါ့၊ မြန်မာတွေနဲ့ ရင်းနှီးနေတဲ့ ပါဠိနာမည်တွေထဲမှာကြည့်လေ၊ နှစ်ကျိပ်ရှစ်ဆူဘုရားဘွဲ့တော်တွေထဲမှာ တိဿ/ တိတ်သ့/ တဲ့၊ ဖုဿ/ ဖုတ်သ /တဲ့၊ ကဿပ/ ကတ်သပ့်/တဲ့၊ သကြီးနဲ့ ရေးရတယ်/ 'ဖဿပစ္စယာဝေဒနာ' ဆိုတဲ့ စကားက 'ဖဿ' ဆိုရင်လည်း /ဖတ်သ့/လို့ အသံထွက်ရတယ်၊ အထိအတွေ့ကို ပြောတာလေ"

"ဟုတ်ကဲ့ပါ"

"နောက် အကျင့်မကောင်းတာကို ဒုဿီလ/ ဒုတ်သီလ/ လို့ခေါ်တယ် မဟုတ်လား၊ အဲဒါလည်း သကြီးနဲ့ ရေးရတာပဲ၊ မြန်မာတွေနဲ့ ရင်းနှီးတဲ့ ပါဠိစကားလုံးတွေကို ပြောတာပါ၊ နောက် အလေးချိန်လို့ခေါ်တဲ့ 'ပိဿာ'လည်း သကြီးနဲ့ ရေးရတယ်၊ ပါဠိတော့ မဟုတ်ဘူး/ ပိတ်သာ /လို့ အသံထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ကြုံလို့ပြောလိုက်ဦးမယ်၊ ပါဌ်ဆင့်လို့ခေါ်တဲ့ နှစ်လုံးဆင့်ဗျည်းတွေမှာ သကြီးကိုပဲ နှစ်လုံးမဆင့်ဘဲ တွဲရေးရတဲ့ စာလုံးတွေ တစ်တွဲတည်း မှတ်ထားဖို့ကောင်းတယ်"

"ပြောပြပါဦး"

"ဉရယ်၊ ဋ္ဌ ရယ်၊ ဃျရယ်၊ ဿရယ် အဲဒီလေးလုံးပဲကွဲ့၊ ဒီစာလုံးတွေကို အထက်အောက်ဆင့်မရေးဘဲ ရှေ့နောက်တွဲရေးတာဆိုတော့ သီးခြားမှတ်သင့်တာပေါ့၊ အရင်လည်း ပြောဖူးပါတယ်"

"ဟုတ်ကဲ့ပါ"

"ဉက မြန်မာစာလုံး'ည'ကို ဆိုလိုတာ မဟုတ်ဘူးနော်၊ ပါဠိစာလုံး 'ည' ကို ဆိုလိုတာ၊ မြန်မာစကားမှာတော့ ဉက ပါဌ်ဆင့် မဟုတ်ပါဘူး၊ ဉ၊ ဉာ၊ ဉီ၊ ဉို၊ ဉီဉ္စက် စသည်ဖြင့် အများကြီးရှိတယ်၊ အဲဒီမြန်မာ 'ည'တွေကို ဆိုလိုတာ မဟုတ်ဘူး၊ ပါဠိမှာ 'ည'က ဉ(ညကလေး) နှစ်လုံးဆင့်ထားတာလေ၊ အဲဒီ 'ည' ကို ဆိုလိုတာ"

"ဘယ်လိုဆင့်တာလဲ ဦး"

" 'ပုည' ကို ဘယ်လိုအသံထွက်သလဲ"

" /ပုန်ညှ့/လို့ အသံထွက်ပါတယ် ဦး"

"မြန်မာစကားဆိုရင် ပစောက်ရေးတစ်ချောင်းငင်ပု၊ ညရေးည၊ 'ပု+ည' လို့ပဲ အသံထွက်ရမှာပေါ့၊ အခု /ပုန်ညှ့/လို့ အသံထွက်တာက ပါဠိစာလုံးမို့၊ ရှေ့က ဉကို အသတ်လို သဘောထားပြီး ပုဉ် + ည လို့ ခွဲကြည့်ပါလား၊ ဒါကြောင့်/ ပုန်ညှ့/လို့ အသံထွက်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ ပညာ/ပျင်ညာ/သုည/သုန်ညှ့/အညမည/အင်ညှ့မျင်ညှ့/ဆိုတဲ့ စကားလုံးတွေက ပါဠိတွေမို့ ညဟာ ဉကလေးနှစ်လုံးဆင့်တွေပဲလို့ နားလည်ရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဋ္ဌကလည်း ဋနဲ့ ဌ နှစ်လုံးဆင့်ထားတာလေ၊ ဆင့်မရေးဘဲ တွဲရေးတော့ အဲဒီပုံစံဖြစ်သွားတာပေါ့၊ မှတ်ရလွယ်အောင် 'လည်ရစ်ပါတဲ့ ဌဝမ်းဘဲ'လို့ မှတ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

" 'ပဌမ' ဆိုတဲ့ စာလုံးက ဌဝမ်းဘဲမှာ လည်ရစ်မပါဘဲ 'ဆဋ္ဌမ၊ အဋ္ဌမ' ဆိုတဲ့ စာလုံးတွေက ဌဝမ်းဘဲမှာ လည်ရစ်ပါတာတွေ့တယ် မဟုတ်လား၊ 'ပဌမ' ကို 'ပထမ'လို့လည်း ရေးတယ်၊ /ပထမ့/လို့ အသံထွက်တယ်၊ 'ဆဋ္ဌမ'ကျတော့ /ဆတ်ထမ့/လို့ အသံထွက် ရတယ်၊ အဋ္ဌမလည်း/ အတ်ထမ့/ပေါ့၊ အဲဒီစကားလုံးတွေမှာ လည်ရစ်ပါတာမို့ ရှေ့က စာလုံးကို အသတ်သံထွက်ရတာလေ"

"နားလည်ပါပြီ ဦး"

"ဒိဋ္ဌဆိုတဲ့ စာလုံးကို/ဒိတ်ထ့/လို့ အသံထွက်ရတာလည်း အဲဒီသဘောပါပဲ၊ ဒါဆိုရင် နားလည်ရောပေါ့"

"နားလည်ပါပြီ ဦး"

"ဃျက ယပက်လက် နှစ်လုံးဆင့်ပဲ၊ ဒါကြောင့် ယကို နောက်ယတစ်လုံးနဲ့ ယပင့်ထားတာလေ၊ မြန်မာစကားထဲမှာ အသုံးတွင်နေတဲ့ စာလုံးတွေကတော့ 'ဥယျာဉ်' ရယ် 'ဥယျောဇဉ်'၊ 'ယေဘုယျ' ရယ် အဲဒီစာလုံးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"ဥယျာဉ်က 'ဥယျာန်' ဆိုတဲ့ ပါဠိစကားကို ယူထားတာ၊ /အုန်ယာန/လို့ အသံထွက်တယ်၊ ဦးခေါင်းမော့ပြီး မျှော်ကြည့်ရတဲ့ သစ်ပင်၊ ပန်းမန်တွေစိုက်ပျိုးထားတဲ့ ခြံကြီးကို ခေါ်တာလေ၊ မြန်မာမှာတော့ နသတ်နဲ့ ဉသတ်ပြောင်းပြီး 'ဥယျာဉ်'လို့ ရေးတယ်၊ သူ့အတိုင်းဆိုရင်တော့/အုန်ယင်/လို့ အသံထွက်ရမှာပေါ့၊ ဒါပေမယ့်/အုယင်/လို့ပဲ အသံထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ရှေးကတော့ 'ဥယင်၊ ဥယာဉ်' လို့ ရေးတာတွေလည်း ရှိတယ်၊ အခုတော့ 'ဥယျာဉ်' လို့ပဲ တွင်နေပါပြီ၊ အဲဒီလိုပဲ ဥယျောဇဉ် ကလည်း 'ဥယျောဇန' ဆိုတဲ့ ပါဠိကလာတာ တိုက်တွန်းတဲ့စကားပေါ့၊ သူ့အတိုင်း အသံထွက်ရင်တော့ /အုန်ယောဇင်/လို့ ထွက်ရမှာပေါ့၊ ဒါပေမယ့် /အုယောဇင်/ လို့ပဲ ထွက်တယ် မဟုတ်လား၊ အဲ 'ယေဘုယျ' ကိုတော့ အသတ်သံထည့်ပြီး/ယေဘုန်ယ/လို့ အသံထွက်ကြတယ်လေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်လုံးက တို့စပြီး ပြောကြတဲ့ 'ဿ'ပေါ့၊ သနှစ်လုံးဆင့်လို့ နားလည်ထားရင် ရှေ့ကသကို အသတ်အဖြစ် သဘောထားပြီး ဖတ်ရမယ်ဆိုတာလည်း နားမလည်စရာ မရှိပါဘူးကွယ်၊ ကဲ... နားကြစို့။ ။

# ကိုယ်ဝန်ဆောင်ချိန် ကဖင်းသောက်သုံးမှုများလျှင် မွေးဖွားသည့်ကလေးငယ် အဝလွန်နိုင်

*ကလျာမိုးမြင့်*

ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်းမှာ ကဖင်းသောက်သုံးခြင်းကြောင့် မွေးဖွားလာတဲ့ မျိုးဆက်သစ်ရင်သွေးငယ်တွေဟာ ကလေးဘဝမှာအဝလွန်ခြင်းကို ခံစားရနိုင်တဲ့ အလားအလာတွေ တိုးပွားလာစေနိုင်တယ်လို့ ဆေးပညာရှင်တွေက ဖော်ပြလာကြပါတယ်။

မိခင်တွေနဲ့ နို့စို့ကလေးငယ် ၅၀၉၄၃ တွဲကိုလေ့လာစောင့်ကြည့်ခဲ့တဲ့ နော်ဝေ လေ့လာမှုတစ်ရပ်မှာ မိခင်တွေဟာ ကိုယ်ဝန်ဆောင်ကာလ ၂၂ပတ်မှာ ကဖင်းပမာဏ ဘယ်လောက် သောက်သုံးခဲ့တယ်ဆိုတာကို ဖော်ပြခဲ့ကြပြီး လေ့လာသူတွေက နောက်ထပ်ရှစ်နှစ်အကြာမှာ ၎င်းတို့ရဲ့ ကလေးငယ်တွေကို နောက်ဆက်တွဲလေ့လာစောင့်ကြည့်ခဲ့ကြပါတယ်။

ကဖင်းသောက်သုံးမှုပမာဏအမျိုးမျိုးကို နှိုင်းယှဉ်ချိန်ဆမှုတွေ ပြုလုပ်ခဲ့ပြီးနောက်မှာ ဆေးပညာရှင်တွေ လေ့လာတွေ့ရှိခဲ့ရတာကတော့ တစ်ရက်မှာ ကဖင်းပမာဏ ၅၀ မီလီဂရမ်အောက်လျော့နည်းပြီး သောက်သုံးတဲ့ အမျိုးသမီးတွေကနေ မွေးဖွားလာတဲ့ ကလေးငယ်တွေနဲ့စာရင် တစ်ရက်မှာ ကဖင်း ၅၀ မီလီဂရမ်ကနေ ၁၉၉ မီလီဂရမ်အထိ သောက်သုံးတဲ့မိခင်တွေကနေ မွေးဖွားတဲ့ကလေးငယ်တွေဟာ အသက် သုံးနှစ်ကနေ ရှစ်နှစ်တစ်လျှောက်မှာ ပိုပြီးအဝလွန်နိုင်တာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။

ကော်ဖီတစ်ခွက်မှာ ကဖင်းပါဝင်မှုပမာဏဟာ ၁၀၀ မီလီဂရမ်ကနေ ၁၅၀ မီလီဂရမ်ဖြစ်ပါတယ်။ သို့သော် တစ်ရက်မှာ ကဖင်းပမာဏ ၂၀၀ ဂရမ်ကနေ ၂၉၉ မီလီဂရမ်အထိသောက်သုံးတဲ့မိခင်တွေရဲ့ ကလေးငယ်တွေကျတော့ တစ်ရက်မှာ ကဖင်း ၃၀၀ မီလီဂရမ်ထက်ပိုပြီး သောက်သုံးတဲ့ မိခင်တွေကနေ မွေးဖွားတဲ့ကလေးငယ်တွေထက် အသက်ငါးနှစ်အရွယ်မှာ အဝလွန်မှုဖြစ်နိုင်ခြေ ၁၂ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းအထိ တွေ့ရပါတယ်။

တစ်ရက်မှာ ကော်ဖီနှစ်ခွက်ကနေ သုံးခွက်အထိ သောက်သုံးတဲ့ မိခင်တွေမှာ မွေးဖွားလာတဲ့ကလေးငယ်ဟာ အသက် ရှစ်နှစ်အရွယ်မှာ အဝလွန်ခြင်းကို ခံစားရနိုင်တဲ့ ဖြစ်နိုင်ခြေဟာ ၂၉ ရာခိုင်နှုန်းကနေ ၄၄ ရာခိုင်နှုန်းအထိ ရှိနေပါတယ်တဲ့။

ဆွီဒင်နိုင်ငံ ဂိုသန်ဘတ်မှာရှိတဲ့ Sahlgrenska တက္ကသိုလ်ဆေးရုံက ဒေါက်တာ ဗီရီနာဆန်ပီရယ်လ်က အမျိုးသမီးတွေဟာ ညွှန်ကြားချက်တွေကို လိုက်နာဖို့လိုပြီး ကဖင်းသောက်သုံးမှုကို တတ်နိုင်သမျှလျော့နည်းအောင် ကြိုးစားသင့်တယ်။ ကဖင်းဟာ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အရာတစ်ခု မဟုတ်ဘူးလို့ အကြံပြုပါတယ်။



ကိုယ်ဝန်ဆောင်ကာလအတွင်းမှာ မိခင်တွေဟာ တစ်ရက်မှာ ကဖင်း ၂၀၀ မီလီဂရမ်ထက်ပိုပြီး သောက်သုံးဖို့ မသင့်ဘူးလို့ အမေရိကန် သားဖွားမီးယပ်ရောဂါကုသမှုအတတ်ပညာဆိုင်ရာ အမေရိကန်ကောလိပ်မှ ပညာရှင်တွေက ညွှန်ကြားထားပါတယ်။

**နယူးယောက်တိုင်းမ်**

# ဇရပ်ကွင်း - မိုးကုတ်မှသည် မိုးမိတ်ဆီသို့

**မြင့်လွင်ပါကြီး**

**မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ မိုးကုတ်မြို့တည် နှစ်(၈၀၀) ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ဆိုရှယ်မီဒီယာများ၏ အစွမ်းကြောင့် ပွဲတော်၏အလှကို မြန်မာသာမက ကမ္ဘာကပင် တွေ့မြင်ခဲ့ကြပြီးပါပြီ။ နွေရာသီဖြစ်သော်လည်း အအေးဓာတ်လွှမ်းခြုံဆဲသာ ရှိနေသေးသည့် ပတ္တမြားမြေ၏ ညချမ်းအလှကို ဖြည့်ဆည်းပေးထားသည့်အရာက မီးရောင်စုံများသာ။ ထိုသို့သော မီးရောင်စုံများ ထွန်းညှိနိုင်ရန် လျှပ်စစ်ဓာတ်အားကို မတ်လ ၂၁ ရက်နေ့အရောက် မိုးကုတ်မြို့သို့ ပို့ပေးလိုက်နိုင်သည့် အရာကား ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများပင်။**


ဇရပ်ကွင်း ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံ

ထိုမျှနှင့် မလုံလောက်သေး။ ယင်းလိုင်းနှင့် ခွဲရုံများကို လျှပ်စစ်ဓာတ်အား အသက်သွင်းပေးလိုက်နိုင်သည့် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ချက်များကသာ အဓိကဖြစ်ပါတယ်။ ယင်းအပြင် ဓာတ်အားလိုင်းနှင့်ခွဲရုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အောင်မြင်မှုများလည်းပဲ ဖြစ်ပါတယ်။

ဤမျှနှင့် မပြီးသေး၊ မတ်လ ၂၅ ရက်တွင် ၆၆ ကေဗွီဓာတ်အားကို မိုးမိတ်ဓာတ်အား ခွဲရုံသို့ ဆက်လက်ပို့လွှတ်ခဲ့ပြီး မိုးမိတ်မြို့ပေါ် ရပ်ကွက်လေးခုကို လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဧပြီ ၁၁ရက်နေ့မှာတော့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၊ မိုးမိတ်မြို့နယ် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၂၄ နာရီ မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မိုးမိတ်မြို့ အားကစားကွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဤကဲ့သို့သော စွမ်းဆောင်မှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် ကျွန်တော်နှင့် ကိုမောင်တူး တို့နှစ်ယောက် မန္တလေးမှ ဇရပ်ကွင်း - မိုးကုတ် - မိုးမိတ် ဆီသို့ ၁၅၆ မိုင် ခရီးအကွာအဝေးကို ကားတစ်စီးဖြင့် ခရီးစတင်ခဲ့ကြပါတော့တယ်။

**ဇရပ်ကွင်း ၆၆ ကေဗွီ ဓာတ်အားခွဲရုံ**

စာရေးသူတို့ ကားလေးဟာ မတ္တရာမြို့နယ်နှင့်စဉ့်ကူးမြို့နယ်တို့ကို ကျော်ပြီး သပိတ်ကျင်းမြို့နယ်ထဲက ဇရပ်ကွင်းကျေးရွာထဲကို ဝင်ရောက်လာခဲ့ပါတယ်။ ကျေးရွာအလွန် မိုင်တိုင်အမှတ် ၇၀ အနီး ဘယ်ဘက်ကို ကြည့်လိုက်တော့ ခွဲရုံအသစ်ကြီးကို ထီးထီးကြီးတွေ့လိုက်ရလို့ ခွဲရုံအတွင်း ဝင်ရောက်ခဲ့ပါတယ်။ ခွဲရုံဝင်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားတာက မျက်စိပသာဒဖြစ်ရသလို ရာသီပေါ် စားသုံးသီးနှံပင်များကလည်း စိမ်းစိမ်းစိုစို ရှိလှတာမို့ စိတ်ကြည်နူးမိပါတယ်။ ဇရပ်ကွင်းခွဲရုံမှ မိုးကုတ်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်များကို ယခင်က ၃၃ ကေဗွီလိုင်းဖြင့် ဓာတ်အားပို့လွှတ်ခဲ့သော်လည်း မတ်လ ၂၁ရက်နေ့တွင် မိုးကုတ်မြို့နယ်သို့ ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ပြောင်းလဲပေးပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ခွဲရုံအတွင်း ၆၆ ကေဗွီ Switch Bay နှစ်ခု ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ တစ်လုံး၊ ၃၃ ကေဗွီ Switch Bay နှစ်ခု တပ်ဆင်ထားပြီး ကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၄၀၀၀ ခန့် ရှိကြောင်း သိရပါတယ်။

သပိတ်ကျင်းမြို့နယ်အတွင်း ဓာတ်အားရရှိနိုင်ရေးအတွက် ဓာတ်အားလိုင်းဆွဲရာတွင် မလွတ်ကင်းသည့် သစ်တောရေးရာဝန်ကြီးဌာနပိုင် ကျွန်းပင်နှင့် ကျွန်းစိုက်ခင်းများ၊ သစ်မာပင်များအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေးငွေကျပ် ၇၃၁၀၁၅၉ ဒသမ ၁၆ နှင့် ကျေးရွာများအတွက် သီးနှံလျော်ကြေးငွေကျပ် ၂၇၉၀၄၅၀၀ ကို နိုင်ငံတော်ဘတ်ဂျက်မှ ပေးချေခဲ့ပြီး ဖြစ်ကြောင်းလည်း သိရှိခဲ့ရပါတယ်။ သပိတ်ကျင်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပေါင်း ၁၇ ရွာအပါအဝင် လက်ရှိမီးသုံးသူ ၄၃၀၆ ဦးရှိပြီး မကြာမီထပ်မံတိုးတက်လာဖို့ ရှိသေးတယ်လို့ သိရပါတယ်။

စာရေးသူတို့ဟာ မိုင်တိုင်အမှတ် ၇၀ မှာရှိတဲ့ ဇရပ်ကွင်းခွဲရုံကနေ မိုင်တိုင်အမှတ် ၁၂၈ မှာရှိနေတဲ့ မိုးကုတ်မြို့ကို သွားရမှာဖြစ်လို့ ခရီးအကွာအဝေးက ၅၈ မိုင်သာရှိပါတယ်။ သို့သော်လည်း တောင်တက်ကားလမ်း ဖြစ်တာကြောင့် လမ်းကကျဉ်းသလို အကွေ့အကောက်၊ အဝေ့အဝိုက်၊ အတက်အဆင်းများလှတာမို့ အချိန်နှစ်နာရီခန့် ကြာအောင် ဂရုစိုက်မောင်းနှင်ခဲ့ရပါတယ်။ ကိုမောင်တူးက ကားမောင်းနေတာမို့ စာရေးသူအနေနဲ့ ပတ်ဝန်းကျင်ရှုခင်းတွေကို ငေးကြည့်နိုင်ခွင့် ရခဲ့ပါတယ်။ အနီးအနား တောင်ကုန်းတွေမှာက တောင်ယာတွေခုတ်၊ သစ်ရွက်ခြောက်တွေ မီးပုံရှို့ထားတာမို့ မြေကြီးက အနီရောင်၊ သစ်ရွက်ခြောက်ကအဝါရောင်နဲ့ မီးခိုးတန်းဖြူဖြူလေးတွေ ကောင်းကင်ပေါ် ထိုးတက်နေတဲ့ မြင်ကွင်း။ မနီးမဝေး တောင်ကုန်းတွေကတော့ စိမ်းစိမ်းစိုစိုသာ။ ထိုထက်ပိုဝေးသော မြင်ကွင်းကား မှိုင်းမှိုင်းညို့ညို့တောင်မြင့်များက အထပ်လိုက်၊ အရစ်လိုက်ဖြစ်နေတာမို့ ကြည်နူးလွမ်းမောဖွယ်ရာပင်။

စာရေးသူ သတိထားမိသည်က လက်ယာဘက် မနီးမဝေးတောင်ကုန်းများပေါ်တွင် တွေ့မြင်ရသည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းနောက်ခံ အစိမ်းရောင်ပေါ်တွင် အဖြူရောင်ကွန်ကရစ် ဓာတ်တိုင်များက အထင်းသားပေါ်လွင်နေတာမို့ လွန်စွာမှကြည့်လို့ကောင်းနေပါတယ်။ ဓာတ်အားလိုင်းကို ဂရုတစိုက်ကြည့်နေရင်းက ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ တချို့နေရာများမှာ ကားလမ်းကို ဖြတ်ကျော်လိုက် ဖြစ်နေတာကို တွေ့ရပါတယ်။ ကားလမ်းက ကွေ့ကောက်ပြီး ဓာတ်အားလိုင်းက အဖြောင့်ဆွဲထားတာမို့ ဒီလိုမျိုး ကားလမ်း ဖြတ်ကျော် ဖြစ်နေရတာပါ။ ဓာတ်အားလိုင်းကို ဖြောင့်အောင်၊ တိုအောင်ဆွဲရတာမို့ တောင်ကုန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်းတွေကို မရှောင်ဘဲ ခက်ခက်ခဲခဲ ကြိုးစားဆောင်ရွက်ခဲ့သူတွေကို အသိအမှတ်ပြုမိပါတယ်။ ကားလမ်းအကွာအဝေးက ၅၈ မိုင်၊ ဓာတ်အားလိုင်းအကွာအဝေးက ၃၁မိုင်သာရှိတာမို့ နိုင်ငံတော်အတွက် ကုန်ကျစရိတ်မြောက်မြားစွာ သက်သာခဲ့ရတာကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံတော်အပေါ်ထားသည့် စေတနာကိုလည်း အထင်းသားတွေ့မြင်ရမှာ ဖြစ်ပါတယ်။

၆၆ ကေဗွီ ဓာတ်အားလိုင်းနဲ့အပြိုင် ငွေရောင်တလက်လက်ထနေတဲ့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (Tower) တိုင်များကိုလည်း တွေ့မြင်ခဲ့ရပါသေးတယ်။ ဒီတာဝါတိုင်တွေကတော့ ရွှေလီ(၃)ရေအားလျှပ်စစ်တည်ဆောက်ရေး စီမံကိန်းအတွက် တိုင်များပင်။ စီမံကိန်းပြီးဆုံးပါက နိုင်ငံတော် ဓာတ်အားစနစ်အတွင်းကို ဓာတ်အားပို့လွှတ်ပေးနိုင်မည်ဖြစ်၍လည်း လျှပ်စစ်ကဏ္ဍအတွက် ပိုပြီး အားတက်လာမိပါတယ်။ စာရေးသူတို့ ကားလေးဟာ လမ်းခရီးတစ်လျှောက် သပိတ်ကျင်းမြို့နယ်ထဲက ကျေးရွာတွေဖြစ်တဲ့ ဖော့တောရွာ၊ ညောင်ပင်သာရွာ၊ ပိုးဇာနွယ်ရွာ၊ ကျောက်လှည်းဘီးရွာတွေကို ဖြတ်ပြီး မိုးကုတ်မြို့နယ်ထဲအဝင် စိန့်ကုန်းရွာ၊ အုန်းတန်းရွာ၊ စိန့်အင်းရွာ၊ ကင်းရွာ၊ မလဲပေါက်ရွာ၊ ရွှေညောင်ပင်ရွာ၊ ဂပိုင်ရွာ၊ ဝွေးပင်ရွာ၊ အောက်ကျောက်ကြမ်းရွာ၊ အထက်ကျောက်ကြမ်းရွာ၊ ဝွေးကြီးရွာနဲ့ ကြပ်ပြင်တို့ကို ဖြတ်ကျော်ပြီး မိုးကုတ်မြို့အတွင်း ရောက်ရှိခဲ့ပါတယ် ။

**ရေအားလျှပ်စစ်အစ မိုးကုတ်က**

မိုးကုတ်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၈၀၀ အမြင့်မှာ ရှိသော်လည်း ပတ်ဝန်းကျင်ရှိ တောင်ကုန်းများမှာ ပေ ၅၀၀၀ ကျော်မှ ပေ ၇၅၀၀ ကျော်အထိ မြင့်နေတာကြောင့် ဒယ်အိုးပုံသဏ္ဍာန်အတွင်း ကျရောက်လို့နေပါတယ်။ ရေိယာအကျယ်အဝန်းအနေဖြင့် စတုရန်းမိုင် ၄၅၃ ဒသမ ၆၀ ရှိပြီး လူဦးရေ ၁၇၁၄၃၄ ဦး၊ အိမ်ထောင်စု ၃၂၄၁၄ စု၊ အိမ်ခြေ ၃၀၈၅၀၊ ဓာတ်အားသုံးစွဲသူ ၂၂၈၀၁ ဦးနှင့် ကျေးရွာအုပ်စု ၂၉ စုတွင် ကျေးရွာပေါင်း ၁၃၁ ရွာရှိပါတယ်။ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ ၁၈၈၅ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်တွင် (Burma Ruby Mine Company) က အောင်မြေသုခကျောက် တူးဖော်ရေးစခန်းအတွက် ရေအားလျှပ်စစ်ကို ၂၈၀ ကီလိုဝပ်စက်သုံးလုံးနှင့် စတင်အသုံးပြုခဲ့တာမို့ မိုးကုတ်မြို့ဟာဆိုရင် မြန်မာပြည်မှာ ရေအား လျှပ်စစ်ကို ပထမဦးဆုံး စတင်အသုံးပြုခဲ့တဲ့မြို့လို့ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

ယင်းနောက် ၁၉၆၃ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဒီဇယ်မီးစက်အမျိုးမျိုးဖြင့် ဓာတ်အားပေးခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် မိုးကုတ်ရေအားလျှပ်စစ်စက်ရုံမှ ၂၅၀၀ ကေဗွီအေစက်နှစ်လုံးဖြင့် ဓာတ်အားပေးခဲ့ရာ လက်ရှိတွင် စက်တစ်လုံးတည်းသာ အသုံးပြုနိုင်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ မိုးကုတ်ဓာတ်အားခွဲရုံ မိုးကုတ်မြို့ခွဲရုံကို ယခင်က လက်ပံလှဓာတ်အား ခွဲရုံမှ တစ်ဆင့် ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ပေးပို့ခဲ့ရာ လိုင်းမိုင်ရှည်လျားခြင်းကြောင့် ဗို့အား လွန်စွာ ကျဆင်းပြီး အချို့နေရာများ၌ ဗို့ ၄၀ ထိ အောင်ပင်ရောက်ရှိနေကြောင်း သိရှိရပါတယ်။ မတ်လ ၂၁ရက်နေ့တွင် ဇရပ်ကွင်းခွဲရုံမှ တစ်ဆင့် ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ပို့လွှတ်ပေးနိုင်ခဲ့သောကြောင့် ဗို့အားမြင့်တက်လာပြီး အနိမ့်ဆုံးနေရာများ၌ပင် ၁၉၀ ဗို့အထိ ရှိလာခဲ့ပါတယ်။

ဒါကြောင့်လည်း မိုးကုတ်မြို့တည်နှစ်(၈၀၀) ပြည့်ပွဲတော်ကြီးကို လျှပ်စစ်မီးရောင်စုံများဖြင့် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မိုးကုတ်ခွဲရုံကို ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ပြီးစီးခဲ့၍ ကုန်ကျစရိတ်အနေဖြင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၁၇ ဒသမ ၄၈၅ သန်းနှင့် တည်ဆောက်စရိတ်ငွေကျပ် ၇၇ ဒသမ ၁၉၁ သန်းရှိကြောင်း သိရှိရပါတယ်။

မိုးကုတ်မြို့ဟုအမည်တွင်ရခြင်းနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုးရှိရာ ရှမ်းဘာသာစကားဖြင့် မိန်းကွတ် (ကွေ့ကောက်နေသောမြို့)၊ မိန်းကတ် (အလွန်ချမ်းအေးသောမြို့)၊ မိန်းကု(ပ်) (ခမောက်မြို့၊ ခမောက်ကိုလှန်ထားသောမြို့) ဟူ၍ ဖြစ်ပါတယ်။ အခြားအယူအဆတစ်ခုမှာ ပတ္တမြားမြေကို စောင့်ရှောက်ရန် တာဝန်ယူရသော သဖန်းပင်ရွာနေ ရှမ်းလူမျိုးများသည် မိုးကုတ်ချိုင့်ဝှမ်းနေရာတွင် လယ်များသွား စိုက်ပျိုးကြရာ အခြားနေရာထက် မှောင်လွယ်၍ စောစောပြန်ရသောကြောင့် မိုးချုပ်သောမြို့ (မိုးချုပ်မြို့) ဟုခေါ်ရာမှ မိုးကုတ်ဟူ၍ ဖြစ်လာကြောင်း သိရှိရပါတယ်။ ယခုသော်ကား အလွန်ချမ်းအေးလျှင်လည်း လျှပ်စစ်ကို လိုရာသုံး၍ အနွေးဓာတ်ရရှိနိုင်ခဲ့ပြီ။ မိုးစောစောချုပ် ပြန်လျှင်လည်း စိုးရိမ်ကြောင့်ကြဖြစ်ရန် မလို၊ မိုးကုတ်မြို့ကြီး တစ်ခုလုံး မီးရောင်စုံများဖြင့် လင်းထိန်လျက်ရှိနေလေပြီ မဟုတ်ပါလား။

**မိုးမိတ်ခွဲရုံသို့**

စာရေးသူတို့ဟာ ၂၈ မိုင်ကွာဝေးသည့် မိုးမိတ်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မိုးမိတ် - မဘိမ်း ကားလမ်းဘေးရှိ မိုးမိတ်ဓာတ်အားခွဲရုံဆီ ရောက်ခဲ့ကြပါတယ်။ ဒီခွဲရုံကတော့ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေနှင့် ၆၆/၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံပဲ ဖြစ်ပါတယ်။ ၆၆ ကေဗွီ မိုးကုတ်- မိုးမိတ်ဓာတ်အားလိုင်းကတော့ ၂၄ ဒသမ ၆၅ မိုင် ရှည်လျားပါတယ်။ ဒီခွဲရုံနဲ့ လိုင်းတွေကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပြီးတည်ဆောက်ခဲ့ပြီး ကုန်ကျစရိတ်ငွေကျပ်သန်း ၃၉၉၆ ဒသမ ၃၆၀ ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်လေးခုနဲ့ ကျေးရွာပေါင်း ၁၄ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲ ရုံများတည်ဆောက်ခြင်းအတွက် ငွေကျပ် ၂၃၅၇ ဒသမ ၈၀၆ သန်းကိုလည်း တိုင်းဒေသကြီး ဘတ်ဂျက်မှ ကျခံဆောင်ရွက်ပေးခဲ့ပြီးကြောင်း သိရပါတယ်။

မိုးမိတ်မြို့ဟာဆိုရင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀၀ အမြင့်တွင်တည်ရှိပြီး ခရစ်သက္ကရာဇ် ၁၂၃၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၆၀၀ ပြည့် နှစ် တွင် မြို့တည်ခဲ့ကြောင်း သိရှိရပါတယ်။ ရှမ်းဘာသာဖြင့် “မိန်းမိတ်”ဟုခေါ်ပြီး မြန်မာဘာသာဖြင့်(သံလျက်မြို့/ဓားမြှောင်မြို့) ဟု အဓိပ္ပာယ်ရရှိပါတယ်။ မိုးမိတ်မြို့ပေါ်ရပ်ကွက်လေးခုတွင် အိမ်ထောင်စု ၂၁၅၇ စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာတွင် အိမ်ထောင်စုပေါင်း ၂၆၀၉ စု ရှိပါတယ်။ ယခင်က မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စု၆၀၈ ဦးကို မီးစက်ဖြင့် တစ်ရက်လျှင် သုံးနာရီနှုန်း အလှည့်ကျ(တစ်ရက်ခြား) မီးပေးခဲ့ရကြောင်းနှင့် ယခုအခါ နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိလာပြီဖြစ်၍ ၂၄ နာရီ အမြဲတမ်း ရရှိနေပြီဖြစ်ကြောင်းလည်း သိရှိရပါတယ်။

**ပြည်သူတွေက ဒီလိုပြောနေကြပြီ**

စာရေးသူတို့ဟာ မိုးကုတ် - မိုးမိတ် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့်ခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့်အတွက် ပြည်သူတို့၏ အသံများကိုကြားသိနိုင်ရန် တွေ့ဆုံမေးမြန်းခဲ့ပါသေးတယ်။

**ဦးအောင်ထွန်း (ကျေးရွာမီးလင်းရေးကော်မတီဝင် လိပ်ကျကျေးရွာ သပိတ်ကျင်းမြို့နယ်။)**

ကျွန်တော့်တို့ ရွာကို ယခင်က လက်ပံလှ ၃၃ ကေဗွီလိုင်းက ဓာတ်အားပေးတယ်လေ၊ ဗို့အားအများဆုံး ၁၃၀ လောက်ပဲရှိတယ်။ လူအများသုံးတဲ့အချိန်ဆိုရင် ရေလုံးဝတင်လို့ မရဘူး။ ည ၁၀ နာရီကျော်ကနေ မနက် ၃ နာရီအတွင်းပဲ တင်လို့ရတယ်။ ထမင်းချက်ချိန်ဆိုရင်လည်း ကျက်ဖို့တော်တော်ကြာအောင် စောင့်ရတယ်၊ ၁၀၀၀ ကျပ်တန် မီးကွေးတွေဆိုရင်လည်း နှစ်ရက်၊ သုံးရက်ပဲ အထွန်းခံတယ်။ မည်းသွားတာပဲ။ အခုကျတော့ ဇရပ်ကွင်းခွဲရုံကနေ မီးရတာမို့ မီးအားတွေကောင်းလာပြီး အချိန်မရွေး ရေတင်နိုင်တယ်၊ ထမင်းလည်း စောင့်ပြီးမချက်ရတော့ အတော့်ကို အဆင်ပြေလာပါတယ်။ လျှပ်စစ်ကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးမောင်ထွန်း (ကွင်းသုံးဆယ်ရွာ၊ သပိတ်ကျင်းမြို့နယ်။)**

အရင်ကမီးအားက ၉၀-၁၂၀ ဗို့အားလောက်ပဲရှိတယ်၊ မီးအားမြှင့်စက်သုံးရတယ်၊ ထမင်းချက်ဖို့ကို မီးအားမမှန်တော့ မချက် ရဲဘူး၊ စောင့်ကြည့်ရတာ အချိန်ကြာလို့ ထင်းမီးသွေးနဲ့ပဲချက်တယ်၊ အခုဆိုရင် မီးအားကောင်းလာလို့ ထမင်းချက်စရာ ထင်းခုတ်ဖို့ မလိုတော့ဘူးလေ။ သဘာဝပတ်ဝန်းကျင် မပျက်စီးတော့ဘူးပေါ့၊

*စာမျက်နှာ ၂၀ သို့*

**“မိုးကုတ်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၈၀၀ အမြင့်မှာ ရှိသော်လည်း ပတ်ဝန်းကျင်ရှိ တောင်ကုန်းများမှာ ပေ ၅၀၀၀ ကျော်မှ ပေ ၇၅၀၀ ကျော်အထိ မြင့်နေတာကြောင့် ဒယ်အိုးပုံသဏ္ဍာန်အတွင်း ကျရောက်လို့နေ”**

# ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း ငွေဆောင်အပန်းဖြေဆင်စခန်း ဖွင့်လှစ်

**ပုသိမ် ဧပြီ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ပုသိမ်သစ်ထုတ်လုပ်ရေးဒေသ မိုင်တိုင် ( ၁၉/၀)ရှိ ဌာနပိုင် ငွေဆောင်ဆင်စခန်း၌ အပန်းဖြေဆင်စခန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက်က အဆိုပါဆင်စခန်းတွင် ကျင်းပသည်။

ရှေးဦးစွာတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းဒုတိယအထွေထွေမန်နေဂျာ ဦးမိုးလွင်က မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန၏ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း စတင်ဆောင်ရွက်ခဲ့မှုများ၊ ရည်ရွယ်ချက်များ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြု ခရီးသွားလုပ်ငန်းများ၏ အခြေအနေနှင့် နှစ်နှစ်အတွင်း ဝင်ငွေရရှိမှု၊ တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး ပုသိမ်သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးကျော်စွာဝင်းက အပန်းဖြေဆင်စခန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ စခန်းတည်နေရာ၊ အကျယ်အဝန်း၊ လာရောက်လေ့လာနိုင်သည့်နည်းလမ်းများ၊ စခန်း၏ နေ့စဉ်ဆောင်ရွက်မှုများနှင့်ဝန်ဆောင်မှုများ၊ ဆင်များနှင့် ထိတွေ့ဆက်ဆံရာတွင် လိုက်နာရမည့်အချက်များ၊ စခန်းတွင်ထားရှိသည့် ဝန်ထမ်းဦးရေနှင့် ဆင်ကောင်ရေ၊ ဆင်စခန်းထပ်မံတိုးချဲ့ဆောင်ရွက်မည့် ဝန်ဆောင်မှု အစီအစဉ်များ ရှင်းလင်းဆွေးနွေးပြောကြားသည်။

အပန်းဖြေဆင်စခန်း၌ ဆင်ငါးကောင်ရှိပြီး ယခု ဆင်စခန်းသည် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း၏ သုံးခုမြောက် ဆင်စခန်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၁၉ ခုမြောက် ဌာနပိုင်ဆင်စခန်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန် /ဆက် )**

# မြန်မာ့ပင်လယ်ပြင်ငါးမဖမ်းရကာလတွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၂၀ ရာခိုင်နှုန်းသာ ငါးဖမ်းခွင့်ပြုမည်

**ဖျာပုံ ဧပြီ ၂၈**
မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတတစ်နှစ်ထက်တစ်နှစ် ရှားပါးလာသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမဖမ်းရရာသီ ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်းကို



၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပင်လယ်ပြင်ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းသာ ဖမ်းဆီးခွင့်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံးကို မေ ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ပိတ်သိမ်းထားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ငါးမဖမ်းရကာလအတွင်း ငါးဖမ်းရေယာဉ်များအားလုံး ပိတ်သိမ်းမည်ဆိုပါက ဖြစ်ပေါ်လာမည့် ဘက်စုံအခက်အခဲများကို တာဝန်ရှိသူများက ဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ ဧပြီ ၂၀ ရက်က ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံး၏ ၂၀ရာခိုင်နှုန်းအား ပြန်လည်ငါးဖမ်းခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၄ ရက်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်သုံးထောင်ခန့်ရှိပြီး အအေးခန်းစက်ရုံ ၂၀၀ ခန့်ရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၁၁ ဒသမ ၇၁၇ သန်းရရှိခဲ့ရာရရှိငွေ၏ ၇၀ရာခိုင်နှုန်းမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းမှ ရရှိခြင်းဖြစ်ကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏မှတ်တမ်းများအရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ငါ့သရောက်မြို့ ပျင်းပင်မြေသားရေလှောင်ဆည် ရာသီဥတုပူပြင်းခြင်းကြောင့် ရေများခန်းခြောက်စပြုလာ

**ငါ့သရောက် ဧပြီ ၂၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် အမှတ်(၂)ပျင်းပင်ရပ်ကွက်ရှိ ပျင်းပင်ဆည်သည် မြို့ပေါ်ရပ်ကွက်အချို့နှင့် ဒေသခံပြည်သူများကို စိုက်ပျိုးရေးအတွက်ရော သောက်သုံးရေအတွက်ပါ အကျိုးပြုသော ရေကန်ကြီးဖြစ်ပြီး ယခုအခါ ရာသီဥတုပူပြင်းသည့်ဒဏ်ကြောင့် ရေများလျော့နည်းလာကာ တဖြည်းဖြည်း ခန်းခြောက်စပြုနေပြီဖြစ်သည်။

“ဒီ ပျင်းပင်ဆည်ကြီးဟာ (အရပ်အခေါ်)နှစ်တိုင်း နှစ်တိုင်း မိုးဦးကျတဲ့အချိန်ထိ ရေခန်းတယ်ဆိုတာ ရှားတယ်၊ ဒီနှစ်တော့ ရာသီဥတုပူလွန်းလို့ ကန်ကြီးထဲကရေတွေ တဖြည်းဖြည်း ခန်းခြောက်စပြုလာတာကို တွေ့နေရတယ်၊ ဒီပျင်းပင်ဆည်ကြီးထဲက ရေတွေခန်းသွားပြီဆိုရင်တော့ ကျွန်တော်တို့ ငါ့သရောက်မြို့ပေါ်က ရပ်ကွက်အချို့နှင့် ဒေသခံကျေးရွာတွေ အဝီစိတွင်းတွေကို မှီခိုအားထားကြရတော့မှာပါ၊ နောက်ပြီး ကျွန်တော်တို့ဒေသက စိမ့်စမ်းရေတွင်းတွေကလည်း ရာသီဥတုက အတော်ကြီး ပူပြင်းလာတော့ အခုဆို ရေတွင်းတွေ ရေထွက်အားနည်းကုန်ကြပြီ၊ ပျင်းပင်ကန်ကြီးကနေ စိမ့်ထွက်နေတဲ့ရေနဲ့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသမားတွေလည်း ဒီနှစ်တော့ နွေရာသီသီးနှံထပ်စိုက်လို့ မရတော့ပါဘူး”ဟု အမှတ်(၂) ပျင်းပင်ရပ်ကွက်မှ ဒေသခံ ဦးနေအောင်က ပြောသည်။

အဆိုပါ ပျင်းပင်ဆည်အား ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြု ရန်ပုံငွေကျပ် ၁၇၅ သိန်းအသုံးပြု၍ တူးဖော်ပေးခဲ့ကြောင်းသိရပြီး ဒီနှစ်ရေခန်းခြောက်ချိန် ဆည်တွင်းရှိ ကုန်းကမူများအား ပြန်လည်တူးဖော်ပေးနိုင်ရန် မျှော်လင့်လျက်ရှိကြကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**



# လူထုဗဟိုပြုစီမံကိန်းအကြောင်း ပြည်သူများသိရှိရန် လှုပ်ရှားမှုပြုလုပ်

**ငပုတော ဧပြီ ၂၈**
ငပုတောမြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းအဖြစ် ဆောင်ရွက်နေသော ကျေးရွာများမှ ကျေးလက်နေပြည်သူများအနေဖြင့် လူထုဗဟိုပြုစီမံကိန်းအကြောင်းကို ပိုမိုသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ငပုတောမြို့နယ် အဝပိတ်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ Information Campaignလှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်။

Information Campaign ပြုလုပ်ရာတွင် စီမံကိန်းနှင့် ပတ်သက်သောပြခန်းများပြုလုပ်မည်ဖြစ်ပြီး ယင်းပြခန်းများတွင် ဓာတ်ပုံ၊ ပိုစတာများ၊ စီမံကိန်းလက်စွဲစာအုပ်များ၊ စီမံကိန်းကဗျာများ၊ ဝေဖန်အကြံပြုစာထည့်နိုင်သည့် စာတိုက်ပုံးများခင်းကျင်းပြသပေးခြင်းနှင့် ကျေးလက်နေပြည်သူများအား စီမံကိန်းနှင့်ပတ်သက်သောပြဇာတ်များပြသခြင်း၊ စီမံကိန်းအကြောင်းအရာနှင့် ပတ်သက်သော ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးသည့်အပြင် မေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သူများအား လက်ဆောင်များပေးအပ်ခဲ့သည်။

ငပုတောမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းကို ကျေးရွာ၆၇ အုပ်စု ကျေးရွာ ၃၄၇ ရွာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# မုက္ခာရေတံခွန်၌ အပန်းဖြေလာရောက်သူများပြား

**မင်းလှ ဧပြီ ၂၈**
အပူချိန်မြင့်တက်လာမှုကြောင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရွှေးကုန်းအုပ်စု ဘန့်ဘွေးကုန်း ကျေးရွာအနီး မုက္ခာဆည်ဧရိယာအတွင်းရှိ မုက္ခာရေတံခွန်၌ အပန်းဖြေလာရောက်ရေကစားသူများဖြင့် ဧပြီ ၂၆ ရက်က စည်ကားလျက်ရှိသည်။

အဆိုပါ အပူချိန်မြင့်တက်လာမှုကြောင့် မုက္ခာရေတံခွန်တွင် မြို့ခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူတို့ ရေကစားခြင်း ၊ ရေစိမ်ခြင်းများဖြင့် လာရောက်အပန်းဖြေ အနားယူလျက်ရှိသည်။ ရေတံခွန်မှရေများသည် ကြည်လင်အေးမြနေပြီး သဘာဝအရိပ်ရသောနေရာကောင်းတစ်ခုဖြစ်ရာ လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# သောက်သုံးရေအခက်ကြုံနေသည့် ဒေသများသို့ ရေလှူဒါန်း

**ကျောက်ပန်းတောင်း ဧပြီ ၂၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ နွေရာသီသောက်သုံးရေ အခက်ကြုံတွေ့နေသည့် ရွာလုကျေးရွာမှ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ဧပြီ ၂၆ ရက်က တပ်ကြပ်ကြီး ခိုင်လင်းမောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင် များက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးဖြင့် သွားရောက်ဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာရှိ အိမ်ထောင်စု ၂၇၇ စုမှ လူဦးရေ ၁၄၇၆ ဦးအား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် သွားရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အပူရှောင်ရေချိုးသူများဖြင့် စည်ကားလျက်ရှိ

**ပုသိမ်ကြီး ဧပြီ ၂၈**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ဇီးချိုကုန်းကျေးရွာအနီး ဆည်တော်ကြီးမြောင်း (ချောင်းမကြီး)၌ ညနေ လေးနာရီနောက်ပိုင်း ရေချိုးသူများဖြင့် အလွန်စည်ကားလှသည်ကို တွေ့မြင်ရသည်။ ချောင်းမကြီးအတွင်း ရေချိုးသူများသည် ပုသိမ်ကြီးမြို့၏ ရပ်ကွက်များတွင်သာမက မြို့ပေါ်မှ မော်တော်ကားများ၊ ဆိုင်ကယ်များဖြင့် လာရောက်၍ ကလေးရောလူကြီးများပါမကျန် ရေလာချိုးကြသည်။

ဧပြီလဆန်းမှစပြီး အပူချိန်တိုးလာရာ ပုသိမ်ကြီးမြို့ဇီးချိုကုန်းကျေးရွာ၊ ရေထွက်ကျေးရွာ၊ ရှင်တော်ကုန်းကျေးရွာအနီး ဆည်တော်ကြီးမြောင်းအတွင်းရေချိုးကြသည်။

ထို့အတူ အတုလမဟာမြကျောက်စေတီ အရှေ့ဘက်ရေမြောင်းများတွင်လည်း အပူရှောင်ရေချိုးသူများအဖြစ် စည်ကားလှသည်ကို တွေ့မြင်ရသည်။

**အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

*စာမျက်နှာ ၁၉ မှ*
အချိန်ကုန်လည်း သက်သာတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်အေးအေးခိုင်၊ ယမင်းညှော်ရိပ်မွန်ပိုင်ရှင်၊ မိုးကုတ်မြို့**

မိုးကုတ်မြို့က အမြဲတမ်းအေးနေတာလေ၊ ဟိုတယ်တွေ၊ တည်းခိုခန်းတွေမှာ အဲယားကွန်းမလိုဘူး၊ ဒါပေမယ့်ရေချိုးခန်းမှာတော့ ရေပူရေနွေးနဲ့ချိုးရမှ ဧည့်သည်တွေက စိတ်ကျေနပ်တယ်။ အရင်ကတော့ မီးအားမနိုင်လို့ ရေကပူလိုက်၊ အေးလိုက်ဖြစ်တတ်တယ်။ မီးစက်မောင်းတော့ ဆီဖိုးကုန်တယ်။ အခုလို မီးအားတွေပြည့်သွားတော့ ရေပူ၊ ရေနွေးတွေနဲ့ အမြဲတမ်းချိုးနိုင်လို့ ဧည့်သည်အတွက် အဆင်လည်းပြေတယ်။ ကျွန်မအတွက်လည်း ဆီဖိုးမကုန်လို့ စိတ်ကျေနပ်မိတယ်။ လျှပ်စစ်က လူတွေအားလုံးကို တကယ့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်မိုးမိုးအေး၊ သဇင်စတိုးဆိုင်ပိုင်ရှင်**

တောင်ပိုင်းရပ်ကွက် မိုးမိတ်မြို့ ယခင်က မီးစက်နဲ့ပေးလို့ တစ်ရက်ခြား သုံးနာရီသာ မီးရတယ်၊ ထမင်းဟင်းချက်မရဘူး၊ TV လည်းကြည့်မရဘူး၊ ခု ၂၄ နာရီ မီးရပြီလို့တော့ သိရတယ်။ ဒါပေမယ့် မသုံးရဲသေးဘူး၊ လျှပ်စစ်ရုံးက လော်စပီကာနဲ့ လိုက်အော်ပြောထားတယ်လေ၊ မီးအားတွေ မြင့်လာမှာဖြစ်လို့ မိမိအိမ်ကဝိုင်ယာကြိုးတွေ ပေါက်ပြဲနေမှု ရှိ၊ မရှိ စစ်ဆေးဖို့၊ ပေါက်ပြဲနေရင် မကိုင်တွယ်ဖို့၊ ကြိုးဟောင်းတွေလဲလှယ်ပြီးမှ သုံးသင့်တယ်လို့ သတိပေးထားလို့ပါ၊ နောက်ပြီး ကျွန်မလည်း မအားသေးလို့ မလုပ်နိုင်သေးလို့ပါ၊ လျှပ်စစ်ကို ကျေးဇူးတင်ပါတယ်ရှင်။

**ဦးအောင်ကြည်၊ ဘိုးဘိုးကြီးစားသောက်ဆိုင် မိုးမိတ်မြို့**

အရင်က မီးအားမကောင်းတော့ မီးစက်မောင်းရတာ တစ်ရက်ကိုအနည်းဆုံး ဆီတစ်ဂါလန်ကုန်တော့ ငွေ ၄၀၀၀ လောက် အပိုကုန်ရတာပေါ့၊ မိုးမိတ်က မိုးကုတ်လိုမဟုတ်ဘူး၊ ပူတယ်လေ၊ အဲယားကွန်းလည်း မသုံးနိုင်ဘူး၊ အခုတော့ ဗို့အားက ၂၀၀ ကျော်မှာပဲ ရှိနေတယ်၊ ကျွန်တော့်အိမ်က ဝိုင်ယာကြိုးတွေက လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ကြိုးတွေ ပြန်လဲရဦးမယ်။ လျှပ်စစ်ဌာနက ပြောတယ်လေ၊ လျှပ်စစ်ဓာတ်အားကို လုံခြုံစိတ်ချစွာနဲ့ အန္တရာယ်ကင်းစွာ သုံးနိုင်ဖို့တဲ့၊ လူတိုင်းလည်း ပျော်နေကြတယ်။ မီတာတွေ လျှောက်ကြ၊ လိုင်းကြိုးတွေဆွဲကြနဲ့ အုန်းအုန်းထနေတော့တာပဲ၊ လျှပ်စစ်ပစ္စည်းတွေလည်း ကုမ္ပဏီတစ်ခုက ကားနဲ့လှည့်ပြီး ရောင်းနေတာ တွေ့ရတယ်။ လျှပ်စစ်ဓာတ်အား အမြဲရလာပြီဆိုတော့ အိမ်တွင်းမှုလုပ်ငန်းလေးတွေ လုပ်နိုင်လာတော့မယ်။ စောင့်နေရတာကြာပြီဗျာ၊ လျှပ်စစ်ကို ကျေးဇူးတင်ပါတယ်။

**အပြန်ခရီးက ပိုသာယာ**

စာရေးသူတို့ဟာ မိုးကုတ်မြို့မှာ တစ်ညတာအိပ်စက်ခဲ့ပြီး နောက်နေ့မနက်မှာတော့ လာရာမန်းကို မြန်းခဲ့ကြပါတယ်၊ တောတောင် သဘာဝရှုခင်းတွေက ပိုပြီးလှပလာသလို ပြည်သူများ၏ ဝမ်းမြောက် ပျော်ရွှင်စရာစကားသံများကလည်း နှလုံးပီတိဂွမ်းဆီထိပမာ ကြည်နူးခံစားရပါတယ်၊ နှုတ်မှလည်း မိုးကုတ် နှစ် ၈၀၀ ပြည့်ပွဲတော်ဖွင့်ပွဲတွင် မြန်မာပြည်သိန်းတန် သီဆိုခဲ့တဲ့ ‘အပြုံးနဲ့ကြိုနေ ပတ္တမြားမြေ’ သီချင်းလေးကို သီဆိုလျက် ...........

**ရှမ်းပြည်မြောက်ပိုင်း ကုန်းမြင့်အနောက်ဌာနီ မိုးကုတ်မြို့လေး အေးချမ်းလှပေသည်**

လျှပ်စစ်စွမ်းအား အကျိုးထူးလှပေသည်ဟု ဖြည့်စွက်ရင်းဖြင့် ............။

ခရီး သွား ဆောင်း ပါး

# ပြည်၊ သရေခေတ္တရာဆီသို့

မောင်မောင်မြင့်ဆွေ


ဓာတ်ပုံ - ခင်ခွန်ဇာလင်း

ညအချိန်မှာ ကားနဲ့ခရီးမကြာခဏ ထွက်ခဲ့ဖူးပေမယ့် အခုခရီးစဉ်ကတော့ ထူးခြားပါတယ်။ အလုပ်တာဝန်အရ အချိန်တွက်ချက်ပြီး ညပိုင်းမှာ အဝေးပြေးဂိတ်က မော်တော်ယာဉ်တွေနဲ့ခရီးထွက်ခဲ့ဖူးတာများပေမယ့် အခုလိုလေ့လာရေးခရီးသွားတာမျိုး သိပ်မရှိခဲ့ပါဘူး။ အခုခရီးစဉ်က ကျွန်တော့်မိတ်ဆွေ ဦးသာမောင်က ပြည်မြို့က ရွှေဆံတော်ဘုရားကို အဓိဋ္ဌာန်အရ ဖူးမြော်ဖို့သွားရင်း ကျွန်တော့်ကို အကြိမ်ကြိမ်ခေါ်တာမို့ တစ်ရက်ခရီးအဖြစ် လိုက်ပါလာခဲ့ခြင်းလည်း ဖြစ်ပါတယ်။

### ထွက်ခွာ

ရန်ကုန်ကနေပြီး ည ၁၁ နာရီခန့်မှာ ကားနဲ့ထွက်ခွာလာတဲ့ ကျွန်တော်တို့ဟာ ကားပေါ်မှာ ကျွန်တော်တို့နှစ်ဦးကလွဲပြီး ဘယ်သူမှမပါပါဘူး၊ ပြည်ရွှေဆံတော်ဘုရားကို နံနက်စောစော ဖူးမြော်လိုတဲ့ ဆန္ဒပြင်းပြနေတဲ့ ဦးသာမောင်ရော၊ အလုပ်တာဝန်တွေရှိနေပြီး အချိန်မရတဲ့ ကျွန်တော့်အတွက်ရော အခုလို ရန်ကုန်က ညပိုင်းထွက်လာတာဟာ နှစ်ဦးစလုံး အဆင်ပြေတာမို့ ည ၁၁ နာရီမှာ ထွက်ခွာလာခြင်းပဲ ဖြစ်ပါတယ်။

တကယ်တော့ ညပိုင်းကားနဲ့ ခရီးသွားရတာဟာ အခုလို နွေရာသီမှာတော့ အကောင်းဆုံးပါပဲ။ ရာသီဥတုပူပြင်းမှုဒဏ်ကို မခံစားရသလို ကားလမ်းပေါ်မှာလည်း ယာဉ်အသွားအလာ နည်းပါးတာမို့ ခရီးလည်းတွင်ပါတယ်။ ညအချိန်ဖြစ်တာမို့ လမ်းဘေးဝဲယာက နေအိမ်နဲ့ ကျေးရွာတွေ၊ စိုက်ပျိုးခင်းတွေကို မြင်တွေ့လေ့လာလို့ မရတော့ပါဘူး။ ဒါကြောင့်လည်း ကားပေါ်မှာ မေ့ရင်းလိုက်ပါလာခဲ့ခြင်းလည်း ဖြစ်ပါတယ်။

### ဖူးမြော်

ကျွန်တော်ဟာ ပြည်မြို့ကို အရင်က တာဝန်နဲ့ မကြာခဏ ရောက်ခဲ့ပေမယ့် အလုပ်တွေ မအားလပ်တာကြောင့် ရွှေဆံတော်ဘုရားကို တစ်ကြိမ်သာအပြေးအလွှားသွားရောက် ဖူးမြော်နိုင်ခဲ့ပြီး နောက်အခေါက်တွေမှာတော့ ဘုရားဖူးမြော်ဖို့ မရောက်ဖြစ်ခဲ့တော့ပါဘူး။ အခုတော့ မိတ်ဆွေရဲ့ကျေးဇူးကြောင့် ပြည်ရွှေဆံတော်ဘုရားကို ဖူးမြော်ခွင့်ရတော့မှာ ဖြစ်ပါတယ်။

ပြည်ရွှေဆံတော်ဘုရားအကြောင်း တွေးရင်း ပြည်မြို့အကြောင်းကို အတွေးဝင်မိပါတယ်။ ဟိုး… အရင်နှစ်ပေါင်းများစွာကတည်းက ပြည်မြို့ကို သီရိခေတ္တရာမင်းသားက တည်ထောင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီခေတ်ကာလက ဒီအရပ်ဒီဒေသမှာ စစ်မက်ဖြစ်ပွားမှုတွေ ပြေငြိမ်းခဲ့တာမို့ ပြေမြို့လို့ သမိုင်းတွင်ခဲ့တာဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ အဲဒီသမိုင်းတွင်ခဲ့တာဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ အဲဒီသမိုင်းကြောင်းကို ပြည်မြို့အနောက်ဘက် ဖိုးဦးတောင်ဘုရားသမိုင်းမှာ ဖော်ပြထားပါတယ်။

### စတင်ကိုးကွယ်

ဒ့ါအပြင်လည်း ဒီအရပ်ဒေသမှာ ပျူလူမျိုးတို့ နေထိုင်ခဲ့ကြတာမို့ ပျူမြို့လို့ခေါ်တွင်ခဲ့ရာမှ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ပြေမြို့ဖြစ်လာခဲ့တာဖြစ်ကြောင်းလည်း လေ့လာခဲ့ဖူးပါတယ်။ ပုဂံခေတ်နှောင်းပိုင်းမှာတော့ နရသီဟပတေ့ဘုရင်ရဲ့သားဖြစ်တဲ့ သီဟသူက ပြည်မြို့ကို မြန်မာသက္ကရာဇ် ၉၀၄ ခုနှစ်မှာ စတင်တည်ခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်မြို့ဟာ သစ်တပ်၊ မြေမြို့၊ အုတ်မြို့ဆိုပြီး သုံးထပ်မြို့အဖြစ် တည်ထောင်ခဲ့တာဖြစ်သလို အင်းဝမင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့စစ်မက်ပြုရာ အရပ်ဒေသလည်း ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းစစ်ပြေငြိမ်းရာ အရပ်အဖြစ်လည်း သတ်မှတ်ခဲ့လို့ ပြည်မြို့ဟာ ခေတ်အဆက်ဆက် စစ်ပြေငြိမ်းရာ အရပ်အဖြစ်တည်ရှိနေခဲ့တာလားဆိုတာ အတွေးဝင်စရာပါပဲ။ အင်းဝခေတ်၊ တောင်ငူခေတ်နဲ့ ကုန်းဘောင်ခေတ်ဦး အထိ ပြည်မြို့ဟာ သီဟသူမှ မင်းဆက်ပေါင်း ၂၇ ဆက်အထိ ရှိခဲ့တယ်လို့ သမိုင်းမှတ်တမ်းမှာ လေ့လာခဲ့ဖူးပါတယ်။

### လည်ပတ်စရာပေါများ

အတွေးနဲ့ မှေးခနဲ အိပ်ပျော်သွားတဲ့ ကျွန်တော်ဟာ "ကဲ..ရောက်ပြီ"လို့ နှိုးတော့မှ မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါ ပြည်ရွှေဆံတော် ဘုရားခြေရင်းကို ကားရောက်နေပြီဖြစ်ပါတယ်။ ကိုယ်လက်သန့်စင်ပြီးနောက် ရွှေဆံတော်စေတီပေါ် တက်ရောက်ဖူးမြော်တဲ့အခါ ရွှေရောင်ဝင်းပနေတဲ့ စေတီတော်ကို အေးချမ်းစွာ ဖူးမြော်ကြည်ညိုနေမိပါတယ်။ ပြည်ရွှေဆံတော်စေတီကြောင့် ပြည်မြို့ဟာလည်း နာမည်ကြီးသလို အနီးဝန်းကျင်မှာ သွားလာလည်ပတ်စရာ ပေါများပါတယ်။

### လေ့လာခဲ့

ရွှေဆံတော်စေတီကို အတန်ကြာဖူးမြော်ပြီးနောက် ရင်ပြင်တော်ကို လှည့်လည်လေ့လာတဲ့အခါ နံနက်စောစောဖြစ်ပေမယ့် ဘုရားဖူးလာသူတွေကို တွေ့မြင်ရပါတယ်။ ပြည်မြို့ခံတွေနဲ့ ကျွန်တော်တို့လို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေဖြစ်မယ်လို့ တွေးမိပါတယ်။ ပြည်မြို့ကျက်သရေဆောင် ရွှေဆံတော်ဘုရားတည်ရှိရာ တောင်ကုန်းဟာ ရှေးခေတ်က သုဒဿန ကုန်းတော်လို့ ခေါ်ဝေါ်ခဲ့ကြပြီး ရွှေဆံတော်ဘုရားကိုလည်း မြသီတင်းဘုရားလို့ ခေါ်ခဲ့ကြပါတယ်။ မြတ်စွာဘုရားရဲ့ ဆံတော်လေးဆူကို ဌာပနာပြုပြီး ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူပြီး ရှစ်နှစ်အကြာမှာ တည်ထားခဲ့တာဖြစ်တယ်လို့ မှတ်တမ်းမှာ လေ့လာခဲ့ဖူးပါတယ်။ ရွှေဆံတော်စေတီကို ခေတ်အဆက်ဆက်က ပြုပြင်ခဲ့ရာမှာ အခုအချိန်မှာတော့ စေတီတော်ရဲ့ညဏ်တော်အမြင့်က ၁၂၇ ပေရှိကြောင်း သိရပါတယ်။

ပြည်ရွှေဆံတော်စေတီရင်ပြင်ရဲ့ တနင်္ဂနွေထောင့်မှာ ကျန်စစ်သားမင်းက မွန်ဘာသာနဲ့ ရေးထိုးခဲ့တဲ့ ကျောက်စာချပ်တစ်ချပ်တည်ရှိနေတာကို တွေ့ရပါတယ်။ စုစုပေါင်းကျောက်စာ လေးချပ်ရှိပြီး ကျန်စစ်သားမင်းက သူ့ရဲ့ဘဝဖြစ်စဉ်ကို ရေးထိုးထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ စေတီရင်ပြင်တော်ကို လှည့်လည်လေ့လာပြီးနောက် ပြန်ဆင်းလာခဲ့ကြကာ နံနက်စာအတွက် ကောက်ညှင်းပေါင်း ပူပူနွေးနွေးကို ဝယ်ပြီးအနီးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ရောက်ကာ လက်ဖက်ရည်သောက်ရင်း စားကြပါတယ်။

### သတိရ

ပြည်မြို့ဟာ ရန်ကုန်ကနေပြီး ကားလမ်းနဲ့ ၁၇၉ မိုင် ကွာဝေးသလို ရထားလမ်းနဲ့ဆိုရင် ၁၆၁ မိုင် ကွာဝေးပါတယ်။ ကုန်းလမ်း၊ ရေလမ်းနဲ့သွားလာလို့ရတဲ့မြို့ဖြစ်ပြီး ဧရာဝတီမြစ်ကမ်းမှာ တည်ရှိနေတဲ့မြို့လည်း ဖြစ်တာမို့ အရောင်းအဝယ်ဖြစ်ထွန်းပြီး စီးပွားရေးကောင်းမွန်တဲ့မြို့တစ်မြို့ပါပဲ။ ပြည်မြို့အကြောင်းတွေးရင်းနဲ့ ပြည် ဇာတိ ထင်ရှားသူတွေဖြစ်တဲ့ စာရေးဆရာကြီး ဒဂုန်ရွှေမျှား၊ ရုပ်ရှင်မင်းသားဦးညီပု၊ စာရေးဆရာဇဝန၊ အဆိုတော်ခင်ဝမ်းတို့ကို သတိရစိတ်ဖြစ်မိပါတယ်။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှ ထွက်လာကာ ပြည်မြို့တစ်ဖက်ကမ်းမှာ တည်ရှိတဲ့ ရွှေဘုံသာမုနိဘုရားကို ဖူးမြော်ဖို့ ကားနဲ့သွားကြပါတယ်။ ပြည်မြို့ကတော့ ဈေးရောင်း၊ ဈေးဝယ်သူ၊ ခရီးသွားလာသူ၊ သက်ဆိုင်ရာ အလုပ်ကိစ္စတွေအတွက် သွားလာလှုပ်ရှားနေသူတွေနဲ့ လမ်းတွေပေါ်မှာစည်ကားနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ နဝဒေးတံတားကို ဖြတ်ကျော်ပြီးတဲ့အခါ လမ်းအနီးမှာရှိတဲ့ ပရဟိတဘုရားကို ဝင်ရောက်ဖူးမြော်ကြပါတယ်။ အဲဒီမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံက ပင့်ဆောင်လာတဲ့ ဗောဓိညောင်ပင်နှစ်ပင်ကို စိုက်ပျိုးထားတာကိုလည်း တွေ့မြင်ရပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ ရွှေဘုံသာမုနိဘုရားဆီသို့ ဆက်သွားကာ ဖူးမြော်ကြပါတယ်။ တိတ်ဆိတ်အေးချမ်းနေတာမို့ ဘုရားကို ဖူးမြော်ကြည်ညိုရတာ စိတ်ထဲမှာ ငြိမ်းချမ်းပြီး အေးမြစရာပါပဲ။

ကျွန်တော်တို့ ဖိုးဦးတောင်ဘုရားကို ဖူးမြော်ဖို့ကားနဲ့ သွားခဲ့ကြပါတယ်။ ငါးမိုင်ခရီးခန့်ရှိတာမို့ ကားနဲ့သွားတဲ့အခါ လမ်းက နည်းနည်းကြမ်းတာမို့ ဂရုစိုက်ပြီး မောင်းရပါတယ်။ တောင်ခြေရင်းရောက်တဲ့အခါ ဘုရားကိုဖူးမြော်ဖို့ အတော်လေး မတ်စောက်တဲ့ လှေကားထစ်တွေအတိုင်း ဖြည်းဖြည်းချင်းအားစိုက်တက်ခဲ့ရပါတယ်။ တက်လိုက်၊ နားလိုက်နဲ့ အချိန် ၁၅ မိနစ်ခန့်ကြာအောင်တက်ပြီးမှ ဖိုးဦးတောင်ဘုရားရင်ပြင်ကို ရောက်ပါတယ်။ လူငယ်တွေဆိုရင်တော့ အချိန်တိုအတွင်း တက်ရောက်နိုင်တဲ့အနေအထားဖြစ်ပေမယ့် ကျွန်တော်တို့ကတော့ ဘုရားပေါ်ရောက်တဲ့အခါ အတော်လေးမောနေပြီဖြစ်ပါတယ်။ အမောပြေပြီး ဘုရားကို ဖူးမြော်လိုက်တဲ့အခါ ကြည်ညိုဖွယ်ရာဖြစ်တာမို့ အမောပြေသွားခဲ့ကာ ရင်ပြင်တော်ကနေ ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါ ကျေးရွာငယ်တွေ၊ လယ်ကွင်းတွေနဲ့ ဧရာဝတီမြစ်ကို အပေါ်စီးမှ မြင်တွေ့လိုက်ရပါတယ်။ တကယ့်ကို လှပတဲ့သဘာဝ ပန်းချီကားတစ်ချပ်ပါပဲ။

ကျွန်တော်တို့ ဖိုးဦးတောင်ဘုရားပေါ်က ပတ်ဝန်းကျင်မြင်ကွင်းကို အတန်ကြာငေးမောကြည့်ရှုလိုက်ရတဲ့အတွက် အမောတွေပြေပြီး စိတ်ရွှင်လန်းအေးမြသွားပါတယ်။ မိနစ်အနည်းငယ် လေ့လာကြည့်ရှုပြီးနောက် ကျွန်တော်တို့ ဖိုးဦးတောင်ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ကြပါတယ်။ ကျွန်တော်တို့ ပြည်ဘက်ကို ကားနဲ့ပြန်လာကြပြီး သရေခေတ္တရာမြို့ဟောင်းဘက်ကို ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ သရေခေတ္တရာမြို့ဟောင်းကိုတော့ ကျွန်တော်သုံးကြိမ် ရောက်ခဲ့ဖူးတာမို့ အသစ်အဆန်းမဟုတ်ပေမယ့် ရောက်တုန်း လာရောက်လေ့လာခြင်း ဖြစ်ပါတယ်။

### လှမ်းမြင်ရ

သရေခေတ္တရာ မြို့ဟောင်းရဲ့အဝင်မှာတော့ ယူနက်စကို အသိအမှတ်ပြု စကျင်ကျောက်တုံးအဖြူကြီးနဲ့ ရေးသားထားတာကို တွေ့ရပါတယ်။ မြို့ဟောင်းထဲမှာတော့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ လာရောက်လေ့လာတာကို တွေ့ရသလို ဧည့်လမ်းညွှန်အချို့က နိုင်ငံခြားဧည့်သည်အချို့ကို ရှင်းပြပေးနေတာလည်း မြင်ရပါတယ်။ သရေခေတ္တရာ မြို့ဟောင်းမှာ ဘောဘောကြီးဘုရား၊ ရဟန္တာဂူဘုရား၊ လေးမျက်နှာ ဘုရား၊ ဗိဿနိုးဘုရင်မဆွေမျိုးတော်များ သင်္ချိုင်း၊ လုလင်ကျော်မြို့ရိုးစတဲ့ နေရာတွေကို ကားပေါ်ကပဲ လိုက်လံကြည့်ရှုခဲ့ပါတယ်။ အချို့နေရာတွေက တူးဖော်ဆဲဖြစ်ပြီး အချို့နေရာတွေတော့ အမှတ်အသားတွေ အသိပေးချက်တွေကို လှမ်းမြင်ရပါတယ်။

### ဂုဏ်ယူစရာ

သရေခေတ္တရာ မြို့ဟောင်းအကျယ်အဝန်းဟာ ၄၇ စတုရန်း ကီလိုမီတာရှိပြီး ၂၀၁၄ ခုနှစ်က ကုလသမဂ္ဂရဲ့ယူနက်စကို အသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ခဲ့ပြီဖြစ်တာမို့ တန်ဖိုးက အဖိုးမဖြတ်နိုင်အောင်ပါပဲ။ ဒါကြောင့် မြန်မာတို့အတွက် ဂုဏ်ယူစရာကောင်းတဲ့နေရာတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်ပါတယ်။

သရေခေတ္တရာမြို့ဟောင်းက ပြန်ထွက်တော့ ညနေ ၃ နာရီရှိပြီဖြစ်ပါတယ်။ အချိန်ရရင်တော့ သုံးလေးရက်နေထိုင်ပြီး လေ့လာဖို့ ကောင်းတဲ့နေရာဖြစ်ပေမယ့် အခုအချိန်မှာ နေရစ်ခဲ့တော့ မြို့ဟောင်းရေ…ဟု နှုတ်ဆက်ရင်း….။ ။

**"ဒီအရပ်ဒေသမှာ ပျူလူမျိုးတို့ နေထိုင်ခဲ့ကြတာမို့ ပျူမြို့လို့ခေါ်တွင်ခဲ့ရာမှ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ပြေမြို့ဖြစ်လာခဲ့တာဖြစ်ကြောင်းလည်း လေ့လာခဲ့ဖူးပါတယ်။ ပုဂံခေတ်နှောင်းပိုင်းမှာတော့ နရသီဟပတေ့ဘုရင်ရဲ့သားဖြစ်တဲ့ သီဟသူက ပြည်မြို့ကို မြန်မာသက္ကရာဇ် ၉၀၄ ခုနှစ်မှာ စတင်တည်ခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ပြည်မြို့ဟာ သစ်တပ်၊ မြေမြို့၊ အုတ်မြို့ဆိုပြီး သုံးထပ်မြို့အဖြစ် တည်ထောင်ခဲ့တာဖြစ်သလို အင်းဝမင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့စစ်မက်ပြုရာ အရပ်ဒေသလည်း ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းစစ်ပြေငြိမ်းရာ အရပ်အဖြစ်လည်း သတ်မှတ်ခဲ့လို့ ပြည်မြို့ဟာ ခေတ်အဆက်ဆက်စစ်ပြေငြိမ်းရာ အရပ်အဖြစ် တည်ရှိနေခဲ့တာလားဆိုတာ အတွေးဝင်စရာပါပဲ၊ အင်းဝခေတ်၊ တောင်ငူခေတ်နဲ့ ကုန်းဘောင်ခေတ်ဦးအထိ ပြည်မြို့ဟာ သီဟသူမှ မင်းဆက်ပေါင်း ၂၇ ဆက်အထိ ရှိခဲ့တယ်"**

# ချစ်သော ထင်းရှူးမြေ

မြင့်ထွေး(ဟိုတယ်/ခရီး)



ကလောမြို့ရှုခင်း

၂၀၁၇ ခုနှစ် သင်္ကြန်ရုံးပိတ်ရက်ရှည်တွင် အပူဒဏ်ကိုရှောင်ရင်း မိသားစုများတွေ့ဆုံရန်အတွက် စိမ်ပန်းပြာများ ဖုံးလွှမ်းရာ ကလောမြို့လေးသို့ရောက်ရှိခိုက် ဒုတိယကမ္ဘာစစ်အတွင်း ကလောမြို့ ဂျပန်စစ်ဆေးရုံ(အမေရိကန်သာသနာပြုကျောင်း)တွင် ဂျပန်စစ်သည်များအား ကုသပြုစုပေးခဲ့သည့် ဂျပန်သူနာပြုဆရာမလေး Mrs. Yoshiko ၏ အကြောင်းကို သိရှိခဲ့ရသည်။

Mrs.Yoshiko သည် အသက် ၂၀ ခန့်အရွယ် ၁၉၄၄ ခုနှစ်တွင် ကလောမြို့၌ တစ်နှစ်ကျော် နေထိုင်ခဲ့စဉ်အတွင်း ကလောမြေ၊ ကလောရေ၊ ကလောလေတို့နှင့် ထိတွေ့ခွင့်ရခဲ့ပြီး ရင်းနှီးခင်မင်ခဲ့ရသော လုပ်ဖော်ကိုင်ဖက်များအပေါ် သံယောဇဉ်ကြီးစွာချည်နှောင်ခဲ့မိသည့် သူ့အဖြစ်က လွမ်းမောဖွယ်။ မြန်မာ့မြေမှ ဂျပန်များဆုံးရှုံးမှုများနှင့်အလောတကြီး ပြန်လည်ဆုတ်ခွာရာတွင် ဂျပန်နိုင်ငံသို့ မရောက်ရောက်အောင် ခက်ခဲပင်ပန်းကြီးစွာပြန်နိုင်ခဲ့သော်လည်း ခေတ္တနေထိုင်ခဲ့ရာ ကလောမြို့လေးက ရှင်သန်ခဲ့ရာဘဝတစ်လျှောက်လုံး သူ့အပေါ် လွှမ်းမိုးထားဟန်တူသည်။ သူကွယ်လွန်သည့်အချိန်တွင် သူ၏ အရိုးပြာအား သူနေထိုင်ခဲ့ရာ၊ တာဝန်ထမ်းဆောင်ခဲ့ရာ ကလောမြို့ ဂျပန်စစ်ဆေးရုံအနီးရှိ ထင်းရှူးပင်အခြေတွင် သားဖြစ်သူက လာရောက်မြှုပ်နှံပေးခဲ့သည့်အဖြစ်က ဆွတ်ပျံ့ဖွယ်ကောင်းလှသည်။ သူနှင့်ရင်းနှီးခဲ့သော ကလောမြို့နေဖခင်ဖြစ်သူ ဦးလှမြင့်ထံမှ ကြားသိရမိမှုကြောင့် တိုင်းတစ်ပါးနေနိုင်ငံခြားသူတစ်ဦးကပင် ခေတ္တနေထိုင်ခဲ့ရာ မြန်မာနိုင်ငံအပေါ် သည်မျှအထိ ချစ်မြတ်နိုးသည့် စိတ်ဖြစ်ပေါ်မှုအပေါ် ကျွန်တော်တို့ မြန်မာနိုင်ငံသားများအနေနှင့်လည်း မိမိနိုင်ငံအပေါ်မှန်မှန်ကန်ကန်ချစ်မြတ်နိုးကြစေရန်အတွက် ချစ်ကြသည်ဟု ဆိုရာဝယ် ဆောင်းပါးကိုရေး၍ မြန်မာ့အလင်းသတင်းစာသို့ပေးပို့ခဲ့ရာ (၂-၅-၂၀၁၇) ရက်တွင် ဖော်ပြပါရှိခဲ့ပါသည်။

သည်ဆောင်းပါးတွင် ပါဝင်ခဲ့သော၊ သည်ဆောင်းပါးကိုရေးဖြစ်ခဲ့သော၊ ရေးဖြစ်အောင် တိုက်တွန်းစေ့ဆော်ပေးသော ဂျပန်အမျိုးသမီး Mrs.Yoshiko ၏အကြောင်းကား သည်မှာတင်ပြီးစီးသွားခဲ့ပြီဟု ကျွန်တော့်အနေဖြင့် မှတ်ထင်မိခဲ့သည်။ ကျွန်တော့်မှတ်ထင်ချက် တက်တက်စင်လွဲခဲ့သည်။ အမှန်တကယ်ကား ပြီးစီးခြင်းမရှိဘဲ မိမိနောက်သို့လည်းကောင်း၊ မိမိစိတ်အတွေးထဲတွင် လည်းကောင်း၊ မသိစိတ်ရော အသိစိတ်ထဲတွင်ပါ သူကအရိပ်ပမာလိုက်ပါနေခဲ့သည်။

၁၉၉၇ ခုနှစ် သင်္ကြန်ကာလ ကလောမြို့သို့ ရောက်ခဲ့စဉ်က တိုက်ဆိုင်စွာပင် ဂျပန်နိုင်ငံမှ လာရောက်လည်ပတ်နေသော ဂျပန်မိသားစုတစ်ခုကို အိမ်တွင်တွေ့ဆုံခဲ့ရသည်။ အဆိုပါ ညှော့သည်များတွင် Ms.Yoshiko နှင့် တွေ့ဆုံစကားပြောကာ အတူတကွ စုပေါင်းဓာတ်ပုံရိုက်ခဲ့ဖူးသည်။

ထိုစဉ်က သာမန်ပင်သိခဲ့၊ ခင်ခဲ့၊ အမှတ်တရရှိရုံသာဖြစ်ခဲ့သော်လည်း တစ်ချိန်တွင် အဆိုပါအမျိုးသမီးသည် ကလောမြို့လေးတွင် ထာဝရလဲလျောင်းအိပ်စက်နေလိမ့်မည်ဟု စိုးစဉ်းမျှမထင်မိခဲ့။ ၂၀၁၇ ခုနှစ် သင်္ကြန်ရုံးပိတ်ရက် ကလောသို့အလည်သွားခိုက် ဖခင်မှ ၁၉၉၇ ခုနှစ်တွင် ကျွန်တော်နှင့် ဓာတ်ပုံတွဲရိုက်ခဲ့သော မိသားစုထဲ၌ သူပါဝင်ကြောင်းပြန်ပြောင်းပြောပြမှုသိရှိရသည့်အခါ သူ့အပေါ် ပို၍ စာနာ၊ နားလည်စိတ်၊ ကရုဏာစိတ်များဖြစ်မိကာ ဖော်မပြနိုင်သော ခံစားမှုကရင်ထဲသို့ နင့်နင့်ပိုးပိုး ထိုးဖောက်ခိုဝင်နေတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်း အသက် ၂၀ နှစ်အရွယ်က သူ သိကျွမ်းခင်မင်ခဲ့ရသော ကလောသူ၊ ကလောသားများကို အသက် ၇၄ နှစ်အရွယ်တွင် ကလောသို့ပြန်လည်လာရောက်ပြီး ဇွဲနပဲကြီးစွာ ပြန်လည်ရှာဖွေခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် မိုင်ပေါင်းထောင်ချီဝေးကွာသော ဒေသမှ သူဖြစ်သော်လည်း ထင်းရှူးရနံ့များသင်းပျံ့ရာ၊ စိမ်ပန်းပြာများဖုံးလွှမ်းရာ သည်ကလောမြို့လေးအပေါ် ခင်မင်တွယ်တာလွန်းသော သူ၏စိတ်ကို အံ့သြမိသည်။ စစ်အတွင်းတာဝန်ထမ်းဆောင်ခဲ့ရာ ဂျပန်ခေတ်စစ်ဆေးရုံသို့ အရောက်သွားကာ သတိရအောက်မေ့စွာ ထိတွေ့ကိုင်တွယ်ရင်း ငေးမော၊ တွေဝေစွာ ပြန်ပြောင်းခံစားနေမှုများအကြောင်းကို သိရှိနားထောင်ရသဖြင့် မိမိထံသို့ပင် သူ၏ခံစားမှုများက ပူးဝင်ကူးစက်ရောက်ရှိလာသည်မှာ တနင့်တပိုး။

ကလောမြို့ရှိ မိတ်ဆွေများနှင့်တွေ့ဆုံပြီး ဂျပန်နိုင်ငံသို့ ပြန်ရောက်ချိန်တွင် ကျန်းမာရေး အလွန်ဆိုးရွားနေသည့်ကြားမှ ကျွန်တော့်ဖခင်ထံ စာရေးပေးပို့ခဲ့သည်။ ထိုစာကို ဖခင်ဖြစ်သူမှ ကျွန်တော့်ကိုပေးအပ်ခဲ့ရာ ရှေးခေတ်ဂျပန်လူကြီးများ၏ လက်ရေးစာများဖြစ်၍ ဘာသာပြန်ဆိုပေးနိုင်မည့်မိတ်ဆွေကို အကူအညီတောင်းခဲ့ရသည်။ ဘာသာပြန်ဆိုသူမိတ်ဆွေကလည်း ဂျပန်ရှိ သူ၏မိတ်ဆွေထံသို့ ပေးပို့ကာ သူ့ပြန်ဆိုမှုနှင့် မလွဲချော်စေရန် ဂရုစိုက်ခဲ့ရသည်။

လက်ထဲရောက်ရှိလာသော သူ၏ဘာသာပြန်စာအား စိတ်ကိုအတည်ငြိမ်ဆုံးထားရင်း ဖတ်နေသော်လည်း စာရွက်ကိုင်ထားသောကျွန်တော့်လက်များ တုန်နေသည်ကို သတိထားမိသည်။ သူ၏ ဝိညာဉ်များအနားရောက်နေပြီလားမသိ။ တစ်လုံးချင်း၊ တစ်ကြောင်းချင်း စတင်ဖတ်မိပါတော့သည်။

**ဂျပန်နိုင်ငံ၊ ရှီဇူအိုကခရိုင်၊ အတမိမြို့**
**မိဇုဂုချိ ရောရှိကို**
**ခင်မင်ရတဲ့ မြင့် ရေ.....**

၁၉၄၄ ခုနှစ် မတ်လမှာ ကျွန်မဟာ ဂျပန်နိုင်ငံကြက်ခြေနီအဖွဲ့ချုပ် ကယ်ဆယ်ရေးတပ်သားအဖြစ် ကလောမြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ကလောမြို့မှာရှိတဲ့ အမှတ် (၁၁၈)စစ်မြေပြင် ဆေးရုံတပ်ဆွယ်ရဲ့ ဖျားနာဆောင်မှာ သူနာပြုအဖြစ် အရင်ရောက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နာဂနို တပ်ဖွဲ့နဲ့ ကျွန်မတို့ ရှီဇူအိုကတပ်ဖွဲ့တို့ဟာ ကလောမြို့က အထက်တန်းကျောင်းဆင်းပြီးသူ မြန်မာအမျိုးသမီး ၂၀ ခန့်ရဲ့ အကူအညီနဲ့ မြောက်မြားစွာသော ဂျပန်လူနာတွေကို ပြုစုစောင့်ရှောက်ခဲ့ပါတယ်။

လူနာတွေထဲမှာ ပြင်ပလူနာတွေရှိသလို၊ အတွင်းလူနာများမှာလည်း ငှက်ဖျား၊ အမီးဘား ဝမ်းကိုက်ပိုးလူနာများဟာ များပြားလှပါတယ်။ အင်ဖာတိုက်ပွဲများ စတင်ခဲ့တဲ့နောက်ပိုင်းမှာတော့ ထိခိုက်ဒဏ်ရာရတဲ့ဂျပန်စစ်သားလူနာများဟာ ဆေးရုံပြည့်လျှံသည်အထိ ရောက်ရှိလာတဲ့အတွက် ကျွန်မတို့ကြက်ခြေနီတပ်ဖွဲ့မှာ နားရက်လုံးဝမရခဲ့ကြသလောက်ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့နဲ့ မြန်မာအမျိုးသမီးသူနာပြုများဟာ စစ်သည်တွေကို မငြီးမငြူ ပြုစုကုသပေးခဲ့ကြပါတယ်။

အေးချမ်းဆိတ်ငြိမ်တဲ့ကလောမြို့လေးဟာ ထင်းရှူးပင်တွေ၊ အုပ်အုပ်ဆိုင်းဆိုင်းရှိပြီး ပန်းလေးတွေအရောင်အသွေးစုံလင်စွာ ပွင့်လန်းနေတာကြောင့် သာယာလှပလွန်းလို့ နံနက်ခင်း၊ ညနေခင်း၊ အချိန်လေးမှာ လမ်းလျှောက်ပြီးအပန်းဖြေချင်တဲ့ စိတ်ကလေးပေါ်လာတတ်ပေမယ့် ကုသရမယ့်လူနာတွေ၊ အော်ငြီးမြည်တွားနေတဲ့ အသံတွေက ကျွန်မရဲ့တစ်ကိုယ်ရေစိတ်ခံစားလိုမှုတွေကို တားဆီး အနိုင်ယူသွားကြပါတယ်။

၁၉၄၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ အင်္ဂလိပ်လေတပ်ရဲ့ဗုံးကြဲတိုက်ခိုက်မှုများပြင်းထန်လာတဲ့အတွက် ဒဏ်ရာပြင်းထန်တဲ့လူနာတွေကို မြေအောက်ဗုံးခိုကျင်းတွေထဲမှာ ထည့်သွင်းပြီး လမ်းလျှောက်နိုင်တဲ့လူနာတွေကိုတော့ ကျွန်မတို့သူနာပြုတွေက တွဲလျှောက်လို့ တောင်တန်းရဲ့တစ်ဖက်ခြမ်းလျှိုတွေထဲအထိ ဝေးဝေးသွားပုန်းခိုကာ ညနေမိုးချုပ်ခါနီးမှ ဆေးရုံကိုပြန်လာစေတဲ့ ဗုံးဒဏ် ရှောင်ရှားမှုကို နေ့စဉ်လုပ်ဆောင်ခဲ့ကြရပါတယ်။ ကျွန်မတို့လိုပဲ မြန်မာသူနာပြုတွေကလည်း ပင်ပန်းကြီးစွာလုပ်ခဲ့ကြရပါတယ်။

ဒဏ်ရာပြင်းထန်တဲ့ ဂျပန်စစ်သည်တွေဟာ ကုသရင်းနဲ့ပဲ ဘယ်နှယောက်ကွယ်လွန်ကုန်ကြသလဲဆိုတာ မရေတွက်နိုင်ခဲ့ပါဘူး။ ကျဆုံးကွယ်လွန်သွားခဲ့ကြတဲ့ ဂျပန်စစ်သည်တွေကို ဆေးရုံရဲ့လျှိုအောက်ခြေမှာ ကောင်းမွန်စွာမြှုပ်နှံပေးခဲ့ကြပါတယ်။ မိတ္ထီလာမြို့တိုက်ပွဲပြင်းထန်လာတဲ့ အခါမှာ ဆကုရာမိချိ ကြက်ခြေနီတပ်ဖွဲ့ဟာလည်း ကလောမြို့ကိုစုစည်းရောက်ရှိလာပြီး သူနာပြု လုပ်ငန်းများကို ကျွန်မတို့နဲ့အတူတကွ လုပ်ကိုင်ခဲ့ကြပါတယ်။

နာဂနိုတပ်ဖွဲ့၊ ဂိဖုတပ်ဖွဲ့၊ ကုမမိတိုတပ်ဖွဲ့၊ ဆဂါတပ်ဖွဲ့၊ ရှီဇူအိုကတပ်ဖွဲ့တွေကို အမှတ် (၁၂၄)စစ်မြေပြင်ဆေးတပ်ရင်းကိုပြောင်းရွှေ့တာဝန်ပေးခဲ့ပြီး နောက်မှာတော့ ၁၉၄၅ ခုနှစ် ဧပြီ ၂၂ ရက်ခန့်မှာ ကျွန်မတို့ကြက်ခြေနီကယ်ဆယ်ရေးတပ်သားတွေကို မြန်မာနိုင်ငံကနေ ဆုတ်ခွာဖို့ အမိန့်ရခဲ့ပါတယ်။ အခုဒီစာကိုရေးနေတဲ့အချိန်ဟာ လွန်ခဲ့တဲ့ ၅၄ နှစ်က အချိန်လောက်ပါပဲရှင်။

ကျွန်မတို့အားလုံးကိုယ်ပိုင်ပစ္စည်းတွေကို မီးရှို့ပြီး ကလောမြို့လေးကမထွက်ခွာခင် ကျွန်မတို့ကို ချင်ခင်ကြင်နာစွာ စောင့်ရှောက်ပြုစုပေးခဲ့တဲ့ မြန်မာအမျိုးသမီးသူနာပြုတွေနဲ့ပြန်ဆုံနိုင်ပါစေလို့ ရင်ထဲမှာမချိစွာခံစားရင်း နှုတ်ဆက်ဆုတောင်းကာ ကျွန်မတို့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဖြစ်သလို ဆုတ်ခွာခဲ့ကြပါတယ်။ ကျွန်မတို့ရဲ့ဆုတ်ခွာမှုဟာ ဘာမှမသေချာမရေရာတဲ့ လမ်းခရီးဖြစ်တာမို့ မနက်ဖြန်ဆိုတာ မပြောနဲ့၊ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်းမှာ ဘာဖြစ်မလဲဆိုတာ မပြောနိုင်တဲ့ဘဝပါ။ ကျွန်မတို့နဲ့ပါလာတာကတော့ လမ်းခရီးတစ်လျှောက်လိုအပ်ရင်သုံးဖို့ အနာပိုးသတ်ဆေးအနည်းငယ်နဲ့ တစ်စုံတစ်ခုကြုံတွေ့ရရင် ရင်ဆိုင်နိုင်ဖို့ လက်ပစ်ဗုံးတစ်ယောက် တစ်လုံးသာဖြစ်ပါတယ်။ ဒေသခံတစ်ယောက်က လမ်းပြပြီး ဂျပန်စစ်သည် ခုနစ်ယောက်က သူနာပြု တပ်ဖွဲ့တစ်ဖွဲ့လုံးကို ကာကွယ်စောင့်ရှောက်လို့ ကလောမြို့တောင်ပေါ်ကလေးကနေ ဆင်းလာခဲ့ကြပါတယ်။ ကံမကုန်သေးရင်တော့ ပြန်ဆုံချင်ပါသေးရဲ့ ကလောလေးရယ်လို့ ပြေးရင်းဆုတ်ခွာရင်း စိတ်ထဲမှာ ရေရွတ်ပြောဆိုနေမိပါတယ်။

ကျွန်မတို့ဆုတ်ခွာခဲ့တဲ့လမ်းဟာ ထိုင်းနိုင်ငံကို ဖြတ်ကျော်ဆုတ်ခွာဖို့ ဦးတည်ခဲ့တာကြောင့် လမ်းမှာချောင်းတွေ၊ ဖြတ်ကူး၊ တောင်ကြောတစ်လျှောက်ကျော်ဖြတ်လို့ တောနက်နက်ထဲမှာ ခက်ခက်ခဲခဲဆုတ်ခွာခဲ့ရပါတယ်။ မိုးရာသီဖြစ်နေတာကြောင့်လည်း မိုးရေတွေစိုရွှဲလို့ ချမ်းအေးတဲ့ဒဏ်ကိုလည်း မမှုနိုင်တော့ပါဘူး။ မှောင်မိုက်မှုတွေကိုလည်း မကြောက်လန့်နိုင်တော့ပါဘူး။ အိပ်စက်ဖို့လည်း အခွင့်အရေးမရခဲ့ပါဘူး။ စားရေရိက္ခာတွေလည်းကုန်လို့ ငှက်ဖျားရောဂါလည်း ဝင်ရောက်လာတာကြောင့် အားအင်ကုန်ခန်းပြီး နောက်ဆုံးဝါးလုံးတောင်ဝှေးကို အားပြုလို့ ကျန်ရှိတဲ့ အားအင်နဲ့ နေ့စဉ် ဖြတ်ကျော်ခဲ့ရပါတယ်။

နောက်ဆုံးတော့ မြန်မာ-ထိုင်း နယ်စပ်ကို ဖြတ်ကျော်နိုင်ခဲ့ပြီး ချင်းမိုင်မြို့ကို ရောက်ရှိတဲ့ အချိန်မှာ ဇွန်လကုန်ပိုင်းရှိနေပါပြီ။ ကျွန်မတို့ ကီလိုမီတာ ၆၀၀ လောက်ကို မရပ်မနားခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ကြတာပါလား။

အခု ၅၄ နှစ်ကြာခဲ့ပြီဆိုတော့ အခုကျွန်မအသက် ၇၄ နှစ်အရွယ်မှာ ကျန်းမာရေးမကောင်းပေမယ့် ဒုတိယကမ္ဘာစစ်အတွင်း ကျွန်မငယ်ရွယ်စဉ်က လွမ်းဆွတ်ဖွယ်အတွေ့အကြုံများနဲ့ ကျွန်မကို ကူညီစောင့်ရှောက်ခဲ့တဲ့ ကျွန်မ ခင်တွယ်ခဲ့ရတဲ့ ကလောမြို့နဲ့ ကလောသူ၊ ကလောသားတွေကို ပြန်လည်အောက်မေ့လွမ်းဆွတ်လို့ ကျွန်မသားနဲ့ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ကလောမြို့ကို ရောက်ရှိနေတဲ့ အချိန်လေးမှာ စစ်အတွင်းက ကျဆုံး၊ ကွယ်လွန်ခဲ့ကြတဲ့ စစ်သည်တွေမြှုပ်နှံရာ လျှိုထဲကိုသွားပြီး သူတို့အတွက်ဆုတောင်းပေးခဲ့သလို ကျွန်မတို့နိုင်ငံအတွက် အသက်စွန့်ပေးခဲ့ကြသော သိန်းချီတဲ့ဂျပန်စစ်သည်တော်တွေနဲ့ မြန်မာတိုင်းရင်းသားတွေအတွက် အာဇာနည်များအဖြစ် နှလုံးသားထဲက နင့်နင့်နဲနဲအလေးပြုဆုတောင်းပေးလိုက်ပါတယ်။

မမေ့နိုင်တဲ့၊ မေ့လို့မရတဲ့၊ အမြဲတမ်းလွမ်းဆွတ်နေရမယ့် ကလောမြို့ရဲ့သည်လမ်း၊ သည်ရှုခင်းတွေဟာ ဟိုးရှေးရှေးတုန်းကလိုပဲ အိပ်မက်ထဲက ပန်းဥယျာဉ်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်နေတာကို တွေ့ရလို့ အလွန်ကြည်နူးချမ်းမြေ့ရပါတယ်။

**ခင်မင်ရတဲ့ မြင့် ရေ**

ကျွန်မပြန်စဉ်းစားကြည့်လိုက်တဲ့အခါတိုင်း အဲသည် ၅၄ နှစ်ကျော်ကာလတုန်းက ဂျပန်စစ်သည်တွေကို ကြင်ကြင်နာနာနဲ့ သူနာပြုလုပ်ငန်းဆောင်ရွက်ပေးခဲ့ကြတဲ့ မြန်မာအမျိုးသမီးများကို သတိတရရှိနေဆဲဆိုတာ ကျွန်မကိုယ် ကျွန်မဝန်ခံပါတယ်။ အဲသည်မြန်မာမိန်းကလေးများထဲက နှစ်ဦးနဲ့လည်း ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ပါတယ်။ သူတို့နဲ့တွေ့ရတဲ့အချိန်မှာ ကျွန်မဟာ အသက် ၂၀ အရွယ်ကို ပြန်ရောက်သွားသလိုပါပဲ။ ဟိုးတုန်းက အတူသီဆိုခဲ့ကြတဲ့ ဂျပန်သီချင်းတွေကို သူတို့နဲ့အတူ သီဆိုဖြစ်ပါတယ်။ သူတို့တွေ ဂျပန်သီချင်းတွေကို အခုထိအမှတ်ရနေကြတုန်းဖြစ်ပြီး ကျွန်မနဲ့အတူ သီဆိုနိုင်ကြတာမို့ ကျွန်မအံ့သြမိပါတယ်။ ပြန်လည်တွေ့ဆုံမှုက လွမ်းဆွတ်အောက်မေ့သတိရဖွယ်များမို့ ကျွန်မနေပျော်သေပျော်ပါပြီရှင်။

ဒါ့အပြင် ကလောဟိုတယ်ရဲ့မန်နေဂျာဖြစ်တဲ့ ခင်မင်ရတဲ့ မြင့်က ဂျပန်လူမျိုးတောင်ရှုံးရမယ့် ဂျပန်ဘာသာစကားကို ဂျပန်တွေအရှုံးပေးရလောက်အောင် ပြောဆိုနိုင်တာကတော့ ကျွန်မတို့နှစ်ယောက်ကြားမှာ ချစ်ခင်ရင်းနှီးမှုကို ပိုမိုတိုးပွားစေပါတယ်ရှင်။ ခင်မင်ရတဲ့ မြင့်နဲ့ မြင့်တို့မိသားစုရဲ့ ညှော့ဝတ်ကျေပွန်မှုများကို ကျွန်မတို့သားအမိ လက်ခံရရှိခဲ့ပြီး မြင့်တို့ မိသားစုရဲ့ လိုက်လံပို့ဆောင်မှုကြောင့် မြန်မာဘုန်းတော်ကြီးကျောင်းကိုလည်း ရောက်ရှိခဲ့ရပါတယ်။ ဘုန်းတော်ကြီးတွေကို ဦးခိုက်ရင်း ဘုန်းတော်ကြီးကျွေးမွေးတဲ့ ညှော့ခံစားသောက်ဖွယ်ရာတွေကလည်း ဘယ်လိုမှတွေးတော မထားနိုင်တဲ့၊ မထင်မှတ်ထားနိုင်တဲ့၊ နွေးထွေးတဲ့ နှလုံးသားနဲ့ ကျေးဇူးတင်ရှိမှုကို ကျွန်မရဲ့နှလုံးသားမှာ သော့ခတ် ရိုက်နှိပ်ထားပြီးဖြစ်နေပါပြီရှင်။ လှပတဲ့ကလောမြို့လေးမှာ လေးညအိပ် ငါးရက် ခရီးဟာ မိုင်ပေါင်းထောင်ချီဝေးတဲ့ ဂျပန်နိုင်ငံ မြို့လေးကလာခဲ့ရတဲ့ ကျွန်မအဖို့ မလုံလောက်သလို မတင်းတိမ်နိုင်ပါဘူးရှင်။ အနှစ်နှစ်အလလက ယုံကြည်မျှော်လင့် ချက်ထားခဲ့တဲ့ ကလောမြို့လေးကို မသေခင် အရောက်သွားမယ်လို့ ဆုံးဖြတ်ပြီး ကြိုးပမ်းအားစိုက်ခဲ့ရပါတယ်ရှင်။ ကျွန်မ ကလောမြို့လေးကို ချစ်တယ်။ စိတ်သဘောထား ဖြူစင်နူးညံ့တဲ့ ကလောသူ၊ ကလောသားတွေကိုလည်း ချစ်တယ်။ သဘာဝတရားတွေနဲ့ လွှမ်းခြုံထားပြီး အေးချမ်းသာယာလှတဲ့ ကလောမြို့လေးဟာ ကျွန်မ ဘဝ၊ ကျွန်မနှလုံးသားမြှုပ်နှံရာဖြစ်စေချင်လောက်အောင် ချစ်မြတ်နိုးလှပါတယ်ရှင်။

ကလောမြို့သူ၊ မြို့သားများရဲ့ နှလုံးသားထဲမှာ ကျွန်မ မရှိနိုင်ပေမယ့် ကျွန်မရဲ့နှလုံးသားထဲမှာတော့ မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ ကလောမြို့လေးနဲ့ ကလောသူ၊ ကလောသားတွေအပေါ် နက်နက်ရှိုင်းရှိုင်းရှိနေပါတယ်ရှင်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက စွဲလမ်းခဲ့ရတဲ့ ကျွန်မနှလုံးသားဟာ မြင့်နဲ့တွေ့ရတော့ ပိုပြီး လွမ်းမောစရာ ဖြစ်စေမိသွားပါပြီရှင်။ ကလောမြို့ရဲ့ နွေးထွေးမှု၊ အေးမြမှု၊ သာယာမှု၊ ကြည်နူးဖွယ်ရာများဟာ ဒီနေ့ခေတ်ဂျပန်လူမျိုးတွေ မေ့ပျောက်သွားပြီဖြစ်တဲ့ သနားကြင်နာမှု၊ ကိုယ်ချင်းစာမှုတွေကိုတွေ့ရပြီး ကျွန်မတို့ကို အရှက်ရစေခဲ့ပါတယ်ရှင်။ သည်ဘဝအတွက်၊ ကျွန်မဘဝအတွက် တိတ်ဆိတ်သော၊ အေးချမ်းသောနေရာလေးဟာ ကလောမြို့လေးပါ။

စာမျက်နှာ ၂၃ သို့

# ထိုင်း-မြန်မာ နယ်စပ် မောတောင်မြို့အား မြို့အဂ်ါရပ်နှင့် ညီညွတ်စေရေး ညှိနှိုင်းဆွေးနွေး

**မြိတ် ဧပြီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်မြို့သည် ထိုင်း-မြန်မာနယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ဧပြီ ၂၅ ရက် အထက(ခွဲ)ကျောင်း မောတောင်၌ မောတောင်မြို့တွင် တာဝန်ထမ်း ဆောင်နေသော ဝန်ထမ်းများနှင့် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက မောတောင်မြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ နယ်စပ်မှာ တာဝန်ထမ်း ဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် အဝတ်အစား၊ အနေအထိုင်၊ အစား အသောက်မှအစ စနစ်တကျနေထိုင်ကြရန်နှင့် ကိုယ့်လုပ်ငန်းတာဝန်ကို ကျေကျေပွန် ပွန် ဆောင်ရွက်စေလိုကြောင်း၊ ခရိုင်အဆင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဌာနအလိုက် တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာများက မြေပြင်အခြေအနေများနှင့် လိုအပ်ချက်များကို ဆွေး နွေးခဲ့ကြရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဆွေးနွေးချက်များကို သက်ဆိုင်ရာသို့ လိုအပ် ချက်များရရှိရေး ဆက်လက်ဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးပြောကြားခဲ့သည်။ မောတောင်မြို့သည် ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်တွင် မြို့အဖြစ်တိုးမြှင့် ဖွဲ့စည်းခဲ့ပြီး မြို့ အကျယ်အဝန်း ၁၉၁၈ ဧကရှိ၍ ရပ်ကွက် သုံးခု ဖွဲ့စည်းထားရှိကာ လက်ရှိတွင် မြို့ အုပ်ချုပ်ရေးမှူးတစ်ဦးနှင့် ဌာနဆိုင်ရာ၁၇ ခုဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



# ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဧပြီ၂၈**

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအားဂုဏ်ပြု မှတ်တမ်းလွှာချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဧပြီ ၂၅ ရက်မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအားပေးဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ် ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးကိုလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှာ လစဉ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဂုဏ်ပြုလွှာ ပေးအပ်ပွဲတက်ရောက်လာသူများမှာနိုင်ငံအတွင်းရှိ အအောင်မြင်ဆုံးစီးပွားရေးလုပ် ငန်းရှင်များဖြစ်ပါကြောင်း၊ အခွန်ထမ်းကြီးများအပါအဝင် အခွန်ထမ်းပြည်သူများ ထမ်းဆောင်လာသော အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် လျက်ရှိပါကြောင်း" စသည်ဖြင့် ပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အထိ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော အခွန်ထမ်းကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်း အား မှတ်တမ်းတင်ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တိုင်း ဒေသကြီးအဆင့် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းများအားလည်း ကောင်းဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအားဂုဏ်ပြု မှတ်တမ်းလွှာချီးမြှင့်ပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော နှင့် စွမ်းအင်ဝန်ကြီးတို့တက်ရောက်ပြီး နိုင်ငံတော်အဆင့် အခွန်အများဆုံးထမ်းဆောင်



ကမ္ဘောဇဘဏ်မှ ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်နေစဉ်။

ခဲ့ကြသည့် အခွန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်း သားလူမျိုးရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့ကတိုင်းဒေသကြီး အဆင့် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းများအားဂုဏ်ပြုမှတ်တမ်း လွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ တာဝန် ရှိသူများနှင့် အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းများတက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# မဟာဓာတ်အားလိုင်း ၁၀ မိုင် ပြင်ပရှိ ကျေးရွာ ၁၂ ရွာအား မီးလင်းရေးလုပ်ငန်းများဆောင်ရွက်မည်

**ဇလွန် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဓာတ်အားလိုင်း ၁၀ မိုင်ပြင်ပရှိ ကျေးရွာ ၁၂ ရွာအား ကျေးလက် ဒေသမီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက်တွင် မဟာနာဂဝံသသိမ်ကျောင်း၌ ကျင်းပခဲ့သည်။

ညှိနှိုင်းဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက မဟာဓာတ်အားလိုင်း ၁၀ မိုင်ပြင်ပရှိ ကျေးရွာ ၁၂ ရွာအား ကျေးလက်ဒေသမီးလင်းရေးဆိုလာ NEP.ICB-2 လုပ်ငန်းနှင့်ပတ်သက်၍မီးလင်းရေးလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်မည့် Earth Renewable Energy Company နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများအား မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသော ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကိုကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

ခါးသီးခဲ့ရတဲ့ဖြစ်အင်တွေကတစ်ဆင့် ငြိမ်းချမ်းရေး၊ စည်ပင်ဖွံ့ဖြိုးရေးနဲ့ လူသားများ အတွက် ပျော်ရွှင်မှုတွေကိုရရှိပါစေလို့ ဆုတောင်းလျက်

**နာကျင်ဝမ်းနည်းမှုနှလုံးသားဖြင့်**
**ဆာယိုနာရာ........ပါ မြင့် ရေ**
**(မိဇုဂုချိ ရောရှိကို)**

ကျန်းမာရေးဆိုးရွားစွာခံစားနေရသည့်ကြားမှ သည်စာကို ရေးသားပေးပို့ခဲ့ပြီး မကြာမီပင် အတမိမြို့တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကလောမြို့လေးသို့ အသက် ရှင်လျက် မည်သို့မျှ ပြန်လည်ရောက်ရှိနိုင်တော့မည် မဟုတ်သည်ကို သူ သိရှိနေပြီးမို့ ကျွန်တော့်အဖေအား (ထပ်မံနှုတ်ဆက်ခြင်း/ ထပ်မံနှုတ်မဆက်နိုင်တော့သော၊ ထပ်မံတွေ့ဆုံမှုမရှိနိုင်တော့သော၊ နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့်) အပြီးတိုင် ဆာယိုနာရာဟု နှုတ်ဆက်သွားခဲ့ချေပြီ။

စာကသည်မှာတင် ဆုံးသွားပြီဖြစ်သော်လည်း ကျွန်တော်ဖတ်လို့ မဝသေး၊ အတွေးလည်းမဆုံးသေး၊ သူ့ရဲ့စာကို ကျွန်တော်ဖတ်ရသည့် အချိန်မတော့ မစ်မိ ဇုဂုချိ ရောရှိကိုအနေဖြင့် ကလောမြို့ ဂျပန်စစ်ဆေးရုံ (အမေရိကန်သာသနာ ပြုကျောင်း)အတွင်းရှိ ထင်းရှူးပင်ခြေရင်းတွင် အေးချမ်းစွာ ထာဝရအိပ်စက်လဲ လျောင်းလျက်ရှိနေပြီးဖြစ်ပါသည်။ သူမချစ်သော၊ သူမမြတ်နိုးသော ကလော ထင်းရှူးတောင်ကြောတွင် မနိုးသောအိပ်စက်ခြင်းဖြင့် အေးချမ်းစွာအနားယူနေပြီး ဖြစ်ပါသည်။

သူ မကွယ်လွန်မီ ၎င်း၏သားအား အသေအချာမှာထားခဲ့ဟန်တူပါသည်။ သူ၏ အရိုးပြာအား သားဖြစ်သူက ဂျပန်နိုင်ငံမှ ယူဆောင်လာကာ ကလောမြို့ ဂျပန် စစ်ဆေးရုံအတွင်းရှိ ထင်းရှူးပင်ခြေရင်းတွင် သူ့ဆန္ဒအတိုင်း ကောင်းမွန်စွာ မြှုပ်နှံ ပေးခဲ့ပါသည်။

ဂျပန်လူမျိုးတို့၏စိတ်ဓာတ်ကား လေးစားချစ်ခင်ဖွယ်ကောင်းလှသည်။ ပြာပုံ ဘဝမှ နိုးထကာ ခေတ်မီတိုးတက်သော နိုင်ငံဖြစ်အောင် ကြိုးစားနိုင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဆောင်ရွက်ခဲ့သည်များကို နောင်တရကြကာ သူတို့ပြုမူ ကျူးလွန်ခဲ့ကြသော နိုင်ငံများအပေါ် တောင်းပန်ခြင်း၊ ကူညီစောင့်ရှောက်ခြင်း၊ ဖေးမ ခြင်း၊ လက်တွဲခေါ်ခြင်းများဖြင့် ဆောင်ရွက်ကြသည်။ အမှားကို အမှားမှန်းသိ၍ ဝန်ခံကာ အမှန်ကိုပြင်ကြသည်။ တာဝန်သိမှု၊ တာဝန်ခံမှု ပြုလုပ်ကြသည်။ ကျွန်တော် တို့ မြန်မာနိုင်ငံအပေါ် စေတနာမှန်စွာ အများဆုံးကူညီလှူဒါန်းနေသည်ကို တွေ့ရ သည်။

ကျွန်တော် ကလောမြို့သို့ရောက်၍ သူ့အရိုးပြာမြှုပ်နှံထားရှိရာ ထင်းရှူးပင် ခြေရင်းသို့ သွားရောက်ကြည့်ရှုသည့်အခါတိုင်း မဖော်ပြနိုင်သောခံစားမှုများက



အင်္ဂလိပ်ခေတ် Kings wood အဆောက်အအုံနှင့် ဂျပန်ခေတ်စစ်ဆေးရုံ။

ရင်ထဲသို့ အမြဲဝင်ရောက်လာတတ်သည်။ ထင်းရှူးပင်ခြေရင်းတွင် ဖြူဖွေးလှပသော၊ မွှေးပျံ့သောရနံ့ရှိသည့် ပန်းကလေးများ ပွင့်လန်းလျက်ရှိနေသည်ကို မြင်တွေ့ရပြီး သူလားလို့ အတွေးစိတ်ထဲ အလိုလိုဖြစ်လာတတ်သည်။ သူ့ကိုလည်း အေးချမ်းတဲ့ ဘဝလေးမှာ သူချစ်မြတ်နိုးသော ကလောမြေ၊ ကလောရေ၊ ကလောလေနဲ့အတူ မွှေးပျံ့သာယာစွာလွင့်ပျံဝေ့ဝဲနိုင်ပါစေလို့သာ ဆုတောင်းပေးနေမိသည်။

ကလောမြို့လေးမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၂၉၂ ပေတွင် တည်ရှိပြီး တောင်များဝန်းရံလျက်ရှိသဖြင့် ဒယ်အိုးပုံသဏ္ဍာန်ဖြင့်လည်း နှိုင်းကြသည်။ ကလောသည် ပလောင်လူမျိုးများ၏ ကလောက် ဟူသောအသံထွက်မှ ဖြစ်ပေါ် ပြောင်းလဲလာကြောင်း သိရသည်။ ပလောင်စကားအရ ကလောက်သည် ဒယ်အိုး (သို့မဟုတ်)ဇလုံဟု အဓိပ္ပာယ်ရပါသည်။ ထင်းရှူးပင်များ ထိန်းသိမ်းကျန်ရှိနေသဖြင့် ထင်းရှူးမြို့တော်ဟုလည်း တင်စားကြသည်။ ချယ်ရီပင်များ ပေါက်ရောက်ပွင့်လန်း သဖြင့်လည်း ချယ်ရီမြို့တော်ဟု ဆိုကြပြန်သည်။ စိန်ပန်းပြာများ ဖုံးလွှမ်းတတ်၍ လည်း စိန်ပန်းမြို့တော်ဟု အမွှမ်းတင်ကြပြန်သည်။ အေးမြ၊ စိမ်းစို၊ သန့်ရှင်း၊ သာယာ၊ လှပလွန်း၍ ကလောမြို့သို့ ရောက်ဖူးသူတိုင်း နှုတ်မှတဖွဖွ တသသပြောဆို ကျန်ရှိကာ ထပ်မံလည်ပတ်လိုတတ်ကြသလို၊ မရောက်ဖူးသူများ အနေနှင့်လည်း မရောက်ရောက်အောင် လာရောက်လည်ပတ်တတ်ကြသည်။

ကလောမြို့နယ်အတွင်း ဗမာ၊ ရှမ်း၊ ခနော့၊ ပအိုဝ်း၊ တောင်ရိုး၊ ပလောင်၊ တိုင်းရင်း သားများ နေထိုင်ကြသဖြင့် တိုင်းရင်းသားတစ်မျိုးစီ၏ ဓလေ့ထုံးတမ်းများ၊ ဝတ်စား ဆင်ယင်မှုများ၊ ရိုးရာယဉ်ကျေးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရိုးရာပွဲတော်များ၊ တိုင်းရင်းသားအစားအစာများ၊ ရာသီအလိုက်ပွင့်သော ပန်းကလေး များက လာရောက်လည်ပတ်သူများကို စွဲမက်နှစ်ခြိုက်စေသည်။ သင်းပျံ့သော ထင်းရှူး ရနံ့များရှူရှိုက်ကာ တောင်တက်တောင်ဆင်းလမ်းများအတိုင်း လမ်းလျှောက်ရင်း အပန်းဖြေ၊ လေ့ကျင့်ခန်းလုပ်နိုင်သည်။ သန့်ရှင်းသာယာလှပသောရှုခင်းများကို တဝကြီးခံစား ကြည့်ရှုနိုင်သည်။ ရာသီဥတုအေးမြခြင်းနှင့်အတူ အနောက်တိုင်းပုံစံ ရှေးဟောင်းအိမ်များ ကျန်ရှိနေသေးခြင်း၊ ပုံစံတူတည်ဆောက်ထားခြင်းများ ကြောင့် ဥရောပနိုင်ငံတစ်ခုသို့ ရောက်ရှိသကဲ့သို့ ခံစားနိုင်သည်။ Small England ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။

ဤသို့ စွဲမက်နှစ်ခြိုက်စရာကောင်းလှပြီး လေ့လာစရာများ စုံလင်လှသော အခြေ အနေအရပ်ရပ်ကို ပိုင်ဆိုင်ထားမှုကြောင့် ကလောမြို့၏ခရီးသွားလုပ်ငန်းမှာ အချိန် တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကလောမြို့သို့ လာရောက်လည်ပတ်သော ပြည်တွင်းပြည်ပဧည့်သည်များ များပြားလာမှုကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခို ခန်းများ အပြိုင်အဆိုင်ပေါ်ထွက်လာခဲ့သည်။ မြို့ဧရိယာကျဉ်းသည့် ကလောမြို့လေး တစ်မြို့တွင် ဟိုတယ် ၂၈ လုံး၊ တည်းခိုခန်း ၁၇ လုံး စုစုပေါင်း အခန်း ၉၃၀ ရှိသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် ဒုတိယအဆင့်၌ ရပ်တည်နေသည်။ ကလောမြို့ လေးတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းကြောင့် နံနက်မိုးလင်းသည်မှ မိုးချုပ်သည် အထိ ခရီးသွားလုပ်ငန်း ဆက်နွှယ်သမျှသော အရာရာများ၏ လှုပ်ရှားမှုများက အမြဲ တက်ကြွလတ်ဆတ်စွာ တွေ့မြင်နေရသည်။

ကလောမြို့လေးအား ဗဟိုပြု၍ Culture Tourism (Natural Cave, Ethnic Group), Sports Tourism(Marathon, Biking, Cycling, Caravan), Adventure Tourism(Trekking, Kayaking, Rafting), Eco-Tourism(Elephant Camp, Bird Watching), Community Based Tourism (Farm, Plantation) စသည့် ခရီးသွားလုပ်ငန်းမျိုးစုံကို ဆောင်ရွက်နိုင်ခြင်းကြောင့် မြို့သေးငယ်သော်လည်း အထင်သေး၍မရသည့် အလွန် စွဲမက်ဖွယ်ကောင်းလှသော မြို့လေးဖြစ်ပါသည်။

ဂျပန်နိုင်ငံသူ Mrs.Yoshiko မြတ်နိုးတွယ်တာခဲ့ပြီး ထာဝရမေ့စက်ရာ ကလောမြို့လေးကား သူဆုတောင်းသလို ငြိမ်းချမ်းစွာ စည်ပင်ဖွံ့ဖြိုးစွာ၊ တိတ် ဆိတ်စွာ၊ အေးချမ်းစွာ၊ ပျော်ရွှင်မှုများရှိပါစေ၊ ခရီးသွားလုပ်ငန်းဖြင့် နွေးထွေးမှု၊ အေးမြမှု၊ သာယာမှု၊ ကြည်နူးမှုများ ဆက်လက်ရှင်သန်ဖြစ်ထွန်းပါစေဟုသာ Mrs.Yoshiko နှင့်ထပ်တူ ဆုတောင်းနေမိပါတော့သည်။ ။

# မေတ္တာဖက်၍ အသက်ကယ်ဖို့ သွေးလှူစို့

**ပန်းတောင်းသန်းကြွယ်**



စေတနာရှင်များ သွေးလှူဒါန်းစဉ်။ ဓာတ်ပုံ-တင်စိုး

လူ၏ခန္ဓာကိုယ်တွင် သွေးသည်မရှိမဖြစ်လိုအပ်သည်။ လူ၏ခန္ဓာကိုယ်မှသွေးကို ထုတ်ပယ်ပစ်လိုက်ပါက ထိုသူသည် အသက်ရှင် ရပ်တည်ရန်မဖြစ်နိုင်တော့ပေ။ ထို့ကြောင့်သွေးသည်လူ၏အသက်ဟု ဆိုရခြင်းဖြစ်သည်။ လူသားတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ လူနာအများအတွက်ဖြစ်စေ လိုအပ်သည့်အချိန်တွင် သွေးသွင်းကုသပေးပြီးအသက်ကယ်လိုက်နိုင်သဖြင့် သွေးလှူဒါန်းခြင်းသည် အသက်ကယ်ပေးခြင်းပင်ဖြစ်သည်။ သွေးလှူရှင်များသည်အရေးပေါ်သွေးလိုအပ်သူ လူနာများ၏ အသက်သခင်ကျေးဇူးရှင်ပင်ဖြစ်သည်။ ပြုနိုင်ခဲလှသော ဇီဝိတဒါနပြုကြသူအလှူရှင်များ ဂုဏ်ပြုထိုက်သူများပင်ဖြစ်သည်။

သွေးသွင်းကုသမှုကို အဓိကအားဖြင့်ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်ခြင်း၊ ခွဲစိတ်ကုသမှုပြုလုပ်စဉ် သွေးထွက်များ၍ သွေးလိုအပ်နေခြင်း၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ်တို့၌ သွေးသွန်ခြင်း၊ ရှော့ခ်(ခေါ်) သွေးလန့်ခြင်း၊ အလွန်အမင်း သွေးအားနည်းခြင်း၊ ကင်ဆာရောဂါရှိခြင်း စသည်တို့၌ မလွဲမသွေပြုလုပ်ကြရသည်။

လူ၏ခန္ဓာကိုယ်တွင် သွေးသည်အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထုထည်ပမာဏအားဖြင့် ငါးလီတာကျော်မျှရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် စီးဝင်ပျံ့နှံ့လှုပ်ရှားနေသည်။ အနီရောင်အရည်များဖြစ်သော သွေး၏အစွမ်းသတ္တိနှင့် အကျိုးသက်ရောက်မှုမှာ အလွန်ကြီးမားကျယ်ပြန့်သည်။ အလွန်ကြီးမားသော တာဝန်ကိုထမ်းဆောင်နေရသည့် ခန္ဓာကိုယ်၏အဓိက အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ခန္ဓာကိုယ်အတွင်းရှိ နှလုံးကသွေးကိုတွန်းပို့ခြင်းအားဖြင့် ခန္ဓာကိုယ်အနှံ့ရောက်ရှိအောင် လှည့်ပတ် သွားလာနေသည်။ သွေးလွှတ်ကြောမှ ပျံ့နှံ့သွားပြီး သွေးပြန်ကြောမှတစ်ဆင့် နောက်ဆုံးတွင်နှလုံးသို့ပြန်ရောက်သည်။ သွေးတွင် အဓိကအစိတ်အပိုင်းကြီးလေးခုဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ သွေးနီဥများ၊ သွေးဖြူဥများ၊ သွေးဥမွှားကလေးများ၊ သွေးရည်ကြည်တို့ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၅၅ ဒသမ ၆၀ ရာခိုင်နှုန်းမှာ သွေးရည်ကြည်၊ သွေးဖြူဥများ၊ သွေးတိတ်သွေးခဲစေသော ဓာတ်များနှင့် သွေးဥမွှားကလေးများဖြစ်သည်။

ထုထည်ပမာဏ တစ်မီလီမီတာပတ်လည်ရှိ သွေးစက်ကလေး တစ်စက်တွင် သွေးနီဥ ၄ ဒသမ ၅ သန်းရှိသည်။ သွေးဖြူဥ ၄၀၀၀ မှ ၁၁၀၀၀ အထိ ပါဝင်သည်။ သွေးဥမွှားကလေးများ ၁၅၀၀၀၀ မှ ၄၀၀၀၀၀ အထိ ပါဝင်သည်။ သွေးနီဥသက်တမ်းမှာ ရက်ပေါင်း ၁၂၀ ခန့် အထိရှိသော်လည်း သွေးဖြူဥသက်တမ်းမှာ ပုံမှန်အားဖြင့် ၃ ဒသမ ၉ ရက်ခန့်အထိသာရှိသည်။ သွေးဥအသစ်များကား အစဉ်အမြဲ ဖြစ်ပေါ်နေသည်။

သွေးနီဥများသည် အောက်ဆီဂျင်ဓာတ်ကို ခန္ဓာကိုယ်နေရာအနှံ့သို့ သယ်ပို့ပေး၏။ လူတစ်ဦးတွင် သွေးနီဥသန်းထောင်ပေါင်း ၂၅ အထိရှိသည်။ သွေးဖြူဥများသည် ရောဂါကို ခုခံတိုက်ဖျက်သည့် ယန္တရားစနစ်ကို တည်ဆောက်ထား၏။ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသော ရောဂါပိုးများကျူးကျော်ဝင်ရောက်ခြင်းကို တားဆီးတိုက်ခိုက်ပေးသည်။ သွေးဥမွှားကလေးများသည် ခန္ဓာကိုယ်မှသွေးထွက်လျှင် သွေးတိတ်အောင်တာဝန်ယူဆောင်ရွက်ပေးသည်။ သွေးရည်ကြည်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပရိုတိန်းဓာတ်များ သယ်ယူပို့ဆောင်ပေးသည်။ ပဋိဇီဝပစ္စည်းများ၊ အာဟာရဓာတ်များ၊ သွေးတိတ်စေသည့်ဓာတ်များကိုလည်း ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိအောင် သယ်ယူပို့ဆောင်ပေးသည်။

ထို့အတူပင် သွေးသည် ခန္ဓာကိုယ်အစိတ်အပိုင်းများမှ အညစ်အကြေးများကို သယ်ယူစွန့်ထုတ်ပေးသည့်လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသည်။ သွေး၏လုပ်ငန်းတာဝန်များ လွန်စွာ များပြားသကဲ့သို့ သွေး၏တန်ဖိုးမှာလည်း ကြီးမားလှသည်။

သွေးသွင်းကုသမှုကြောင့် ကူးစက်ရောဂါပိုးများ ကူးစက်ခြင်းမရှိရအောင် သွေးကောင်းသွေးသန့်များရရှိအောင် ဆောင်ရွက်ကြရသည်။ လှူဒါန်းပြီးသော သွေးများကို သွေးသွင်း ကုသခြင်းမပြုမီ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် HIV ပိုး၊ အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသား ရောဂါပိုးများ ရှိ မရှိ ကို စစ်ဆေးရသည်။ ကူးစက်ရောဂါပိုးကင်းစင်သည့် သွေးများကိုသာ သုံးစွဲကုသပေးသည်။ ပိုးတွေ့သည့်သွေးပုလင်း၊ သွေးအိတ်များကို စနစ်တကျဖျက်ဆီးပစ်ရသည်။

ယခုအခါ သွေးမလှူဒါန်းမီ သွေးလှူရှင်များအား မေးခွန်းလွှာများကို စနစ်တကျမေးမြန်းရေးသွင်းပြီးမှ လှူဒါန်းစေသည့် စနစ်ကို ကျင့်သုံးလျက်ရှိရာ များစွာအထောက်အကူပြုလျက်ရှိသည်။ လှူဒါန်းပြီးသွေးများကို ဓာတ်ခွဲစစ်ဆေးရာ ပိုးတွေ့သည့် သွေးအလွန်နည်းသွားပြီ ဖြစ်၏။ ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် စဉ်ဆက်မပြတ်လှူဒါန်းပေးကြသော ကျန်းမာသန့်စင်သည့် စေတနာသွေးလှူရှင်များ တစ်နေ့တခြား များပြားလာသည့်အတွက်ကြောင့်လည်း ပိုးတွေ့ရသည့်သွေးအလွန်နည်းပါးသွားခြင်းပင်ဖြစ်သည်။

စေတနာသွေးလှူရှင်များ လှူဒါန်းထောက်ပံ့လိုက်သော သန့်စင်သည့်သွေးမှ ဖြစ်ပေါ်ရရှိလာသည့် ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် ငွေကြေးဖြင့်တန်ဖိုးဖြတ်၍ မရနိုင်ကောင်းသော ထူးခြားမွန်မြတ်သည့် ဇီဝိတဒါနလက်ဆောင်ကြီးပင် ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သွေးလိုအပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌တူညီသော လိုအပ်ချက်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးလုံလောက်စွာမရရှိနိုင်ကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးများမီးဖွားချိန်တွင် သေဆုံးမှုမှာ နှစ်စဉ်ငါးသိန်းခန့်ရှိပြီး ယင်းသေဆုံးမှု၏ ၉၉ ရာခိုင်နှုန်းမှာ လိုအပ်သောသွေးအချိန်မီ မရနိုင်ခြင်းကြောင့်ဖြစ်ကြောင်း အာဖရိကတိုက်၏ သွေးသွင်းကုသမှု ရာခိုင်နှုန်း ၇၀ မှာ ကလေးများ၌ ဖြစ်ပွားနေသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါများကုသမှုတို့အတွက် အသုံးပြုနေရခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြခဲ့သည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်းလေးသန်းခန့်သည် စိတ်မချရသော သွေးသွင်းကုသမှုကြောင့် HIV ပိုးများ ကူးစက်ခံခဲ့ရကြောင်း၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါများတွေ့ရှိရမှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေသည်ကို လှူဒါန်းထားသောသွေးများမှ စမ်းသပ်တွေ့ရှိနေရ ကြောင်း၊ သွေးမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါပိုးများဖြစ်သည့် HIV ပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးများသည် ပိုးစတင်ဝင်ရောက်သည့်အချိန်မှ စမ်းသပ်တွေ့ရှိနိုင်သည့်အချိန် အထိဖြစ်သော Window Period ခေါ် ကြားကာလတွင် ဓာတ်ခွဲစမ်းသပ်မှုဖြင့် ရောဂါပိုးကိုရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သောကြောင့် နောက်ဆက်တွဲ ဆိုးကျိုးမရှိနိုင်သော သွေးသွင်းကုသမှုဟူ၍ ရာနှုန်းပြည့်အာမ မခံနိုင်ကြောင်း၊ ယင်းရောဂါပိုး များကူးစက်မှုမရှိသော လူနေမှုစရိုက်ကို ကျင့်သုံးနေသည့် စေတနာသွေးလှူရှင်များကသာ သွေးသွင်းကုသမှု၏နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်သည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်နုတ်ဖော်ပြခဲ့သည်။

WHO ၏စစ်တမ်းများအရ နိုင်ငံပေါင်း ၁၆၂ နိုင်ငံတွင် ၈၅ ဒသမ ၄ သန်းသော သွေးလှူရှင်များက သွေးလှူဒါန်းမှုပြုနေကြောင်း ယင်းသွေးလှူရှင်များ၏ ၃၅ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းနေထိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွေးလှူဒါန်းမှုဖြစ်သောကြောင့် ယင်းနိုင်ငံများရှိ လူနာများအတွက် သွေးလုံလောက်စွာ ရရှိနိုင်မှု မဟုတ်သေးကြောင်း သိရသည်။

တိုင်းပြည်တစ်ပြည်၏ လူဦးရေ ၁၀၀၀ တိုင်းတွင် သွေးလှူရှင် ၁၀ ဦးရှိနေမှုကို ယင်းတိုင်းပြည်ရှိလူနာများ သွေးလုံလောက်စွာ ရရှိနိုင်မှုအတွက် အနိမ့်ဆုံး ညွှန်ကိန်းအဖြစ် သတ်မှတ်ထားရှိသည်။ သွေးလှူဒါန်းမှုညွှန်ကိန်း ၁၀ ထက် လျော့နည်းသော နိုင်ငံ ၇၃ နိုင်ငံတွင် ၇၁ နိုင်ငံ (၉၇ရာခိုင်နှုန်း) မှာ ဖွံ့ဖြိုးဆဲတိုင်းပြည်များဖြစ်ကြောင်း တွေ့ရှိရသည်။

အရေးပါလှသော စေတနာသွေးလှူရှင်များ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေရန်ရည်ရွယ်၍ သွေးသွင်းကုသမှုလုပ်ငန်းများ၏ ကျေးဇူးရှင်ဖြစ်သော သွေးအုပ်စုများစွာကို ရှာဖွေပေးခဲ့သည့် နိုဘယ်ဆုရှင် Karl Lemsteiner အား ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏မွေးနေ့ဖြစ်သော ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၀၄ ခုနှစ်မှ စတင်၍ သတ်မှတ်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၈)ကြိမ်မြောက် ညီလာခံကနှစ်စဉ် ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ၂၀၀၅ ခုနှစ်က အတည်ပြုသတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံ သွေးသွင်းကုသမှုသမိုင်းကို ပြန်ကြည့်ပါက ၁၉၃၉ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုစဉ်က ငွေကြေးဖြင့် ဝယ်ယူကုသရသည့် စနစ်ကို ကျင့်သုံးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် မိမိဆန္ဒအလျောက် လှူဒါန်းသော စေတနာသွေးလှူရှင်များကို အခြေပြုစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကိုလည်း ဗဟိုအမျိုးသားသွေးလှူဘဏ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီးများအဖြစ် အဆိုတော် ထား၏ခင်ပွန်းဖြစ်သူ ဒေါက်တာဦးကြည်ခင်နှင့် ဒေါက်တာဦးကြည်ဝင်း၊ ဒေါက်တာဦးထွန်းမြင့်တို့ ပါဝင်ထူထောင်ခဲ့ကြသည်။ ယခုအခါ အမျိုးသားသွေးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က ဦးစီးဆောင်ရွက်လျက်ရှိရာ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ စက်ပစ္စည်းကိရိယာများအပါအဝင် ဝန်ထမ်းအင်အားများကိုပါ တိုးချဲ့တပ်ဆင်ခန့်အပ်လာနိုင်သဖြင့် နိုင်ငံတကာအဆင့်သို့ မကြာမီ ရောက်ရှိနိုင်တော့မည်ဖြစ်သည်။

ဗဟို အမျိုးသားသွေးလှူဘဏ်ကော်မတီ စတင်ပေါ်ပေါက်လာသည့် ဒီဇင်ဘာ ၁၄ ရက်ကိုမြန်မာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်၍သွေးလှူရှင်များအား ၁၉၇၆ ခုနှစ်မှစ၍ ဂုဏ်ပြုခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ၄၁ ကြိမ်မြောက်သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ရဟန်းနှင့် သီလရှင်သွေးလှူရှင်များအပါအဝင် သွေးလှူရှင် ၅၀၀ ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားသည်။

ယခုအခါ စက်မှုနှင့်နည်းပညာ လွန်စွာခေတ်မီတိုးတက်လာသဖြင့် သွေးမှသွေးပစ္စည်းအမျိုးမျိုးကို ခွဲထုတ်၍ရောဂါအမျိုးအစားအလိုက် လိုအပ်သောအမျိုးအစားများကို ပိုင်းခြား ပေးသွင်းကုသခြင်းမျိုးကိုပင် ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ သို့သော် လူ၏သွေးကိုမူ အတုပြုလုပ်၍မရနိုင်သေးသဖြင့် လူသားတို့၏သဘာဝသွေးမှာ အဖိုးအနဂ္ဃထိုက်တန်ဆဲပင်ဖြစ်သည်။

သွေးလှူဒါန်းခြင်းဖြင့် တစ်စုံတစ်ရာအန္တရာယ်မဖြစ်စေနိုင်ပါ။ ပိုးမွှားသန့်စင်ပြီးသော အပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် မည်သည့်ရောဂါမျှမကူးစက်နိုင်ပါ။ သွေးမလှူဒါန်းမီ လိုအပ်သော ဆေးစစ်ချက်များပြုလုပ်ပြီးမှသာ လှူဒါန်းစေခြင်းဖြစ်၍ မည်သည့် အန္တရာယ်မျှမရှိနိုင်ပါ။ သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းတို့ကြောင့် သွေးလှူဒါန်းပြီး ရွှင်လန်းကြည်နူးစွာ ပီတိသုခကိုခံစားနိုင်ပါသည်။ သွေးလှူဒါန်းရခြင်းကြောင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ အန္တရာယ်များ လျော့ကျစေနိုင်ကြောင်း သုတေသီများက ထောက်ပြထားကြသဖြင့် အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေးပြည့်စုံသူတိုင်းသည် သွေးလှူနိုင်ကြပေသည်။ အသက်သခင်ကျေးဇူးရှင် စေတနာ သွေးလှူရှင်အပေါင်းအား ဤဆောင်းပါးဖြင့်လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ ။

## ရေရှားပါးသည့်ကျေးရွာသို့ ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေများလှူဒါန်း



**ဆီဆိုင် ဧပြီ ၂၈**

နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ထွန်းဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းတို့ ပူးပေါင်း၍ ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီက ရေအခက်အခဲကြုံတွေ့နေရသည့် လွယ်ပွတ်ကျေးရွာအုပ်စု ထီထိုက်ထိုးကျေးရွာသို့ သောက်သုံးရေများသွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေလှူဒါန်းပွဲတွင် ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းမှ လှူဒါန်းသော ငါးဂါလန်ဆံ့ ရေသန့်ဘူးကြီး ၈၀၊ မီးသတ်ဦးစီးဌာနမှ ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့အား ထီထိုက်ထိုးကျေးရွာရှိ အိမ်ခြေ ၉၀ ကျော်၊ လူဦးရေ ၅၀၀ ခန့်တို့အား ရေများသွားရောက်လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

"ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းအနေနဲ့ ရေလှူသည့်လုပ်ငန်းကို ဒီကနေ့နဲ့ဆို တတိယမြောက်ရွာဖြစ်တယ်၊ ဒီရွာမှာအဝီစိတူးလို့မရဘူး ရေအရင်းအမြစ်ရှိတဲ့နေရာနဲ့ သုံးမိုင်လောက် သွားခပ်ရတဲ့အတွက် လာရောက် လှူဒါန်းရခြင်းဖြစ်ကြောင်း" ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးစံဝင်းမောင်ကပြောကြားသည်။ "ရေအခက်အခဲရှိတဲ့ ပြည်သူတွေကို တတ်နိုင်တဲ့ဘက်က ဖြည့်ဆည်းပေးနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မီးသတ်ဦးစီးဌာနမှူး ဦးဇော်ထွန်းဦးကလည်း "မီးသတ်ဦးစီးဌာနရဲ့ တာဝန်ကြီး (၄)ရပ်ဖြစ်တဲ့ (၁) မီးဘေး လုံခြုံရေး (၂)သဘာဝဘေးအန္တရာယ်ကာကွယ်ရေး (၃) ရှာဖွေကယ်ဆယ်ရေး (၄)ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ဆိုတဲ့ခေါင်းစဉ် အောက်က ရေရှားပါးတဲ့ကျေးရွာတွေကို သောက်သုံးရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ဖို့ ဌာနညွှန်ကြားချက်နှင့်အညီ ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်းဖြစ်တယ်" ဟု ပြောကြားသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း

## အသင်းသူ အသင်းသားများ သိသာပါရန်

MYANMAR PHARMACEUTICAL & MEDICAL EQUIPMENT ENTREPRENEURS' ASSOCIATION

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ် အထိ (၂)နှစ်သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၈ ခုနှစ် မေ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီတွင် အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖြစ် ဆန္ဒပြုလိုသူများနှင့် မဲဆန္ဒပေးလိုသော အသင်းဝင်များသည် သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို အသင်း၏ကြော်ငြာသင်ပုန်းတွင် လာရောက်ကြည့်ရှုနိုင်ပြီး အသင်းရုံးခန်းတွင် ၂၀၁၈ ခုနှစ် မေ ၂၀ ရက် (တနင်္လာနေ့) ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းနိုင်ပါသည်။

အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲဖြစ်မြောက်ရေးကော်မတီ)**

---

# IGCSE (Edexcel / CIE)

English, Maths, Physics, Chemistry, Biology တို့ကို Course Books + Old Questions တို့ဖြင့် သင်ကြားပေးသည်။

HOME TUITION AVAILABLE

SAYA PHILLIP အမှတ်(၂၉၃/B)၊ (၅)လွှာ၊ လမ်း(၄၀)အထက်လမ်း၊ ကျောက်တံတားမြို့နယ်။ Ph : 09 430 433 49

---

## မြေကွက်ရောင်းမည်

နှစ်ကွက်တွဲ (၅၀ × ၅၀)

နေရာကောင်း/ထောင့်ကွက်/လမ်းနှစ်ဖက်

သမိုင်းဘူတာရုံလမ်းအနီး မရမ်းကုန်း၊ (၂)ရပ်ကွက်၊ ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဖုန်း-၀၉-၅၁၉၇၈၃၀၊ ၀၉-၉၅၅၁၉၇၈၃၀**

---

## ဖခင်အမည်မှန်

စမ်းချောင်းမြို့နယ်၊ အလက (၃) စတုတ္ထတန်းမှ မယမင်းအဉ္ဇလီ၏ ဖခင်အမည်မှန်မှာ ဦးရဲစိုးအောင် အစား ဦးကျော်ဇင်ထွန်း ၁၂/ရကန (နိုင်)၀၈၂၁၀၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဒီလီရမ်း ၁/မကန(နိုင်)၂၁၂၄၁၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၃၈၁၄၉**

## အမည်မှန်

ဝိုင်းမော်မြို့၊ ရပ်ကွက် (၃)နေ ဦးဖော်လန်း၏သမီး မS ဆိုင်းမိုင်၏ အမည်မှန်မှာ မဆိုင်းမိုင် ၁/ဝမန (နိုင်)၀၈၃၈၀၉ ဖြစ်ပါသည်။

---



MYANMAR'S LAND

SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ အောင်မြင်ချင်သည့် လူငယ်တိုင်းအတွက်

အမြင့်ကိုတက်ချင်ရင် ပြုတ်ကျမှာကို ကြောက်နေလို့မရပါဘူး။ အမြင့်ကိုရောက်လေလေ ပြုတ်ကျနိုင်လေလေပါပဲ။

အမြင့်ကိုတက်ချင်သည့် လူငယ်တိုင်းအတွက် နည်းလမ်းများကို သင်ကြားပေးပါမည်။

## တက္ကသိုလ်ဝင် အကြိုပြင်ဆင်မှုသင်တန်း (Pre - University Training)

- ကိုယ်ဘယ်နေရာမှာ Talent ရှိသလဲ။ တက္ကသိုလ်မှာ ဘယ်လိုင်းကိုရွေးချယ်ရင် အကောင်းဆုံးလဲ။
- ဘဝအောင်မြင်ရေးအတွက် တကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Presonal Development Plan)ရေးဆွဲနည်း
- တင်ဆက်ပြောဆိုမှုစွမ်းရည် (Presentation Skill)
- English For Success
- CV ရေးနည်း
- မိမိကိုယ်ကိုယ် စီမံခန့်ခွဲမှု (Personal Management)
- Assignment ရေးနည်း
- Self Marketing For Success
- အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနည်းစသည်တို့ကိုသင်ကြားပေးပါမည်။

သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များကလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။

ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ **လင်းသိုက်ညွှန့် (မြန်မာ့မြေ)** ကိုယ်တိုင် သင်ကြားပေးပါမည်။

Campus - Taw Win Center(3rd floor) website:www.lynnthaiknyunt.com

Can Contact : 01 503172, 09 259290274, 09 5010014, 0943121060

၃-လ သင်တန်း

အပတ်စဉ်- Thu - Fri (2 pm to 4pm) (၃ - ၅ - ၂၀၁၈) နေ့စမည်။

---

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**စစ်ကိုင်းတိုင်းဒေသကြီး**

**မုံရွာခရိုင်တရားရုံးတော်၌**

**၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀**

**စစ်ကိုင်းတိုင်းဒေသကြီးတရားရုံး၏ ၁၉၉၆ ခုနှစ်**

**တရားမကြီးမှုအမှတ် ၁**

| | | | |
|---|---|---|---|
| မထက်ထက်လှိုင် | နှင့် | ၁။ | ဒေါ်အေးအေးလွင် |
| | | ၂။ | မောင်ဝေယံအောင် |
| **တရားနိုင်** | | | **တရားရှုံးများ** |

စစ်ကိုင်းတိုင်းတရားရုံး၊ ၁၉၉၆ ခုနှစ် တရားမကြီးမှုအမှတ်-၁ တွင် ရရှိခဲ့သည့် ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၈ခုနှစ် ဇွန် ၁၁ ရက် (၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ မြို့မရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ကွင်းအမှတ် ၂၀၂၄/ချောင်းဦးမြောက်ကွင်း၊ မြေကွက်အမှတ် F၇၀၁၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၁၄၀၀ (ကျပ်သိန်းတစ်ထောင့်လေးရာတိတိ)

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေမျိုး)**
**ခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

---

သီလဝါစက်မှုဇုန်နှင့် သီလဝါဆိပ်ကမ်းအနီး

စက်မှုမြေဧက ၁၅၀ (ကမ်းနားဘေးကပ်လျက်)

ရောင်းရန်ရှိသည်။

Jetty လုပ်ရန်နှင့် အကြီးစားစက်မှုလုပ်ငန်းလုပ်ရန် သင့်တော်သည်။

# 15,000 KVA Transformer ခွင့်ပြုမိန့်ကျထားပြီး

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၃၁၂၀၂၀၁**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5754 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4319 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၆၅၉၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6589 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် ၈၀-က၊ မြေဧရိယာ ၀ ဒသမ ၁၄၄ဧကရှိ ဒေါ်စောလှ(သား) ကိုဌေးလှိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်စောလှ (ဘ)ဦးသူတော် ၉/တကန(နိုင်) ၀၅၉၁၂၇မှ မှတ်ပုံတင်အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် ဒေါ်စောလှ(သား) ကိုဌေးလှိုင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်၊ ဦးဌေးလှိုင်သေစာရင်း၊ တပ်ကုန်းမြို့နယ်တရားရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်မှုရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက် အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၇၀၁၉၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမွန် ၉/ပမန (နိုင်)၂၃၈၁၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (နေပြည်တော်)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၁/ကျောင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၁၃၇)၊ မြေယာအမှတ် (264/469)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်လွှဲ/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ကြူကြူသိန်း ၉/မမန(နိုင်) ၀၂၅၀၄၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၆)၊ အမှတ် ၇၆နေ ဦးစိုးတင့် ၁၃/ကမန (နိုင်) ၀၀၃၀၁၂၏သား မောင်စိုးမင်းထွန်းနှင့် မောင်နေအောင်စိုး ၁၃/ကမန (နိုင်)၀၆၆၀၁၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးတင့်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6119 Nissan Note Hatch Back(4x2) (R)s ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငါးမလေး ၁၃/လရန(နိုင်) ၀၅၉၉၀၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၂၇၈၂၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြဦး ၉/တတန(နိုင်)၁၃၉၇၄၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်၊ အပိုင်း(၁၁)၊ ဦးပိုင်အမှတ်(၃၆-က)၊ ၄၀×၄၁လမ်းကြား၊ ၅၆×၅၇လမ်းကြား၊ မြေကွက်အား တောဂရန်အမှုတွဲအမှတ် ၂၅၂၈/၉၂-၉၃အရ ဦးအောင်ဝင်း ၉/မရတ(နိုင်)၁၀၀၅၇၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ဆယ်ညွှန့် ၅/အရတ(နိုင်)၀၁၀၅၅၈ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၈၇၇၃၇ Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ Thiri Tay Za Min Trading Co.,Ltd. (၈၃×၈၄၊ ၄၁ × ၄၂ ကြား၊ မဟာအောင်မြေက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6516 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 7C/2002 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၈၂၈၁ Honda C 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရွှေ ၆/မတရ(နိုင်) ၀၀၈၅၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ချောင်းဦးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်နှင့်အမည် (၁၉၉၉-ရှားပင်ကန်) ဦးပိုင်အမှတ်(H-၇၈)၊ ဧရိယာ ၁ဒသမ၁၇ဧကအား ဦးမြင့်ဟန်မှ စက်မှု/စီးပွားမြေငှားဂရန်အသစ် လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားဂရန် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမရိုးကျေးရွာနေ (အထက၊ ကန်ရှည်) ဆဋ္ဌမတန်းမှ မောင်ကောင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးတက်ခါး ဖြစ်ပါကြောင်း။ **ဦးတက်ခါး**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့၊ အထက နဝမတန်း (A)မှ မအေးစုပိုင် ၇/ကတခ (နိုင်) ၂၁၇၆၇၅ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရင်မောင်ဇော် ၇/ညလပ(နိုင်)၀၉၃၆၀၈ ဖြစ်ပါသည်။ **ဦးရင်မောင်ဇော်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးနေလင်းစိုး(ခ)ဦးထွန်းထွန်းနိုင် ၉/ပမန(နိုင်)၁၃၈၀၆၁ နှင့် ကျွန်မ ဒေါ်မေမြတ်ဆွေ ၉/ပမန(နိုင်)၁၃၄၀၁၂ တို့၏ သမီး မသဒ္ဒါခင် ၉/ပမန(နိုင်) ၂၇၀၉၆၇ သည် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များပြုလုပ်ဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးနေလင်းစိုး(ခ)ဦးထွန်းထွန်းနိုင်-ဒေါ်မေမြတ်ဆွေ**

## ဦးမောင်မောင်သန်း (ကျိုက်ထော်)

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်၊ အလုပ်အမှုဆောင်အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဆိပ်ကမ်း၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ(အဖွဲ့ဝင်)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ ၃၄လမ်း(အထက်)၊ အမှတ် ၁၆၄၊ပထမထပ်(ယာ)နေ(ဦးကျင်ပန်း-ဒေါ်ဝင်းမေ)တို့၏သား၊ ဒေါ်မေစီ (ငြိမ်း၊ ဌာနခွဲမှူး၊ အမှတ်-၂ စက်မှုဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းတင်-ဒေါ်သန်းလှတို့၏အစ်ကို၊ ဦးမာလစ်-ဒေါ်မင်းမင်းသူ(ခေတ္တ-လန်ဒန်)၊ဦးဇော်မျိုးအောင်-ဒေါ်ထိုက်ထိုက်သူတို့၏ဖခင်၊ မကေဇင်ထူး၊ မအန်မာတို့၏အဘိုးသည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃း၅၅နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင်သန်း

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

**အသက်(၇၁)နှစ်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက်(၇၁)နှစ်သည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင်သန်း

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

**အသက်(၇၁)နှစ်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက်(၇၁)နှစ်သည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင်သန်း

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

**အသက်(၇၁)နှစ်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက်(၇၁)နှစ်သည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးချစ်ဟန် (လင်းသာ သံတွဲ)

**အမက(၂)လသာ၊ ကျောင်းအုပ်ကြီး(ငြိမ်း)**

**အသက်(၇၀)**

ဦးကျော်ဇင် (သံတွဲခရိုင် ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌ) - ဒေါ်အိအိဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးချစ်ဟန်သည် ၂၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကောင်းမွန်သောဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သံတွဲခရိုင် ပြည်ခိုင်ဖြိုးနှင့် သံတွဲမြို့နယ် ပြည်ခိုင်ဖြိုး**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၆၇၁၈၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးရီ ၉/မကန (နိုင်)၀၆၃၉၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

---

**အများသိစေရန်ကြေညာချက်**

၁။ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၆၁)တွင် ၂ ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦးဆောက်လုပ်ရန် မြေရှင် ဒေါ်တင်တင်အေး၊ ဦးဇော်မြင့်ဦးတို့၏ (GP)ဦးမင်းလွင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးသန်းလှိုင်ဦး(LC-1179)၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးစိုးမင်းနိုင် (LS-828)တို့အား ဤဌာန၏ (၁၀-၆-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၅၂၅/၅၂၆/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်(၂)ဦး၏ (GP)နှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးကြည်ဝင်း (Neville Torrens)

**B.Sc., B.L., Dip.in Language (Russian)**

**ရှမ်းပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)**

**တရားလွှတ်တော်ရှေ့နေ**

**အသက်(၈၆)နှစ်**

ဦးဖြိုးလှခိုင်-ဒေါ်မိမိလေး(Sanfrancisco. USA)တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ ဒေါက်တာကျော်ကျော်-မမေသူရိန်စိုး(Sanfrancisco.USA)၊ ကိုဇော်မျိုးဦး-မမေသူရိန်တိုး(အောင်ပိုင်ပွဲရုံ၊ ဘုရင့်နောင်)၊ ကိုသူရိန်ဖြိုး-မယဉ်မွန်စိုးတို့၏ချစ်လှစွာသောဘိုးဘိုးသည် ၂၅-၄-၂၀၁၈ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများကို အထူးဝမ်းနည်းကြေကွဲစွာဖြင့် အသိပေးအပ်ပါသည်။

**ဖြိုးလှခိုင်-ဒေါ်မိမိလေး မိသားစု**

---

**အထူးကျေးဇူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ

**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၆)အလုံ**

**အသက်(၈၃)နှစ်**

၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၈နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားသည့်မိခင်ကြီး ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ နာရေးသတင်း ကိုယ်တိုင်လာရောက်မေးမြန်းကြသူများနှင့် ဆက်သွယ်မေးမြန်းကြသူများ၊ သတင်းစာများတွင်ဝမ်းနည်းကြောင်း ထည့်သွင်းပေးကြသူများ၊ နာရေးလိုက်ပါပို့ဆောင်ပေးကြသူများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ ဝမ်းနည်းဆုတောင်းစကား ပြောကြားကြသူများ၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များမှ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်စောလှိုင်(ခ)တမ်စွမ်ကျို့

**သန်လျင်မြို့**

**အသက်(၈၂)နှစ်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အမှတ် ၁၀၊ ကောင်စီလမ်းနေ (ဦးမောင်စိန်-ဒေါ်ဝါတီ)တို့၏သမီး၊ [ဦးတင်မြင့်(ခ)ဦးဟုန်မော်]၏ဇနီး၊ ဦးသစ်လွင်-ဒေါ်အလိမ့်၊ (ဦးနိုင်အေး)-ဒေါ်ငွေငွေဝင်း၊ ဦးအောင်လွင်-ဒေါ်သန်းသန်းအေး၊ ဦးမျိုးမြင့်-ဒေါ်လှလှရီ၊ ဦးလေးလွင်-ဒေါ်ပပမြိုင်တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချစ်ဟန် (လင်းသာ သံတွဲ)

**အမက(၂)လသာ၊ ကျောင်းအုပ်ကြီး(ငြိမ်း)**

**အသက်(၇၀)**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်နေ (ဦးမောင်ချို-ဒေါ်မတင်)တို့၏သား၊ (ဦးဖိုးရင်-ဒေါ်မအောင်)တို့၏သားသမက်၊ ဒေါ်သိန်းညို၏ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်နိုင်ဦး(ငြိမ်း)-ဒေါ်မေနီနီစန်း၊ ဦးကျော်သက် (စက်ခန်းအုပ်၊ ဆပ-၁၂)-ဒေါ်သန်းသန်းစိုး(ကထိက၊ ရူပဗေဒဌာန၊ သဃ်န်းကျွန်း TTC)၊ ဒေါ်အေးအေးခိုင်၊ ဦးကျော်ဇင်(ရိုးမရာဇာခရီးသွားလုပ်ငန်း ဥက္ကဋ္ဌ)-ဒေါ်အိအိဝင်း၊ [ဦးအေးမင်းထွန်း(သတင်းတပ်ဖွဲ့၊ ငြိမ်း)]-ဒေါ်အေးအေးသိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၈ရက် နံနက် ၁နာရီတွင် အမှတ် ၈၀၊ ငါးလွှာ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာတင်မောင်လွင်

**ပါမောက္ခ(သမိုင်းဌာန)၊ မြစ်ကြီးနားတက္ကသိုလ်**

**အသက်(၅၂)နှစ်**

ဒေါက်တာတင်မောင်လွင် (ပါမောက္ခ၊ သမိုင်းဌာန)သည် ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်း ကောင်းမွန်ရာဘုံဘဝသို့ရောက်ရှိပါစေ။

**ဗိုလ်ကြီးအောင်စိုးမင်း(ငြိမ်း) (စွမ်းအင်ဝန်ကြီးဌာန)**
**ကျော်ဇော(လဝက)၊ အောင်ဇော်(CID)၊**
**တိုးတိုး(ထားဝယ်တက္ကသိုလ်)၊ ဘုန်းမြင့်ရှိန်(အနောက်ပိုင်းတက္ကသိုလ်)၊**
**စောမြင့်ဦး(ဆောက်လုပ်ရေး)၊ မီမီသက်(မကွေးတက္ကသိုလ်)၊**
**မိုးမိုးအေး(အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်)၊ နွယ်နွယ်စိုး၊**
**ယဉ်ယဉ်မြင့်၊ မာလာထွန်း၊ ခိုင်ခိုင်စိုး၊ မိုးမိုးခင်(အနောက်ပိုင်းတက္ကသိုလ်)၊**
**လှိုင်လှိုင်ညွန့်(YUDE)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုင်းဝန်းတွီ

**(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၉၆နေ ဦးစိုင်းတစ်အောင် (မန်နေဂျင်းဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)-ဒေါ်နန်းယုန်းတို့၏သား ဦးစိုင်းဝန်းတွီသည် ၂၅-၄-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးမင်းဒင်-ဒေါ်အေးအေးမြင့်**
**Amazing Holidays Hotels & Resorts Co.,Ltd.**

---

## ဦးသောင်းရွှေ

**အင်ဒိုနီးရှားသံရုံး(ငြိမ်း)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်သာယာလမ်း၊အမှတ် ၂ နေ(ဦးချစ်-ဒေါ်လှတင်)တို့၏သား၊ ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့် (AYA Bank)၏ ချစ်လှစွာသောဖခင်၊ (ဦးစံညွှန့် - ဒေါ်သန်းမြင့်)တို့၏မောင်၊ ဦးထွန်းဝင်း-ဒေါ်မြကြည်၊ ဦးခိုင်ဝင်း-ဒေါ်ခင်ဆွေမြင့်၊ ဒေါ်တင်ရီ၊ ဦးဇော်မင်းသိဏ်း-ဒေါ်ခင်ဝင်းမြင့်တို့၏အစ်ကိုကြီးသည်၂၈-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းရွှေ

**အင်ဒိုနီးရှားသံရုံး(ငြိမ်း)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်သာယာလမ်း၊အမှတ် ၂ နေ (ဦးသိန်းအောင် - ဒေါ်ဂွမ်း)တို့၏ သားသမက်၊ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့်(AYA Bank)၏ချစ်လှစွာသောဖခင်၊ (ဦးရီဝင်း-ဒေါ်သိန်းသိန်းနွယ်)တို့၏မောင်၊ ဒေါ်တိုးတိုးမြင့်၊ ဦးခင်မောင်သိန်း-ဒေါ်ယဉ်နု၊ (ဦးမျိုးဆွေ)-ဒေါ်ယဉ်ယဉ်အောင်၊ (ဦးတင်မောင်သိန်း) - ဒေါ်ခိုင်မြတ်ကြဲတို့၏ အစ်ကို၊ တူမ ငါးယောက်၊ မြေးကိုး ယောက်တို့၏အဘိုးသည်၂၈-၄-၂၀၁၈ ရက်(စနေနေ့)နံနက် ၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်မြင့်

**(ကော့ကရိတ်)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၆လမ်း၊ အမှတ် ၆နေ (ဦးထွန်းငွေ - ဒေါ်စောမြ)တို့၏ သမီး၊ (ဦးဖိုးချိတ်-ဒေါ်မေတင်)တို့၏ သမီးချွေးမ၊ ဦးထွန်းကြိုင်၏ချစ်လှစွာသော ဇနီး၊ ကိုတင်ထွန်း-မလွင်လွင်အောင်၊ ကိုလှဝေ-မလင်းလင်းထွန်း၊ ကိုဝင်းမင်းထွန်း-မခင့်ကျော့ကျော့ထွန်း၊ (ကိုနေလင်းထွန်း)-မချစ်စု၊ကိုဟန်လင်းထွန်း-မဝင်းပပ၊ ကိုလှမျိုးကျော်-မဖွေးဖွေးထွန်းကြိုင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၂၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန့်လွင်(ခ)ဂျော်နီ

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၅နေ ဦးခင်ညွှန့်-ဒေါ်တင်ကြည်တို့၏ သား၊ ဦးအောင်ကျော်ဦး-ဒေါ်စန်းစန်းရီ၊ ဦးနေဝင်း-ဒေါ်သူဇာအေး၊ ဦးကျော်မင်းဝင်း - ဒေါ်နုနုယဉ်တို့၏ ညီ/မောင်၊ မောင်အောင်ဇေမောင်-မဇင်မာနေဝင်း၊ မဖေဇင်နေဝင်း၊ မောင်ကောင်းမင်းခန့်၊ မောင်မင်းဟိန်းခန့်၊ မောင်သန့်မင်းညို တို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန် သွားပါ၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**တိုက်ကြပ်ဆရာတော်**

## ဘဒ္ဒန္တကောသလ္လ

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ မိုးကောင်းတိုက်၊ သာသနာလင်္ကာရကျောင်း တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်ကြီးသည် (၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၃ရက်) (သောကြာနေ့) ည ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၂ရက်) (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မိုးကောင်းတိုက် သာသနာလင်္ကာရကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဦးဝိသုတ

**ဒိုက်ဦးမြို့နယ်၊ ဆင်ကူးကျေးရွာ၊ အောင်တော်မူကျောင်းတိုက်**

**သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၂၉)ဝါ**

ရန်ကုန်မြို့နေ (ဖခမည်းတော် ဦးလှခင် - မယ်တော် ဒေါ်လှကြည်)တို့၏ သား၊ ဒိုက်ဦးမြို့နယ်၊ ဆင်ကူးကျေးရွာ၊ အောင်တော်မူကျောင်းတိုက်၊ ဦးစီးနာယကဆရာတော် ဦးဝိသုတသည် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၆-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၆-၄-၂၀၁၈ ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားသိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမ
တစ်စုနှင့် တူ/တူမများ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဆရာ Cypian(ခ) ဦးစိန်အောင် (ကျောင်းဆရာ)

**အထက(၁)တာမွေ၊ အထက(၂)တ/ဥ**

**St.Francis Boy School**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတို၊ အမှတ် ၉နေ (ဦးမြထူး-ဒေါ်ဖွားရင်)တို့၏သား၊ (ဦးမျိုးညွှန့်-ဒေါ်သန်းမေ)တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်မြင့်၏ခင်ပွန်း၊ ဦးသိန်းနိုင်-မဇကေရီဦး၊ (မသင်္ဂီအောင်)၊ ကိုကျော်ကျော်လွင်-မအေးဝေဝေသွင်၊ (ကိုသန်းထွဋ်)၊ မနွယ်နွယ်အောင်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာ၍ မွန်းလွဲ ၁နာရီတွင် ဝတ်ပြုဆုတောင်းပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်မြင့်(မြန်မာ့အာမခံ၊ ငြိမ်း) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မာလာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊အမှတ် ၉၁နေ(ဦးကျော်ခဲ-ဒေါ်တင်ထွေး)တို့၏သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ (ကိုထွန်းထွန်းဦး)-မဘေဘီ၊ စကားဝါမြင့်(KBZ, ကျွန်းတောလမ်းဘဏ်ခွဲ)၊ မီမီမြင့်(မပေါက်)၊ လဲ့လဲ့မိုး(လှိုင်-၂၊ မူကြို)၊ ကိုမင်းစိုးတို့၏ဖခင်၊ လင်းဒါလီထွန်း(KBZ, Corporate Banking)၊ တိုးလကျော်ထွန်း(VGU University, Vietnam)တို့၏ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၁၈ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းရွှေ

**(အင်ဒိုနီးရှားသံရုံး)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၂နေ (ဦးသိန်းအောင်-ဒေါ်ဂွမ်း)တို့၏သားသမက်၊ (ဦးချစ်-ဒေါ်လှတင်)တို့၏သား၊ ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့်(Aya Bank)၏ချစ်လှစွာသောဖခင်သည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲဆွေ (ပခုက္ကူ)

**ပလတ်စတစ်အိတ်လုပ်ငန်း**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် ၂၀၁နေ (ဦးချစ်-ဒေါ်ညွှန့်ကြည်)တို့၏သား၊ ဦးရဲညွှန့်-(ဒေါ်လှလှသန်း)၊ ဦးမျိုးညွှန့်-ဒေါ်နွဲ့နွဲ့မူ၊ (ဦးမျိုးချစ်)-ဒေါ်ခင်ပို၊ ဦးမျိုးတင့်-ဒေါ်ဖြူဖြူမြင့်၊ (ဦးကျော်ညွှန့်ဦး)-ဒေါ်ခင်နှင်းကြည်၊ ဦးသောင်းမြိုင်-ဒေါ်ခင်ဆွေချစ်၊ ဦးမြလွင်-ဒေါ်ခင်ဆွေညွှန့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်ချစ်၊ ဦးဇော်ဝမ်း-ဒေါ်မိုးချယ်ရီတို့၏အစ်ကို၊ ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဆွေထိုက်-ဒေါ်အေးစန္ဒာဆွေတို့၏ဖခင်၊ မဆုရတီထိုက်(ILBC)၏အဘိုးသည် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့)ညနေ ၄း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရဲဆွေ (ပခုက္ကူ)

**(ပလတ်စတစ်အိတ်လုပ်ငန်း)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် ၂၀၁ နေ (ဦးချစ်-ဒေါ်ညွှန့်ကြည်)တို့၏သား၊ ဦးအောင်ဆွေထိုက်-ဒေါ်အေးစန္ဒာဆွေ (ပလတ်စတစ်လုပ်ငန်း)တို့၏ချစ်လှစွာသောဖခင်၊ မဆုရတီထိုက် (ILBC)၏ အဘိုး၊ ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်း၏ချစ်လှစွာသောခင်ပွန်းသည်၂၇-၄-၂၀၁၈ရက် ညနေ ၄း၄၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရုရှားနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် တွေ့ဆုံ



## အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စတို့ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

ရုရှားနိုင်ငံ ဆိုချီမြို့၌ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၉)ကြိမ်မြောက် နိုင်ငံတကာအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရုရှားနိုင်ငံ မော်စကိုမြို့၌ရှိစဉ် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolai Patrushev နှင့် ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မော်စကိုမြို့ရှိ ၎င်း၏ ရုံးခန်း၌ တွေ့ဆုံခဲ့သည်။

**အသိပေးပြောကြား**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့က အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများနှင့် ရခိုင်ပြည်နယ်အခြေအနေတို့နှင့် ပတ်သက်၍လည်း အတွင်းရေးမှူးအား အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov နှင့်လည်း မော်စကိုမြို့ရှိ ၎င်း၏ ရုံးခန်း၌ တွေ့ဆုံခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ◆

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolai Patrushev တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

**ယနေ့ မာ တိ ကာ**


မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာသမားတိုင်း ကြိုးပမ်းအားထုတ်ရမည် စာ » ၇

ကသာမြို့နယ်အတွင်းမှ တရားမဝင် ကညင်သစ် ၁၃၇ ဒသမ ၅၇၈ တန် ဖမ်းမိ စာ » ၁၂

ဗြိတိန်လက်နက်ရောင်းချမှုကြောင့် အရှေ့အလယ်ပိုင်းမှာ စစ်ပွဲတွေ ဖြစ်နေသလား စာ » ၁၅


# ရတနာပုံအသင်း အဝေးကွင်း၌ သရေကျ

**မုံရွာ ဧပြီ ၂၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရောဝတီအသင်းနိုင်ပွဲ ပြန်ရပြီး ကျန်နှစ်ပွဲမှာ သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့် ပွဲတွင် စစ်ကိုင်းအသင်းနှင့် ရတနာပုံအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ အမာခံကစားသမား ခြောက်ဦး ပါဝင်နိုင်ခြင်းမရှိသည့် ရတနာပုံအသင်းသည် အဝေးကွင်း၌ ရုန်းကန်ခဲ့ရပြီး သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ တန်းဆင်းဇုန် အန္တရာယ်ရှိနေသည့် စစ်ကိုင်းအသင်းသည် ရတနာပုံအသင်း၏ ကစားသမားမစုံလင်မှုကို အသုံးချပြီး အိမ်ကွင်း၌ သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် တတိယနေရာမှ ဟံသာဝတီအသင်း ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းမယူနိုင်သောကြောင့် အဆင့် (၅) နေရာတွင်သာ ဆက်လက်ရပ်တည်နေသည်။

ရတနာပုံအသင်းသည် ယူ-၂၀ အသင်းသို့ ပေးထားရသည့် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်နှင့် *စာမျက်နှာ ၁၃ ကော်လံ ၃* ■

# ထိန်ပင်အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်ရာတွင် ပြည်ပပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်မည်




ထိန်ပင်အမှိုက်ပုံမီး အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ပညာရှင်များ ဆွေးနွေးမှုများ ပြုလုပ်စဉ်။

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ပမှ ပညာရှင်များ၏ အကူအညီနှင့် အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "မနေ့ကစပြီး ထိုင်းနိုင်ငံကနေရောက်ရှိလာတဲ့ Bio Foam ဆေးရည် ဂါလန် နှစ်ထောင်နဲ့ စတင်ပြီးငြိမ်းသတ်နေပါတယ်၊ ကနဦးလိုအပ်ချက်ကတော့ Bio Foam ဂါလန် ငါးထောင်ပါ၊ ကျန်တဲ့အရေအတွက်ကိုတော့ ဒီကနေ့ ညနေပိုင်းမှာ ထပ်မံရောက်ရှိလာမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✳

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၂၇၊ ၂၀၁၈

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြေတိုင်ကန်ကျေးရွာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပစဉ်။

## ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး

**မဟန်နီ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာ ဇော်မြင့်မောင်

ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ ကာလအတွင်း ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများကို တိုက်နယ်ဆေးရုံများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့်အပြင် ဆေးရုံများလည်း တိုးချဲ့တည်ဆောက်ခဲ့ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးတွင် ခရိုင်၊ မြို့နယ်၊ ကျေးရွာမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေမှာ အဆောင်တွေ တိုးချဲ့တယ်၊ ဝန်ထမ်းအိမ်ရာတွေ ဆောက်ပေးတယ်၊ တိုက်နယ်ဆေးရုံတွေ တည်ဆောက်ပေးတယ်၊ ဒီနှစ်နှစ်အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲငါးခုကို တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ပေးတယ်၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကို တည်ဆောက်ပေးရုံတင်မကဘဲ ဆေးဝါးတွေ ဖြည့်တင်းပေးတယ်"ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

**ကျန်းမာရေးကဏ္ဍ**

ကျန်းမာရေးကဏ္ဍ ဆေးဝါးဖြည့်တင်းခြင်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၇၇ ဒသမ ၆၈ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၃၀ ကို အသုံးပြုခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ငွေကျပ်သန်းပေါင်း ၁၇၇ ဒသမ ၆၈ သန်းနဲ့ ဆေးဝါး ၁၁၃ မျိုးကို ဖြည့်တင်းပေးတယ်၊ အလားတူ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ငွေကျပ်သန်း ၂၃၀ ဖိုးကို ဖြန့်ပေးခဲ့တယ်၊ ကျွန်တော်တို့ ကာကွယ်ရေးလုပ်ငန်းသုံးခု လုပ်ရတယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၉၃ ရာခိုင်နှုန်း သန်ချဆေးတိုက်ကျွေးနိုင်တယ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ဒီရာခိုင်နှုန်းလောက် တိုက်ကျွေးမယ်၊ ဂျပန်ဦးနှောက်အမြေးရောင် ကာကွယ်ဆေးကို ကျောင်းအခြေပြုထိုးပေးတယ်၊ ၉၀ ရာခိုင်နှုန်းကျော် ထိုးနှံပေးခဲ့တယ်၊ ရပ်ကွက်အခြေပြုကိုလည်း ၉၅ ရာခိုင်နှုန်းလောက် လုပ်နိုင်ခဲ့တယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဆင်ခြေထောက်ရောဂါပိုး ကျန်သေးတယ်၊ အဲဒီအတွက်လည်း နှစ်နှစ်တာမှာ ၉၆ ဒသမ ၂၈ ရာခိုင်နှုန်းလောက် လုပ်နိုင်တယ်"ဟု ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ခြင်းအပါအဝင် ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ စာစစ်ဌာနအသစ်များ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စာစစ်ဌာန ၂၁ ခု တိုးပေးနိုင်**

"ပညာရေးကဏ္ဍက အလွန်အရေးကြီးတယ်၊ နှစ်နှစ်တာကာလအတွင်းမှာ ပြည်ထောင်စုရန်ပုံငွေကနေ ၁၅ ဒသမ ၆၉၈ ဘီလီယံနဲ့ ကျောင်းဆောင်အသစ်ဆောက်ခဲ့တယ်၊ ၅၇၃ ကျောင်း အသစ်ဆောက်နိုင်ခဲ့တယ်၊ အလှူရှင်တွေက ၃ ဒသမ ၅၄ ဘီလီယံလောက်နဲ့ ကျောင်းဆောင်သစ်တွေ ဆောက်ပေးတယ်၊ နှစ်နှစ်အတွင်းမှာ ၇၄ ခု ဆောက်ပေးနိုင်ခဲ့တယ်၊ အဲဒီကြားထဲမှာ ကျောင်းအဆင့်တိုးခြင်းတွေကိုလည်း ဆောင်ရွက်ခဲ့တယ်၊ ကျောင်းပေါင်း ၇၀ လောက်ကို အဆင့်တိုးပေးနိုင်ခဲ့တယ်၊ စာစစ်ဌာနတွေလည်း တိုးပေးတယ်၊ နှစ်နှစ်အတွင်း ၂၈ မြို့နယ်မှာ စာစစ်ဌာန ၂၁ ခု တိုးပေးနိုင်ခဲ့တယ်။

"ကျောင်းပြင်ပပညာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဆောင်ရွက်ခဲ့ပါတယ်၊ စာသင်ခန်းထဲ ရောက်ရမယ့် ကလေးလေးတွေ အလုပ်

*အချပ်ပို(ခ)သို့*



ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်သည့် ကျောက်ဆည်မြို့နယ်ရှိ ဇီးတောဆည်။






မန္တလေးတိုင်းဒေသကြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်၌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။

*အချပ်ပို(က)မှ*

လုပ်နေရတယ်၊ ဒါကြောင့် နှစ်နှစ်တာအတွင်း မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်မှာ စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ၆၀ ကျော်လောက်နဲ့ ပထမနှစ်မှာ ကလေး ၆၀၀ ကျော်လောက်ကို သင်ပေးနိုင်တယ်၊ နောက်နှစ်မှာ ၄၀၀ ကျော်လောက်ကို သင်ပေးနိုင်တယ်၊ ထူးခြားတာက တိုင်းရင်းသားစာပေနဲ့ ဘာသာစကားကို သင်ခိုင်းတယ်၊ အစိုးရကျောင်းတွေမှာ ညအိပ်ညနေ နေခိုင်းပြီးတော့ ရန်ပုံငွေနဲ့ ငါးတန်း၊ ခြောက်တန်းအထိ သင်ပေးတာရှိတယ်၊ ရှမ်းဘာသာနဲ့ လီဆူဘာသာပါ''ဟု ဝန်ကြီးချုပ်က ပြောသည်။

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှု**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၈၂၉ ဒသမ ၆၇ ဘီလီယံ ရှိကြောင်း သိရသည်။

''နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် မန္တလေးမှာ နိုင်ငံပေါင်း ၁၂ နိုင်ငံက ရင်းနှီးမြှုပ်နှံတာရှိပါတယ်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံထားတယ်၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံတာက လုပ်ငန်း ၃၀ ရှိတယ်၊ အဲဒါတော့ မြန်မာငွေကျပ်နဲ့ ၂၈၂၉ ဒသမ ၆၇ ဘီလီယံရင်းနှီးမြှုပ်နှံထားတဲ့အတွက် ဒါဟာ အားရစရာကောင်းပါတယ်၊ တိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုလုပ်လို့ရပြီ၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဆိုပြီး ဖွဲ့စည်းထားပါပြီ၊ One Stop Service ပုံစံ ကျွန်တော်တို့လုပ်လိုက်တယ်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တဲ့သူတွေအတွက် အစည်းအဝေးထိုင်ပြီး တစ်ပြိုင်တည်း ခွင့်ပြုပေးလိုက်တယ်၊ ရင်းနှီးမြှုပ်နှံမှု လက်မှတ်လည်း တစ်ခါတည်း ထုတ်ပေးလိုက်တယ်၊ အဲဒါက အားသာချက်ပဲ၊ နိုင်ငံခြားသားကော၊ နိုင်ငံသားကော ရင်းနှီးမြှုပ်နှံမှုရှိမှ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်''ဟု ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

**အလုပ်အကိုင်ဖန်တီးပေးနိုင်**

မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိအောင် ဆောင်ရွက်သွားမည့် အခြေအနေအပေါ် ''မန္တလေးတိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုဟာ အလားအလာကောင်းတွေ အများကြီးရှိပါတယ်၊ ဒါကြောင့်မို့ လျှပ်စစ်ဓာတ်အား ပိုထုတ်နိုင်အောင် ကြိုးစားနေတယ်၊ လျှပ်စစ်ဓာတ်အားထုတ်ပြီး မြေပေးနိုင်ရင် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာပါ၊ တိုင်းဒေသကြီးအတွက် ကောင်းသလို နိုင်ငံတော်အတွက်လည်း ကောင်းပါတယ်၊ ဒေသခံတွေအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှာပါ''ဟု ပြောကြားသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးအတွက် ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ်သည့် အောင်မြေမန္တလာအိမ်ရာစီမံကိန်းကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိမ်ရာစီမံကိန်း**

''ငါးနှစ်မှာ မန္တလေးတိုင်းဒေသကြီးအတွက် အိမ်ရာ ၂၀၀၀ စီမံကိန်းရှိတယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာက ဝန်ထမ်းပေါင်း ၆၅၀၀၀ ကျော်လောက်ရှိတယ်၊ ဒီထဲက ၃ ဒသမ ၂၈ ရာခိုင်နှုန်းလောက်ပဲ အိမ်ရာရတယ်၊ ၁၀၀ မှာ သုံးယောက်ပဲ ရတယ်ဆိုတော့ ဘယ်လိုမှ မပြည့်စုံဘူး၊ အရင်အစိုးရလက်ထက်က ၁၄၄၆ ခန်းလောက်ရှိတယ်၊ ကျွန်တော်တို့ နှစ်နှစ်တာကာလအတွင်းမှာ ၉၃၆ ခန်း လုပ်နိုင်တယ်၊ ငါးဆယ်ရာခိုင်နှုန်းလောက် နှစ်နှစ်အတွင်းမှာ လုပ်နိုင်တယ်၊ ဒါကလည်း ကျေနပ်စရာ မကောင်းသေးဘူး၊ ဒီထက်ပိုပြီး လုပ်ပေးသင့်တယ်၊ အောင်မြေမန္တလာအိမ်ရာစီမံကိန်း ကျွန်တော်တို့ လုပ်နေတာရှိပါတယ်၊ အဲဒီမှာ အခန်းပေါင်း ၂၄၀ ပါတဲ့ အိမ်ရာတွေ အကောင်အထည်ဖော်နေတယ်၊ ဒီအိမ်ရာတွေကတော့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ဖြစ်ပါတယ်။ အရင်တုန်းက ဆောက်ခဲ့တဲ့ မြရည်နန္ဒာအိမ်ရာရှိတယ်၊ အခန်းပေါင်း ၈၀၀ ရှိတယ်၊ ဒါကို ဝန်ထမ်းတွေကို မဲနှိုက်ပေးတယ်၊ ၃၀ ရာခိုင်နှုန်းကို လက်ငင်းသွင်းပြီး ကျန်တာကိုတော့ ဘဏ်နဲ့ ဆက်ပြီးပေးရတာပါ၊ ဒါကလည်း ဝန်ထမ်းတွေအတွက် တော်တော်အဆင်ပြေပါတယ်''ဟု ဝန်ကြီးချုပ်က ပြောကြားသည်။




ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီး အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

**မီးရရှိအောင် ဆောင်ရွက်**

ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ ကျော်မှ ၂၀၀၀ ကျော် မီးရရှိအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

''ဒီနှစ်နှစ်အတွင်းမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ကျေးရွာပေါင်း ၄၈၀၇ ရွာရှိတယ်၊ မီးလင်းပြီးတဲ့ ရွာပေါင်းက ၂၁၁၇ ရွာရှိတယ်၊ မီးလင်းရန်ကျန်တဲ့ ကျေးရွာပေါင်းက ၂၆၉၀ ကျန်တယ်၊ တစ်နည်းအားဖြင့် ၄၅ ဒသမ ၄ ရာခိုင်နှုန်း

*အချပ်ပို(ဂ)သို့*



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ







ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ရတနာစပျစ်စိုက်ပျိုးရေးခြံအတွင်း စပျစ်စိုက်ပျိုးထားမှုကို ကြည့်ရှုစဉ်။

*အချပ်ပို(ခ)မှ*

မီးလင်းပြီးဖြစ်တယ်၊ နှစ်နှစ်အတွင်းမှာ ကျေးရွာမီးလင်းရေးအတွက် ၁၈ ဘီလီယံလောက် သုံးတယ်၊ နှစ်နှစ်အတွင်းမှာ ၆၆ ကေဗွီခွဲရုံ ခြောက်ရုံဆောက်နိုင်တယ်၊ ၃၃ ကေဗွီခွဲရုံ ၁၃ ရုံဆောက်နိုင်ခဲ့ပြီး ၁၁ ရုံကို အဆင့်တိုးမြှင့်နိုင်ခဲ့တယ်၊ ဘာပဲပြောပြော မီးလင်းရေးကဏ္ဍကတော့ အားရတယ်။

"ကျေးလက်ကော၊ မြို့ပြကော ဖွံ့ဖြိုးဖို့လိုအပ်ပါတယ်၊ မြို့ပေါ်မှာလည်း လမ်းတွေ၊ မီးတွေကောင်းအောင် ဆောင်ရွက်တယ်၊ တခြားမြို့ကလာတဲ့သူတွေက မန္တလေးကို သဘောကျကြတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ကွန်ကရစ်လမ်း ၇ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၁၉၆ မိုင်ကျော်၊ ကွန်ကရစ်တံတား ၁၀၉ စင်းနှင့် ရေကျော် ၂၂၅ စင်းကို ၁၃ ဒသမ ၈၉ ဘီလီယံ အသုံးပြုကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

### ရေကြီးရေလျှံတာကနေ ကာကွယ်နိုင်

"အခုကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဧရာဝတီမြစ်ကမ်းပြိုတာတွေရှိတယ်၊ နှစ်နှစ်အတွင်းမှာ မြင်းခြံက တစ်ရွာနဲ့ ညောင်ဦးက တစ်ရွာကို ပြောင်းရွှေ့ပေးခဲ့ရတယ်၊ ကုန်ကျစရိတ် သိန်းထောင်ချီ ကုန်ကျပါတယ်၊ စိုက်ပျိုးဧက ၃၁၅၂၅ ဧကအတွက် ရေကြီးရေလျှံမှုမဖြစ်အောင် ရေနုတ်မြောင်း ၃၃ ခုကို ၂ ဒသမ ၅ ဘီလီယံကုန်ကျခံပြီး ဖော်ပေးခဲ့ပါတယ်၊ ဒါတွေကို ဆောင်ရွက်ပေးခဲ့လို့ ကျေးရွာတွေမှာ စိုက်ပျိုးမြေတွေ ရေကြီးရေလျှံတာကနေ ကာကွယ်နိုင်တယ်လို့ ပြောစမှတ်ပြုကြတယ်။

### ပြည်သူ့အတွက် ဆောင်ရွက်ပေးနေ

"အစိုးရဆိုတာ ပြည်သူလူထုကို အခြေပြုပြီး ဆောင်ရွက်ရတာပါ၊ ကျွန်တော်တို့ ပိုင်းဖြတ်ထားတာကိုက တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးပါ၊ ဒါကလည်း အစိုးရချည်း လုပ်လို့မရဘူး၊ ပြည်သူပါမှလည်း ရမှာပါ၊ ကျွန်တော်တို့နိုင်ငံဟာ သဘာဝအရင်းအမြစ်ပေါတယ်၊ တိုင်းပြည်ဖွံ့ဖြိုးဖို့ အခြေခံကောင်းတွေရှိတယ်၊ ဒီနေရာကို ရောက်နေတာလည်း ပြည်သူက မဲပေးပြီး ရွေးချယ်ပေးခဲ့လို့ပါ၊ ဒါကြောင့် ပြည်သူ့အတွက် ဆောင်ရွက်ပေးနေတယ်၊ ပြည်သူလူထုကိုလည်း နားလည်ပေးစေချင်ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအဖွဲ့၏ ဆောင်ရွက်မှုအပေါ် ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ တေဇာဆန်းက "ပြည်သူ့အားနဲ့ တက်လာတဲ့ အစိုးရဖြစ်တဲ့အတွက် ပြည်သူလူထုအားနဲ့ ဆောင်ရွက်တတ်ဖို့ အင်မတန် အရေးကြီးပါတယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကအစ အားလုံးပါဝင်မှုလိုပါတယ်၊ ဒါကြောင့် ပြည်သူ့အားကို ဒီထက်မက ပါဝင်နိုင်အောင် ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်"ဟု အကြံပြုပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း အားဖြည့်ဆောင်ရွက်လိုကြောင်း သိရသည်။

### သိမ်းဆည်းလယ်ယာမြေ

တိုင်းဒေသကြီးအစိုးရအနေဖြင့် ၎င်းတို့ တာဝန်ယူသည့် နှစ်နှစ်တာအတွင်း သိမ်းဆည်းလယ်ယာမြေ ဧက ၃၀၀၀ ကျော်ကို မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံနိုင်အောင် ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျွန်တော်တို့ အားမရတာက သိမ်းဆည်းခံမြေပြဿနာတွေပါ၊ တောင်သူတွေက ဆန္ဒပြနေတာ တွေ့ရပါတယ်၊ တောင်းနေတာ တွေ့ရတယ်၊ တတ်နိုင်သမျှ ဆောင်ရွက်ပေးတယ်၊ နှစ်နှစ်အတွင်းမှာ မြေဧက ၃၀၀၀ ကျော်ကို သက်ဆိုင်တဲ့ တောင်သူတွေဆီကို ပြန်လည်ပေးအပ် နိုင်တယ်၊ လောလောဆယ် ပြန်ပေးနိုင်ဖို့ တစ်သိန်းလေးသောင်း ကျော်ကျော်လောက် ကျွန်တော်တို့လက်ထဲမှာ ရှိပါတယ်၊ စိစစ်ရတာလည်း ကြာပါတယ်၊ ပိုင်ရှင်မဟုတ်ရင် ပြဿနာရှိနိုင်ပါတယ်၊ ပိုင်ရှင်အစစ် အမှန်ထံ ပေးအပ်နိုင်ဖို့ ဆောင်ရွက်ရပါတယ်။

### မူလပိုင်ရှင်ထံ ပြန်ပေးဖို့စီစဉ်နေ

"အခုဆိုရင် တံတားဦးနားက လေယာဉ်ကွင်းဆောက်တုန်းက သိမ်းထားတဲ့ မြေဧက ၄၀၀၀ ကျော်လောက် ပြန်ရထားတာရှိတယ်၊ ဒါတွေကို မူလပိုင်ရှင်ထံ ပြန်ပေးဖို့ အခုစီစဉ်နေပါတယ်၊ ပြင်ဦးလွင်မှာလည်း ဧက ၂၉၀ လောက် ရှိပါတယ်၊ ပေးစရာ တစ်သောင်းကျော်ကျော်လောက် ကျန်ပါတယ်၊ တတ်နိုင်သမျှပေးချင်ပါတယ်၊ ငါးနှစ်အတွင်းမှာ ဘယ်လောက်ပေးနိုင်တယ်ဆိုတာ အမြဲတမ်းဆန်းစစ်နေပါတယ်၊ ကြိုးစားဆောင်ရွက်နေတယ်၊ အားရလားဆိုရင်တော့ အားတော့မရပါဘူး၊ ဒီထက်ပိုလုပ်ပေးချင်ပေမယ့် ကျွန်တော်တို့မှာလည်း အခက်အခဲတွေ ရှိပါတယ်"ဟု ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အားဖြည့်ဆောင်ရွက်လိုသည့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း "နောက်တစ်ခုက မန္တလေးကို ဝေဖန်ကြတာက မူးယစ်ဆေးဝါးပေါတယ်၊ မန္တလေးက အချက်အချာဖြစ်နေတယ်၊ အဝင်အထွက်များတယ်၊ စီမံချက်တွေနဲ့လည်း ဖမ်းဆီးနေတယ်၊ အများကြီးလည်း ဖမ်းမိတယ်၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဘယ်လောက်ဖမ်းဖမ်း နည်းမျိုးစုံနဲ့ ဝင်နေတော့ ကျွန်တော်တို့ကို အားနည်းတယ်လို့ ထင်တယ်၊ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဂိတ်တွေကနေလည်း ဖမ်းပါတယ်၊ သတင်းပေးရင်လည်း ဖမ်းပါတယ်၊ မူးယစ်တပ်ဖွဲ့တွေက သတင်းတွေရမှလည်း ဖမ်းနိုင်မှာပါ၊ အခုက သတင်းပေးတဲ့သူ နည်းသွားတယ်၊ မပေးရဲကြဘူး၊ ဒါကြောင့် ဖမ်းတာကို တပ်ဖွဲ့တွေက ကိုယ်တိုင်ကြိုးပမ်းပြီး ဖမ်းရတယ်၊ မိတာကတော့ အပတ်စဉ်မိနေတယ်၊ နှစ်စဉ်ဇွန်လဆို ဖမ်းဆီးထားတာတွေကို ဖျက်ဆီးပါတယ်၊ ဘယ်လိုဖမ်းဖမ်း၊ ဖျက်ဆီးဖျက်ဆီး ရှိနေသေးတယ်၊ ဒါက ဝေဖန်စရာရှိတယ်၊ အားလုံးသော ဌာနဆိုင်ရာတွေ ကြိုးစားနေပါတယ်။

*အချပ်ပို(ဃ)သို့*



မန္တလေးတိုင်းဒေသကြီးအတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများ ကမ်းပြိုမှုမှ ကာကွယ်ရေး ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

**ဧရာဝတီမြစ် ကမ်းပြိုတာတွေရှိတယ်၊ နှစ်နှစ်အတွင်းမှာ မြင်းခြံက တစ်ရွာနဲ့ ညောင်ဦးက တစ်ရွာကို ပြောင်းရွှေ့ပေးခဲ့ရတယ်၊ ကုန်ကျစရိတ် သိန်းထောင်ချီ ကုန်ကျပါတယ်၊ စိုက်ပျိုးဧက ၃၁၅၂၅ ဧကအတွက် ရေကြီးရေလျှံမှုမဖြစ်အောင် ရေနုတ်မြောင်း ၃၃ ခုကို ၂ ဒသမ ၅ ဘီလီယံကုန်ကျခံပြီး ဖော်ပေးခဲ့ပါတယ်၊ ဒါတွေကို ဆောင်ရွက်ပေးခဲ့လို့ ကျေးရွာတွေမှာ စိုက်ပျိုးမြေတွေ ရေကြီးရေလျှံတာကနေ ကာကွယ်နိုင်**

*အချပ်ပို(ဂ)မှ*

“နောက်တစ်ခုက မန္တလေးက ဆိုင်ကယ်စီးတဲ့သူများတယ်၊ ယာဉ်တိုက်မှုများနေလို့ ဝေဖန်ကြတာလည်းရှိပါတယ်၊ တိုင်းဒေသကြီးတစ်ခုလုံး ပြောတာပါ၊ ဒါကိုလည်း ဆောင်ရွက်မှာပါ၊ ဒါပေမယ့် အစိုးရချည်းပဲတော့ မရပါဘူး၊ ပြည်သူလူထုကလည်း ပါဝင်ရမှာပါ၊ ကျွန်တော်တို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့ ပတ်သက်ပြီး အသိပညာပေးတယ်၊ ဒါပေမယ့် Report ထွက်လာရင် ယာဉ်တိုက်မှုတွေက နည်းနည်းရှိနေသေးတယ်၊ ဒါကြောင့်လည်း ဒါကို အားမရသေးဘူး။

“နောက်တစ်ခု မန္တလေးမြို့ကြီး မလုံခြုံတော့ဘူးလို့ ပြောနေကြတယ်၊ လှည့်ကင်းတွေ၊ ပတ်ကင်းတွေ၊ ဝပ်ကင်းတွေနဲ့ ဆောင်ရွက်နေပါတယ်၊ ချောင်ကျတဲ့နေရာ၊ လုယက်မှု များတဲ့နေရာတွေမှာ အင်အား ၄၀၀ လောက်နဲ့ အမြဲတမ်းဆောင်ရွက်နေပါတယ်၊ ဒါပေမယ့် လုယက်တဲ့လူငယ်တွေရဲ့ ပုံသဏ္ဌာန်က လူငယ်တွေ ဖြစ်နေတယ်၊ မူးယစ်သုံးတာတွေလည်း ပါမှာပေါ့၊ လောင်းကစားတွေလည်း ပါမှာပေါ့၊ ကြုံသလိုလုနေတယ်၊ လုံခြုံရေးဆောင်ရွက်နေပေမယ့် ရှိတော့ ရှိနေသေးတယ်၊ ပြည်သူလူထုက ဒီအသိကို မြှင့်တင်ရင် အဆင်ပြေနိုင်ပါတယ်၊ လုံးဝမလုံခြုံတာတော့ မဟုတ်ပါဘူး၊ အားရလား မေးရင်တော့ အားရစရာမရှိသေးဘူး”ဟု ပြောကြားခဲ့သည်။

“ဒီမိုကရေစီမှာ အရေးကြီးတာက ပြည်သူပါဝင်ဆောင်ရွက်မှုပါ၊ ကိုယ်ရွေးချယ်တဲ့ အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ရမယ်၊ မန္တလေးမှာဆိုရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတွေရှိပါတယ်၊ တိုင်းဒေသကြီးအစိုးရကလည်း မီးပွိုင့်ကအစ လုပ်ပေးတာပဲ၊ မလိုက်နာတဲ့သူတွေရှိနေသေးတဲ့အတွက် စည်းကမ်းလိုက်နာစေချင်ပါတယ်”ဟု မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနမှ ဒေါက်တာဇော်စိုးက အကြံပြုသည်။



မန္တလေးတိုင်းဒေသကြီးရှိ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့ရှိ နွေစပါးစိုက်ဧက ကိုးသောင်းအတွက် ရေပေးဝေနိုင်မည့် ကင်းတားဆည်။



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဥယျာဉ်စိုက်ပျိုးရေးခြံဝင်းအတွင်း အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထားသော သီးနှံပင်များကို တွေ့ရစဉ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်မည့် စီမံကိန်းများစွာရှိကြောင်း သိရပြီး အဆိုပါစီမံကိန်းများတွင် မြို့သစ်စီမံကိန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်းများလည်း ပါဝင်ကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီးအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေရှိပါတယ်၊ မြို့သာစက်မှုလုပ်ငန်းပါ၊ နိုင်ငံခြားကလည်း ရင်းနှီးမြှုပ်နှံမှုလာတဲ့အတွက် အလားအလာကောင်းတွေ ရှိပါတယ်၊ နောက်တစ်ခုက ရတနာပုံမြို့သစ်စီမံကိန်း၊ ပြင်ဦးလွင်မှာ လုပ်မယ့် စီမံကိန်းလည်း လုပ်ဖို့ရှိပါတယ်၊ ဆိပ်ကမ်းတွေ တည်ဆောက်ဖို့ စင်ကာပူနဲ့ ဆွေးနွေးထားတာရှိပါတယ်၊ မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပါ့မယ်၊ ဧရာဝတီမြစ်ပေါ်မှာ ကုန်စည်စီးဆင်းမှု အများကြီးရှိပါတယ်၊ စနစ်ကျတဲ့ ဆိပ်ကမ်းမရှိသေးပါဘူး၊ အဲဒီအတွက် ကျွန်တော်တို့ ဆိပ်ကမ်းရော၊ ဆိပ်ကမ်းပတ်ဝန်းကျင်မှာပါ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမှာပါ၊ အမရပူရ ဖွံ့ဖြိုးရေးစီမံကိန်းလည်း ရှိပါတယ်၊ စလည်း စနေပါပြီ၊ ပလိပ်မှာ ကုန်းတွင်းဆိပ်ကမ်းလို Dry Port ကိုလည်း ဆောင်ရွက်သွားမှာပါ၊ မန္တလေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတွေ ပေးနိုင်အောင်ပါ၊



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတားသို့ လာရောက်လေ့လာကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

“စီမံကိန်းတွေလုပ်ချင်ပေမယ့် မြေနေရာအခက်အခဲတော့ ရှိပါတယ်၊ မြို့ရေပေးရေး စီမံကိန်းတွေ၊ မိလ္လာစနစ်တွေ၊ ပြင်သစ်နဲ့ ရေဆိုးရေညစ်စွန့်ပစ်မှုတွေနဲ့ ပတ်သက်တာတွေ ဆောင်ရွက်နေပါတယ်၊ အမှိုက်စွန့်ပစ်တာကိုလည်း လူထုအခြေပြုဆောင်ရွက်နိုင်အောင် ဆောင်ရွက်နေတယ်”ဟု ဝန်ကြီးချုပ်က ရှင်းပြသည်။

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရဖြစ်သည့်အားလျော်စွာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတွင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်လိုသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျန်ရှိနေသည့် သုံးနှစ်တာကာလအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**“တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်မည့် စီမံကိန်းများစွာရှိကြောင်း သိရပြီး အဆိုပါစီမံကိန်းများတွင် မြို့သစ်စီမံကိန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်းများလည်း ပါဝင်”**



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသူများ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပိုင်းရှိ တံတားငါးစင်းဖွင့်ပွဲ ကျင်းပသည့် ရသေ့တောင်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

# ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့

**ရှင်မင်း**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုရရှိမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှ ဒေသအေးချမ်းသာယာမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်း အလေးပေး ဆောင်ရွက်လျက်ရှိသည်။

**တည်ငြိမ်အေးချမ်းရေး ဦးစားပေး**

"ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်နှစ်ခုကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါတယ်၊ တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်တဲ့အခါ အားလုံးသိတဲ့အတိုင်း ၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကြောင့် မတည်မငြိမ် ဖြစ်ခဲ့တယ်၊ ဒါကို တည်ငြိမ်အောင် ကြိုးစားဆောင်ရွက်ခဲ့ရတယ်၊ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုအဓိက**

"ကျွန်တော်တို့ ရခိုင်ပြည်နယ်က ပဋိပက္ခတွေ၊ သွားလာရေး ခက်ခဲမှု၊ နယ်မြေဒေသ အခြေအနေတွေကြောင့်မို့ ဖွံ့ဖြိုးမှုက မြန်မာနိုင်ငံမှာ ဒုတိယ အနိမ့်ဆုံးအဖြစ် ရောက်ခဲ့တယ်၊ ဒါကြောင့်မို့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေးတစ်ခုအနေနဲ့ ဆောင်ရွက်တယ်၊ ဒါကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့တာဝန်စတင် ထမ်းဆောင်ကတည်းက တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးစားပေးဆောင်ရွက်တာဖြစ်ပါတယ်" ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသွားသူများအား စနစ်တကျ ပြန်လည်လက်ခံရေးလုပ်ငန်းများကို ဒုတိယ (၁) နှစ်တာအတွင်း ဆောင်ရွက်ခဲ့ပြီး မောင်တောဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏

*အချပ်ပို (စ) သို့*

**" ရခိုင်ပြည်နယ်က ပဋိပက္ခတွေ၊ သွားလာရေး ခက်ခဲမှု၊ နယ်မြေဒေသ အခြေအနေတွေကြောင့်မို့ ဖွံ့ဖြိုးမှုက မြန်မာနိုင်ငံမှာ ဒုတိယ အနိမ့်ဆုံးအဖြစ် ရောက်ခဲ့တယ်၊ ဒါကြောင့်မို့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေးတစ်ခုအနေနဲ့ ဆောင်ရွက်တယ်၊ ဒါကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့ တာဝန်စတင်ထမ်းဆောင်ကတည်းက တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးစားပေးဆောင်ရွက်"**



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရေနက်ဆိပ်ကမ်းနှင့် ရေနံစိမ်း သိုလှောင်ကန်များကို တွေ့ရစဉ်။

*အချပ်ပို (င) မှ*

အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း- (UEHRD) သည် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အချက်အလက်အမှန်တွေ ဖော်ထုတ်**

“ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်ပြီး ဆောင်ရွက်နေတယ်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းနဲ့သာမက ပြည်ပနဲ့ပါ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ကိုလည်း ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့တယ်၊ ဒါကြောင့်မို့ အကြမ်းဖက်ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အချက်အလက်အမှန်တွေကိုလည်း ဖော်ထုတ်ပေးနိုင်ပါတယ်၊ ပဋိပက္ခဖြစ်စဉ်တွေအပေါ်မှာ ပြန်လည်ပြီးတော့ လက်ခံရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်၊ နောက်တစ်ခုက UEHRD ကိုလည်း ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။




အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ရသေ့တောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးနိုင်ရန်အတွက် စက်ခလုတ်နှိပ်၍ ပို့လွှတ်ဖြန့်ဖြူးပေးစဉ်။



၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မင်းပြားဓာတ်အားခွဲရုံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်း ပြည်နယ်တစ်ခုဖြစ်ပြီး ခရိုင် ငါးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်၊ မြို့ ကိုးမြို့ဖြင့် ဖွဲ့စည်းထားကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၀၈ မိုင် ကျယ်ဝန်းသည်။ ရခိုင်ပြည်နယ်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်၊ သဘာဝ သယံဇာတ ပေါကြွယ်ဝပြီး လှပသည့် ပင်လယ်ကမ်းခြေများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သည်။

သို့သော် ပြည်နယ်အတွင်း မောင်တောဒေသဖြစ်စဉ်များကြောင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေး တစ်ခုတည်းကို ဦးတည်၍မရဘဲ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ယှဉ်တွဲဆောင်ရွက်နေရသည်။

“ပြည်နယ်အစိုးရအနေနဲ့ ဖြေရှင်းဆောင်ရွက်နေတဲ့ ကိစ္စတွေများတယ်၊ ဖွံ့ဖြိုးတိုးတက်ရေးကို ချည်း ဦးစားပေးလုပ်လို့ မရဘူး၊ ပြည်တွင်းပြည်ပက ဧည့်သည်တွေကလည်း ကျွန်တော်တို့ ပြည်နယ်ကို လာနေတဲ့အတွက်လည်း ပြည်နယ်အစိုးရအနေနဲ့ လိုက်လံပြသနေရတယ်၊ ထင်သလောက် ခရီးမပေါက်ဘူး၊ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ ပူးပေါင်းမှု အားနည်းနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်” ဟု ဒေသခံ ဦးကိုကိုလေးက ၎င်း၏အမြင်ကို ပြောသည်။

**အလုပ်အကိုင် အခွင့်အလမ်း**

အလားတူ စာရေးဆရာမ ခိုင်နှင်းစံက “ပြည်နယ်အစိုးရအနေနဲ့ အခု ဘူးသီးတောင်၊ မောင်တောကို ဦးစားပေးနေရတယ်၊ တခြားနေရာတွေက တည်ငြိမ်အေးချမ်းတယ်၊ အဲဒီနေရာတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတယ်၊ ဖွံ့ဖြိုးတိုးတက်လာမယ်လို့လည်း ခံယူတယ်၊ ဒါပေမယ့် ဒီခေတ်က အားလုံးအလုပ်လုပ်မှ စီးပွားရေး အဆင်ပြေတဲ့ခေတ်ဖြစ်တဲ့အတွက် ပြည်နယ်ထဲက လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖော်ဆောင်ပေးစေချင်တယ်၊ ဆယ်တန်းအောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ၊ ဘွဲ့ရရ၊ မရရ ထိုက်တန်တဲ့အလုပ်လေးတွေနဲ့ အဆင်ပြေစေချင်တယ်” ဟု အကြံပြုပြောကြားသည်။

“အကြမ်းဖက်မှု ဖြစ်စဉ်တွေကြောင့် မတည်ငြိမ်မှုတွေ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တယ်၊ ဒီအတွက် IDP Camp တွေ ဖြစ်ပေါ်လာတယ်၊ ဒါတွေက ရခိုင်ပြည်နယ်အတွက် ကြီးလေးတဲ့ တာဝန်တွေပါ၊ စိန်ခေါ်မှုတွေ အများကြီးပါ၊ သဘာဝဘေးအန္တရာယ်တွေကြောင့်၊ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးကို တာထွက်တာနဲ့စပြီး မလုပ်နိုင်ဘူး၊ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက ဖွံ့ဖြိုးတိုးတက်ရေးကို သွားနေပေမယ့် ကျွန်တော်တို့မှာ တည်ငြိမ်ရေးကိုလည်း ဆောင်ရွက်နေရတဲ့အတွက် ဖွံ့ဖြိုးတိုးတက်ရေးကလည်း အတိုင်းအတာတစ်ခုအထိ နောက်ကျန်ခဲ့တယ်လို့ ပြောလို့ရပါတယ်၊ ဒါပေမယ့် ရခိုင်ပြည်နယ် တိုးတက်ဖို့အတွက် တတ်အားသမျှ ကြိုးစားဆောင်ရွက်သွားမှာပါ” ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် နှစ်နှစ်တာကာလအတွင်း မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေ မြို့နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်များတွင် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် Cyclone Shelter ၁၄ လုံးကို အသစ်တည်ဆောက်ပေးနိုင်ခဲ့သည်။

“ရခိုင်ပြည်နယ်ရဲ့ ဘတ်ဂျက်အသုံးစရိတ်အနေနဲ့ သာမန်နဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ကို ပြောမယ်ဆိုရင် ၂၀၁၅-၂၀၁၆ မှာ ၁၄၄ ဒသမ ၆ ဘီလီယံကျော် သုံးစွဲနိုင်ပါတယ်၊ ၂၀၁၆-၂၀၁၇ မှာ ၁၅၆ ဒသမ ၃၅ ဘီလီယံ တိုးတက်သုံးစွဲလာနိုင်ပါတယ်၊ ၂၀၁၇-၂၀၁၈ မှာ ၁၉၃ ဒသမ ၀၉၀ ဘီလီယံအထိ ထပ်မံတိုးတက်သုံးစွဲလာနိုင်ပါတယ် ” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲကာ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး စသဖြင့် ကဏ္ဍတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ***အချပ်ပို (ဆ) သို့***

**“ ပြည်နယ်အစိုးရအနေနဲ့ အခု ဘူးသီးတောင်၊ မောင်တောကို ဦးစားပေးနေရတယ်၊ တခြားနေရာတွေက တည်ငြိမ်အေးချမ်းတယ်၊ အဲဒီနေရာတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတယ်၊ ဖွံ့ဖြိုးတိုးတက်လာမယ်လို့လည်း ခံယူတယ်၊ ဒါပေမယ့် ဒီခေတ်က အားလုံးအလုပ်လုပ်မှ စီးပွားရေး အဆင်ပြေတဲ့ ခေတ်ဖြစ်တဲ့အတွက် ပြည်နယ်ထဲက လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်း တွေ ဖော်ဆောင်ပေးစေချင်တယ်”**



အသုတ် - ၇ ဓာတ်အားလိုင်းကြိုးများ သွယ်တန်းထားသည်ကို တွေ့ရစဉ်။

*အချပ်ပို (၈) မှ*

ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဆောင်ရွက်မှုအပေါ် “ပညာရေးကဏ္ဍမှာဆိုရင် စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တွေကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ တောင်ကုတ်မှာဆိုရင် ကောလိပ်ကို ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ကျောင်းတွေ ထပ်မံတည်ဆောက်**

“အခြေခံပညာအဆင့်မှာလည်း ကျောင်းတွေ ထပ်မံတည်ဆောက်တယ်၊ ပြုပြင် ပြင်ဆင်မွမ်းမံတယ်၊ အထက်တန်းကျောင်း ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၇၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၄ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

“ကျန်းမာရေးကဏ္ဍအနေနဲ့ စစ်တွေမြို့နယ်ပြည်သူ့ဆေးရုံမှာ ခုတင် ၂၀၀ ဆံ့ ဆေးရုံကနေ ခုတင် ၅၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တယ်၊ ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကို ခုတင် ၁၀၀ ဆံ့ကနေ ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့တယ်၊ ပြည်နယ်အတွင်းက ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ခြောက်ရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံတွေအဖြစ် တိုးမြှင့်နိုင်ခဲ့ပါတယ်။

**ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်**

“ဒါ့အပြင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၁ ရုံကိုလည်း အသစ်ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ မြောင်းဘွေ တိုက်နယ်ဆေးရုံကိုလည်း အင်ဒိုနီးရှားနိုင်ငံရဲ့ လှူဒါန်းထောက်ပံ့မှုနဲ့ နိုင်ငံတကာအဆင့်မီ တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ သားဖွားဆရာမ ၁၃၆ ဦးကို ခန့်ထားပေးနိုင်ခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အဖွဲ့ ရသေ့တောင် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။




**UEHRD ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် MPT သုံးစွဲသူများမှ ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် SMS ဖြင့် ပေးပို့လှူဒါန်းထားသော လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံရယူစဉ်။**

**“ပြည်နယ်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် ဇွန်လတွင် ဘူးသီးတောင်မြို့နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ ”**

ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၁၂၂၂ ဒသမ ၉၂၅ သန်းဖြင့် ကွန်ကရစ်လမ်း ၄၉/၄ မိုင်၊ အမာခံလမ်း ၄/၁ မိုင်၊ ကျောက်စီမြေထိန်းနံရံ ပေ ၂၂၅၆၀၊ ပေ ၁၈၀ အထက်တံတား ၁၂ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၆၆ စင်းကို ဆောင်ရွက်ခဲ့သည်။

**တံတားငါးစင်း ဖွင့်လှစ်နိုင်ခဲ့**

ရခိုင်ပြည်နယ် စစ်တွေမြို့မှ မောင်တောမြို့သို့ ကားဖြင့် တိုက်ရိုက်သွားလာနိုင်ရန် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းနှင့် လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတား ငါးစင်းကို ၁-၄-၂၀၁၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်နယ်အစိုးရအနေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရပြီး မေယုတောင်ကျော်လမ်းများဖြစ်သည့် ကျောက်ပန္နူ-အင်းဒင် - စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်းများကိုလည်း ဖောက်လုပ်လျက်ရှိသည်။

မေယုတောင်တန်း အရှေ့ဘက်ရှိ ဘူးသီးတောင်-အငူမော်လမ်းနှင့် မေယုတောင်တန်း အနောက်ဘက်ရှိ မောင်တော-အလယ်သံကျော်-အငူမော်လမ်းများကို ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းများ ပြီးစီးသွားပါက ပြည်နယ်အတွင်း အကောင်အထည်ဖော်နေသည့် ကညင်ချောင်း စီးပွားရေးဇုန်ကို အထောက်အပံ့ပေးနိုင်တော့မည်ဖြစ်သည်။

ပြည်နယ်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် ဇွန်လတွင် ဘူးသီးတောင်မြို့နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို (၉) သို့*




စေတနာ့ဝန်ထမ်းလူငယ်များ မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ ကူညီနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

**“ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ကာ နှစ်နှစ်တာကာလကို ဖြတ်ကျော်ခဲ့ပြီး တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသေးသည့် သုံးနှစ်တာကာလတွင်လည်း ပြည်နယ်အတွက် အကောင်းဆုံး ပုံဖော်ဆောင်ရွက်သွားမည် ”**



၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းရည်မှန်းချက် အဆိုပြုချက်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

*အချပ်ပို (ဆ) မှ*

“လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍမှာ မအီ ဓာတ်အားခွဲစက်ရုံကို ၁၂-၂-၂၀၁၇ ရက်နေ့မှာ ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပါတယ်၊ မင်းပြား ဓာတ်အားခွဲစက်ရုံကို ၁၉-၂-၂၀၁၇ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့တယ်၊ ဂွမြို့နယ်ဓာတ်အားခွဲရုံကို ၃-၆-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ပါတယ်၊ ပေါက်တောမြို့နယ် ဓာတ်အားခွဲရုံကို ၂-၁၀-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ပါတယ်၊ မြေပုံမြို့နယ် ဓာတ်အားခွဲရုံကို ၁-၁၀-၂၀၁၇ ရက်နေ့မှာ ဓာတ်အား ပို့လွှတ်နိုင်ပါတယ်၊ တပ်တောင် ဓာတ်အားခွဲရုံကို ၁-၁၂-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ပါတယ်၊ ကမ်းဒေါင့်ကြီး ဓာတ်အားခွဲရုံကို ၁-၁၂-၂၀၁၇ ရက်နေ့မှာ ဓာတ်အား ပို့လွှတ်နိုင်ပါတယ်၊ အခုနောက်ဆုံး ၂၆-၃-၂၀၁၈ ရက်နေ့မှာ ရသေ့တောင် ဓာတ်အားခွဲရုံကို ဖွင့်လှစ်ထားတယ်၊ ဆက်လက်ပြီး မောင်တောဒေသကို ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်နေတယ်၊ ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးနိုင်အောင်လို့ပါ၊ ဘူးသီးတောင်မြို့နယ် ဓာတ်အားခွဲရုံ တည်ဆောက်တဲ့လုပ်ငန်းကတော့ ၁၈ ဒသမ ၉၆ ရာခိုင်နှုန်း ပြီးနေပါပြီ၊ မောင်တောမှာဆို ဓာတ်အားခွဲရုံ တည်ဆောက်မှုက ၃ ဒသမ ၁၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်၊ ၂၀၁၈ ခုနှစ် ဇွန်လကုန်မှာ ဘူးသီးတောင်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှာ မောင်တောကို ၂၄ နာရီ လျှပ်စစ်မီး ဖြန့်ဝေနိုင်တော့မှာဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**ကြိုးပမ်းဆောင်ရွက်**

“ပြည်နယ်အစိုးရအနေနဲ့ အလေးထားဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုလည်း ရှိပါတယ်၊ ဒါက မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာဖြစ်ပါတယ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကြိုးပမ်းပြီး ဖမ်းဆီးဆောင်ရွက်ခဲ့တဲ့အတွက် WY စိတ်ကြွရူးသွပ်ဆေးပြား ၃၅ သန်းကျော် ဖမ်းဆီးရမိပါတယ်၊ ဒီဖြစ်စဉ်တွေအတွက် တရားခံ ၃၉၉ ဦးကိုလည်း ဖမ်းဆီးရမိပါတယ်၊ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်နယ်မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး လျော့ပါးကင်းစင်အောင်လည်း အစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။




ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်မှ စံထားဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့် ဆွေးနွေးပွဲကို စစ်တွေမြို့၌ ကျင်းပစဉ်။



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ကို တွေ့ရစဉ်။

**မြစိမ်းရောင်စီမံကိန်း**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းကို ပြည်နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသည်။

**၃၂၇၇ ဧက တိုင်းတာပေးနိုင်**

“စိုက်ပျိုးရေးကဏ္ဍအနေနဲ့ စပါးစိုက်ပျိုးဖို့ ဧကပေါင်း ၂၀၀၁၂ ဧကကို ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့တယ်၊ မြေလွတ်မြေလပ် လုပ်ပိုင်ခွင့်ကိုလည်း တောင်သူ ၂၂၂ ဦးကို ၁၃၄၁ ဧကအထိ ခွင့်ပြုပေးခဲ့ပါတယ်၊ ကျေးရွာမြေငှားဂရန်တွေ ရရှိဖို့ကို ၄၈၁ ဧက၊ ကျေးရွာပေါင်း ၁၇ ရွာကို တိုင်းတာပေးနိုင်ခဲ့ပါတယ်၊ မြို့ ငါးမြို့ကို အကွက်ပေါင်း ၇၂ ကွက်အထိ ရိုက်ပြီးတော့ ဧကပေါင်း ၃၂၇၇ ဧက တိုင်းတာပေးနိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

**ဖြေရှင်းဆောင်ရွက်**

ပြည်နယ်အစိုးရအနေဖြင့် သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်သည့် အမှုတွဲ ၁၀၆ တွဲကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

“လယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခံရမှုနဲ့ပတ်သက်ရင် ဗဟိုကို ပေးပို့ထားတဲ့ အမှုတွဲပေါင်းက ၂၇၆ တွဲ ရှိပါတယ်၊ ဒီထဲက ၁၀၆ တွဲကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ ကျန်တဲ့ ၁၄၆ တွဲကို ဆက်လက်ဖြေရှင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်၊ ဒီထဲက ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ အသုံးပြုဖို့ မရှိတော့တဲ့ စွန့်လွှတ်မြေတွေကို ပြန်လည်အပ်နှံတဲ့နေရာမှာ တပ်ရင်းတပ်ဖွဲ့ ၂၈ ခုကနေ ဧက ၂၄၅၄ ဧကကို ဗဟိုကော်မတီကို ပြန်လည်လွှဲပြီးဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**တစ်ပြိုင်နက်တည်း ဆောင်ရွက်**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ကာ နှစ်နှစ်တာကာလကို ဖြတ်ကျော်ခဲ့ပြီး တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသေးသည့် သုံးနှစ်တာကာလတွင်လည်း ပြည်နယ်အတွက် အကောင်းဆုံး ပုံဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။